ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မဂ်ဖိုလ်အကျိုးကိုရနိုင်၏။ ထိုသို့ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၂)

၁၃၈၁ ခုနှစ်၊ ဝါဆိုလဆန်း ၁၁ ရက်၊ သောကြာနေ့။ Friday, 12 July 2019 ၄၇၀၈

# ၂၀၁၉ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပ

## ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အဖွင့်အမှာစကား ပြောကြား




ဒုတိယသမ္မတ ဦးမြင့်ဆွေ ၂၀၁၉ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် အခမ်းအနားတွင် အဖွင့်အမှာစကား ပြောကြားစဉ်။

**နေပြည်တော် ဇူလိုင် ၁၁**

၂၀၁၉ ခုနှစ် ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ ကျင်းပရာ ဒုတိယသမ္မတဦးမြင့်ဆွေ တက်ရောက်အဖွင့်အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာဖေမြင့်၊ ဒေါက်တာအောင်သူ၊ ဦးသိန်းဆွေ၊ ဒေါက်တာမျိုးသိမ်းကြီး၊ ဒေါက်တာဝင်းမြတ်အေး၊ နိုင်သက်လွင်နှင့် ဦးကျော်တင်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်း၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံအမတ်ကြီးများနှင့် သံတမန်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ သူနာပြုနှင့် သားဖွားဆရာမများ၊ ကျောင်းသားကျောင်းသူများ၊ နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်းများ(INGOs) နှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများ(NGOs)များမှ ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**လျင်မြန်စွာတိုးပွားလာ**

အခမ်းအနားတွင် ဒုတိယသမ္မတ ဦးမြင့်ဆွေက ယနေ့ ကမ္ဘာပေါ်တွင် လူဦးရေသန်းပေါင်း ၇၇၀၀ ကျော်ရှိနေပြီး ၂၀၃၀ ပြည့်နှစ်တွင် လူဦးရေသန်းပေါင်း ၈၅၀၀ ခန့်ရှိလာမည်ဟု ခန့်မှန်းထားပါကြောင်း၊ ဆင်းရဲသည့်နိုင်ငံများတွင် လူဦးရေ လျင်မြန်စွာတိုးပွားနေသောကြောင့် နောက်ဆက်တွဲစိန်ခေါ်မှုများစွာကိုလည်း ရင်ဆိုင်နေကြရပါကြောင်း၊ လူဦးရေ လျင်မြန်စွာတိုးပွားလာခြင်းသည် ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုးမှုပန်းတိုင်များကို အရောက်လှမ်းနိုင်ရန် အဟန့်အတားများထဲမှ တစ်ခုဖြစ်ပါကြောင်း။

မိသားစုစီမံကိန်းရေးဆွဲဆောင်ရွက်ခြင်းဖြင့် လူတစ်ဦးချင်းစီ၏ အခွင့်အရေးများကို မြှင့်တင်ပေးနိုင်ပြီး ဆင်းရဲနွမ်းပါးမှုကို လျှော့ချနိုင်ပါကြောင်း၊ ပညာရေး၊ ကျန်းမာရေးနှင့် ကျား၊ မ သာတူညီမျှရှိစေရေးစသည့် လူမှုဘဝဖွံ့ဖြိုးတိုးတက်မှုများ ရရှိလာစေရန်အတွက် များစွာ ထိရောက်စေမည်ဖြစ်ပါကြောင်း။

စာမျက်နှာ ၃ ကော်လံ ၁ သို့

ကြေးမုံ ယနေ့ ဖတ်စရာ

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ် မြေပုံမြို့နယ်အတွင်းရှိ ပြန်လည်နေရာချထားရေးစခန်းတွင် နေထိုင်သူများနှင့်တွေ့ဆုံ စာမျက်နှာ » ၇

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ရှမ်းပြည်နယ်အတွင်းရှိ နိုင်ငံရေးပါတီများ တွေ့ဆုံဆွေးနွေးပွဲ ကျင်းပ စာမျက်နှာ » ၁၁



ကြေးမုံ

# လူသတ္တဝါများအတွက် ရေအရင်းအမြစ်

မြစ်ချောင်းများအတွင်းမှ ရေအရင်းအမြစ်သည် ပြည်သူများဘဝအတွက် အဘက်ဘက်တွင် အလွန်အရေးကြီးပါသည်။ နေ့စဉ်နှင့်အမျှ ရေနှင့် ဆက်နွှယ်နေသည့် ပြည်သူများအနေဖြင့် ကျန်းမာရေး၊ လူမှုဘဝရှင်သန်ရေး၊ ဘေးကင်းလုံခြုံရေးအတွက် အလွန်အရေးကြီးပါသည်။ မြစ်၊ ချောင်းများအတွင်းမှ ရေသံသရာသည် ပြည်သူများဘဝနှင့်ဆက်နွှယ်မှုရှိသဖြင့် မြစ်၊ချောင်းများ ကောင်းမွန်သန့်ရှင်းရေးအတွက် ဝိုင်းဝန်းလုပ်ဆောင်ရမည်ဖြစ်သည်။

အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ ရှေ့လုပ်ငန်းစဉ်ညှိနှိုင်းအစည်းအဝေး(၂/ ၂၀၁၉)ကို ဇူလိုင်လ ၉ ရက်နေ့က နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ရေနှင့်ဆက်နွှယ်သည့်ကဏ္ဍများ ဖွံ့ဖြိုးတိုးတက်စေရန်၊ ရေအရင်းအမြစ်များကို ထိရောက်စွာစီမံခန့်ခွဲရေးနှင့် အကျိုးရှိစွာအသုံးချနိုင်ရန်၊ ရေအရင်းအမြစ်ကဏ္ဍဆိုင်ရာလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်မှုများနှင့်ပတ်သက်၍ ဝိုင်းဝန်းဆောင်ရွက်ရေးတို့ကို ဆွေးနွေးခဲ့သည်။

ရေအရင်းအမြစ်များကို စီမံခန့်ခွဲဆောင်ရွက်ရာတွင် မြစ်၊ချောင်းများ စီးဆင်းမှုကောင်းမွန်ရေးနှင့် သန့်ရှင်းရေးသည် ပြည်သူများအတွက် များစွာအကျိုးသက်ရောက်ပြီး ဆက်စပ်မှုရှိသည်။ ယခုကဲ့သို့ မိုးရာသီကာလများတွင် မြစ်ချောင်းများတွင် မိုးရေစီးဆင်းမှုကောင်းမွန်ပါမှ ရေကြီးရေလျှံဖြစ်ပွားမှု လျော့နည်းသက်သာစေမည် ဖြစ်သည်။ ထို့အပြင် မြစ်၊ချောင်းများ သန့်ရှင်းကောင်းမွန်ပါမှ သောက်သုံးရေ၊ စိုက်ပျိုးရေများကို စိတ်ချလက်ချ အသုံးပြုနိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ဧရာဝတီမြစ်ကြီးသည် အဓိကပင်မအသက်သွေးကြောကြီးသဖွယ်ဖြစ်ပြီး ထိုမြစ်ကြီးသည် မြန်မာပြည်သူများအတွက် အဓိကအသုံးဝင်သော မြစ်ကြီးဖြစ်သည်။ ယခုအခါ ဧရာဝတီမြစ်ကြီး မသန့်ရှင်းမှု၊ တိမ်ကောလာမှုများကြောင့် လူသတ္တဝါများ နစ်နာမှုရှိလာသည်ဟု ကြားသိရသည်။ စစ်တမ်းများအရ နေ့စဉ် ပလတ်စတစ်တန်ချိန် ၁၁၉ တန်ကို ဧရာဝတီမြစ်အတွင်း စွန့်ပစ်လျက်ရှိပြီး ၂၀၁၇ ခုနှစ် ကမ္ဘာ့အညစ်ညမ်းဆုံးမြစ်စာရင်းတွင် ဧရာဝတီမြစ်သည် အဆင့် (၉) ဖြစ်နေကြောင်း သိရသည်။

ဧရာဝတီမြစ်ကြီးတစ်လျှောက်လုံးတွင် ပလတ်စတစ်အမှိုက်စွန့်ပစ်မှုမှာ ထိုပမာဏမျှရှိနေပြီး ရန်ကုန်မြစ်အတွင်း၌ နေ့စဉ်အမှိုက် ၂၉ တန် စီးဝင်လျက်ရှိသည်။ မြစ်အတွင်း၌ ရေသန့်ဘူးကဲ့သို့ အမာပစ္စည်းများ၊ တစ်ခါသုံး ပလတ်စတစ်အိတ်ခွံများ၊ ပလတ်စတစ်ဖော့ဘူးများ အများဆုံး ပါဝင်လျက်ရှိသည်။ အဆိုပါ ပလတ်စတစ်နှင့် သက်ဆိုင်သောပစ္စည်းများသည် သဘာဝပတ်ဝန်းကျင်နှင့်သက်ရှိတိရစ္ဆာန်တို့ကို ထိခိုက်ပျက်စီးမှုဖြစ်စေသည်။ မြစ်ချောင်းအတွင်း ကျင်လည်ကျက်စားလျက်ရှိသော ရေနေသတ္တဝါများ၊ ငှက်နှင့်နို့တိုက်သတ္တဝါများ အသက်ရှူမွန်းကျပ်မှုဖြစ်စေသည်။ ၎င်းအမှိုက်များသည် ဧရာဝတီမြစ်အတွင်းရှိ ဇီဝမျိုးစုံမျိုးကွဲများနှင့် ကမ်းရိုးတန်းတစ်လျှောက်နှင့်အဏ္ဏဝါဂေဟစနစ်ကို ခြိမ်းခြောက်နေပြီဖြစ်သည်။

ထို့အပြင် ရေမှတစ်ဆင့် အစာကွင်းဆက်အတွင်းသို့ စုပ်ယူဝင်ရောက်လာသော ပလတ်စတစ်ညစ်ညမ်းမှုသည် ရေချိုနှင့်အဏ္ဏဝါအစားအစာများအပေါ်တွင် သက်ရောက်မှုရှိလာပြီး ယင်းညစ်ညမ်းမှုသည် လူသန်းပေါင်းများစွာအပေါ် ကျန်းမာရေးအရ ထိခိုက်မှုရှိမည်ဖြစ်သည်။ လက်ရှိတွင် အများပြည်သူကျန်းမာရေးအပေါ် ရေရှည်ထိခိုက်မှု ရှိ၊မရှိ မသိနိုင်သေးသော်လည်း ပလတ်စတစ်နှင့်ဆက်စပ်လျက်ရှိသော ရေနှင့်အစားအစာများကို လူတို့နေ့စဉ်သုံးစွဲလျက်ရှိရာ ပလတ်စတစ်ဓာတ်ပြုမှုရှိသော ရေနှင့်အစားအစာများကို စားသုံးလျှင် လူတို့အတွက် ရေရှည်တွင် ကျန်းမာရေးထိခိုက်မှုဖြစ်စေမည်မှာ အမှန်ဖြစ်သည်။

သို့ဖြစ်ရာ လူမှုဘဝဖွံ့ဖြိုးတိုးတက်မှုဖြစ်စဉ်တွင် ပလတ်စတစ်နှင့် သက်ဆိုင်သည့် ထုပ်ပိုးပစ္စည်းများမှာ တွင်ကျယ်စွာနေရာယူထားပြီး ယင်းပစ္စည်းများ မြစ်ကြောင်းများအတွင်း ဤမျှရောက်ရှိနေသည်မှာ အမှန်ဖြစ်၍ လူနှင့်သတ္တဝါများ ကျန်းမာရေးအတွက် ယင်းပြဿနာကို အဖြေရှာ ဖြေရှင်းကြရတော့မည်ဖြစ်သည်။ အရင်းခံ ဇာစ်မြစ် ပလတ်စတစ်ထုပ်ပိုးပစ္စည်းများ သုံးစွဲမှုလျှော့ချရေးကို အဖြေရှာပြီး မြစ်၊ ချောင်းများ သန့်ရှင်းရေးကို ဝိုင်းဝန်းလက်တွဲကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ ။

# ပညာရေးဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**နေပြည်တော် ဇူလိုင် ၁၁**

ပညာရေးဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် နေပြည်တော် ပျဉ်းမနားမြို့ အခြေခံပညာမူလတန်းကျောင်း (ဘောဂဝတီ)၌ ကျင်းပသည်။




သစ်ပင်စိုက်ပျိုးပွဲတွင် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီးက မဟော်ဂနီပင်နှင့် ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ကံ့ကော်ပင်တို့ကို စိုက်ပျိုးကြပြီး ညွှန်ကြားရေးမှူးချုပ်များ၊ ဌေ့သည်တော်များနှင့် ကျောင်းသား ကျောင်းသူများက သစ်ပင်ပန်းမန်များကို စိုက်ပျိုးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ကျောင်းသား ကျောင်းသူများ သစ်ပင်စိုက်ပျိုးနေမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ယနေ့ကျင်းပသည့် ပညာရေးဝန်ကြီးဌာန သစ်ပင်စိုက်ပွဲတွင် မဟော်ဂနီ၊ ကံ့ကော်၊ ခရေ၊ ပိတောက်၊ ကျွန်း၊ ပျဉ်းကတိုးစသော ရတနာတန်းဝင်အပင်များနှင့် အခြားသစ်ပင်ပန်းမန်များကို စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မန္တလေး ယူနန်ဗုဒ္ဓဘာသာဘုရားကျောင်းမှ သံဃာအပါး ၃၂၅၀ တို့အား (၈) ကြိမ်မြောက် ဝါတွင်းကာလ ဆွမ်းလောင်းလှူမည်

**မန္တလေး ဇူလိုင် ၁၁**

မန္တလေးမြို့ ယူနန်ဗုဒ္ဓဘာသာဘုရားကျောင်း ဂေါပကအဖွဲ့က ကြီးမှူး၍ (၈) ကြိမ်မြောက် ဝါတွင်းကာလ ဥပုသ်နေ့တိုင်း ဆွမ်းကြီးလောင်းလှူပွဲကို ဇူလိုင်လ ၁၆ ရက် (ဝါဆိုလပြည့်နေ့) မှစ၍ လမ်း ၈၀၊ ၃၁ လမ်းနှင့် ၃၂ လမ်းကြားရှိ ယူနန်ဗုဒ္ဓဘာသာဘုရားကျောင်းရှေ့တွင် စုပေါင်းလောင်းလှူကြမည်ဖြစ်ကြောင်း သိရသည်။

ယခုနှစ် (၈)ကြိမ်မြောက် လောင်းလှူရာတွင် ဝါဆိုလပြည့်နေ့၌ မစိုးရိမ်ကျောင်းတိုက်မှ သံဃာအပါး ၂၅၀၊ ဝါဆိုလပြည့်ကျော် ၈ ရက်နေ့၌ မဟာဝိသုဒ္ဓါရုံ တိုက်သစ်မှ သံဃာအပါး ၂၅၀၊ ဝါဆိုလကွယ်နေ့၌ မစိုးရိမ်တိုက်သစ်မှ (ပထမအကြိမ်) သံဃာအပါး ၂၅၀၊ ဝါခေါင်လဆန်း ၈ ရက်နေ့၌ ငွေတောင်ကျောင်းနှင့် ကင်းဝန်မင်းကြီးကျောင်းတိုက်တို့မှ သံဃာ ၇၅ ပါးစီ၊ ယဉ်ပုံကျောင်းတိုက်မှ သံဃာအပါး ၄၀၊ အကောက်ဝန်ကျောင်းတိုက်မှ သံဃာအပါး ၆၀၊ ဝါခေါင်လပြည့်နေ့၌ မစိုးရိမ်တိုက်သစ်မှ (ဒုတိယအကြိမ်) သံဃာအပါး ၂၀၀၊ မျိုးချစ်ကျောင်း (မန်းတောင်ခြေ)မှ သံဃာအပါး ၅၀၊ ဝါခေါင်လပြည့်ကျော် ၈ ရက်နေ့၌ မဟာဝေယံဘုံသာကျောင်းတိုက်မှ သံဃာအပါး ၁၀၀၊ ဒဟတ္တောကျောင်း၊ ပတ္တမြားကျောင်း၊ သင်္ဂဇာကျောင်းတိုက်တို့မှ သံဃာအပါး ၅၀ စီ၊ ဝါခေါင်လကွယ်နေ့၌ မိုးကောင်းကျောင်းတိုက်မှ သံဃာအပါး ၂၅၀၊ တော်သလင်းလဆန်း ၈ ရက်နေ့၌ အနောက်ထီးလင်းနှင့် ဝွေးချိုကျောင်းတိုက်တို့မှ သံဃာ ၁၂၅ ပါးစီ၊ တော်သလင်းလပြည့်နေ့၌ အနောက်ခင်မကန်တိုက်မှ သံဃာအပါး ၂၀၀၊ ရတနာပုဂံတိုက်မှ သံဃာအပါး ၅၀၊ တော်သလင်းလပြည့်ကျော် ၈ ရက်နေ့၌ စကုကျောင်းတိုက်မှ သံဃာ အပါး ၁၅၀၊ ချမ်းသာကြီးတောင်ကျောင်းတိုက်မှ သံဃာအပါး ၁၀၀၊ တော်သလင်းလကွယ်နေ့၌ တောင်သမန်ကျောင်းမှ သံဃာ အပါး ၅၀၊ ဆူးခါးကျောင်းမှ သံဃာ ၁၀ ပါး၊ မြင်းဝန်တိုက်မှ သံဃာအပါး ၁၅၀၊ ပုဂံအတွင်းဝန်ကျောင်းမှ သံဃာအပါး ၄၀၊ သီတင်းကျွတ်လဆန်း ၈ ရက်နေ့၌ ပေါင်းလဲတိုက်မှ သံဃာအပါး ၁၀၀၊ ငါးဆူကျောင်း၊ ပေါက်မြိုင်ကျောင်းနှင့် ရေပန်းကျောင်းတို့မှ သံဃာအပါး ၅၀ စီ၊ သီတင်းကျွတ်လပြည့်နေ့၌ မြတောင်ကျောင်းတိုက်မှ သံဃာအပါး ၂၅၀ တို့အား လောင်းလှူကြမည်ဖြစ်သည်။

ယူနန်ဗုဒ္ဓဘာသာဘုရားကျောင်း ဂေါပကအဖွဲ့က ကြီးမှူး၍ ၂၀၁၂ ခုနှစ်မှ စတင်ပြီး ဝါတွင်းကာလ ဥပုသ်နေ့ နံနက်တိုင်း သံဃာအပါး ၂၅၀ တို့အား စုပေါင်း လောင်းလှူခဲ့ရာ နှစ်စဉ်သံဃာအပါး ၃၂၅၀ တို့အား ပင့်ဖိတ်လောင်းလှူနိုင်ခဲ့ကြောင်း သိရသည်။

၀၀၂

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် ဇူလိုင် ၁၁**

ရန်ကုန်(ရွှေဈေး) ၁၁၃၃၅၀၀ - ၁၁၃၃၅၀၀ မန္တလေး(ရွှေဈေး) ၁၁၃၃၅၀၀ - ၁၁၃၃၅၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၈၈၀/၉၁၅ ကျပ် | ၉၃၅/၉၄၅ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၈၅၀/၈၉၅ ကျပ် | ၉၅၀/၉၆၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၇၀/၈၀၅ ကျပ် | ၈၄၅/၈၇၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၈၉၀/၉၂၅ ကျပ် | ၉၅၀/၉၆၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၆၀/၈၇၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၆၀/၈၈၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၇၆၅/၇၇၅ ကျပ်

**(မြန်မာနိုင်ငံစက်သုံးဆီအသင်း)**

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = ၁၅၁၂.၀ |
| (ခ) | ဥရောပ | တစ်ယူရို | = ၁၇၀၄.၅ |
| (ဂ) | တရုတ် | တစ်ယွမ် | = ၂၂၀.၂၀ |
| (ဃ) | ထိုင်း | တစ်ဘတ် | = ၄၉.၄၀၄ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = ၃၆၇.၄၈ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = ၂၂.၁၀၄ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = ၁၃၉၉.၂ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = ၁၂၈.၈၂ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = ၁၀၅၅.၁ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = ၁၁၁၅.၇ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှရယူသည်**

ကြေးမုံ
စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးကိုမင်း ဒေါ်စန်းယဉ်ဥ၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း၊ ဦးအေးမင်းသူ
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀) ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ Mirror Established in 1957
၁၉၅၇ ခုနှစ်တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၉၉၄၂၇



## ကိုယ့်ဝတ္တရားကိုယ် ကျေပွန်အောင်ထမ်းဆောင်

**အစိုးရအရာထမ်း၊ အမှုထမ်းတွေဟာ မိမိတို့အပေါ်ကို တရားသဖြင့် ကျရောက်လာတဲ့ တာဝန်ဝတ္တရားတွေကို လူထုနဲ့ တိုင်းပြည်မျက်နှာကိုထောက်ထားပြီး ပြတ်ပြတ်သားသားဆောင်ရွက်စေချင်တယ်။ ဒီလိုမှ ပြတ်ပြတ်သားသား မဆောင်ရွက်ဝံ့ကြရင်လည်း ဆောင်ရွက်ဝံ့တဲ့လူတွေကို နေရာဖယ်ပေးကြစေချင်တယ်။ အစိုးရအမှုထမ်း၊ အရာထမ်းဆိုတာ အမှန်စင်စစ်တော့ ကိုယ့်ဝတ္တရားကိုယ် ကျေပွန်အောင် ထမ်းဆောင်ဖို့ပဲ။ ကိုယ့်ဝတ္တရားကိုယ်ကျေပွန်ရင် ဘယ်သူ့မှလည်း ကြောက်ဖို့မလိုဘူး၊ ဘယ်သူကမှလည်း လက်ဖျားနဲ့မှ မတို့နိုင်ဘူးဆိုတာ မှတ်ထားကြပါ။**

(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၇ ခုနှစ်၊ ဧပြီလ ၅ ရက်နေ့ အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ပြည်ထောင်စုဝန်ကြီးများ ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ် ပြခန်းငယ်များကို လှည့်လည်ကြည့်ရှုကြစဉ်။

○ **ရှေ့ဖုံးမှ**

လက်ရှိကမ္ဘာ့နိုင်ငံများတွင် လူဦးရေဆုလာဘ်ရရှိနေသည့် နိုင်ငံများရှိသကဲ့သို့ လူဦးရေတိုးပွားမှု နည်းလွန်းခြင်းကြောင့် သက်ကြီးလူဦးရေများပြားလာပြီး လုပ်သားအင်အားရှားပါးလာမှု၊ လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ငွေကြေးခွဲဝေသုံးစွဲမှု စသည့် ပြဿနာများကို ရင်ဆိုင်နေရသည့် နိုင်ငံများလည်းရှိနေပါကြောင်း။

**စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အားဖြည့်ပေးနိုင်**

လူဦးရေဆုလာဘ်ကို အကျိုးရှိစွာ အသုံးချနိုင်မည်ဆိုပါက စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အားဖြည့်ပေးနိုင်ပါကြောင်း၊ ထို့ပြင် ရွှေ့ပြောင်းသွားလာနေထိုင် အလုပ်လုပ်ကိုင်မှု မြင့်မားနေခြင်းသည် နိုင်ငံတစ်နိုင်ငံ၏ လူဦးရေပြောင်းလဲမှုတွင် အဓိကကျသည့် အကြောင်းအရာတစ်ခုဖြစ်ပါကြောင်း။

ထို့ကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးတွင် ကမ္ဘာလုံးဆိုင်ရာအနေဖြင့်ဖြစ်စေ၊ နိုင်ငံတစ်နိုင်ငံချင်းအနေဖြင့်ဖြစ်စေ အရေးတကြီး ဦးစားပေး ဖြေရှင်းရမည့် လူဦးရေဆိုင်ရာ အကြောင်းအရာများကို ဂရုပြုအာရုံစိုက်မိလာစေရန်နှင့် အလေးထား အကောင်အထည်ဖော် ဆောင်ရွက်လာစေရန် **ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ် အခမ်းအနား**များကို ကမ္ဘာ့နိုင်ငံအသီးသီးတွင် နှစ်စဉ် ကျင်းပကြပါကြောင်း၊ မြန်မာနိုင်ငံတွင်လည်း ကမ္ဘာ့လူဦးရေနေ့ အခမ်းအနားကို ၁၉၉၀ ပြည့်နှစ်က စတင်ကျင်းပခဲ့ရာ ယခုနှစ်ဆိုလျှင် အကြိမ်(၃၀)မြောက် ဖြစ်ပါကြောင်း။

**ကမ္ဘာ့လူဦးရေနေ့အဖြစ် သတ်မှတ်**

ကမ္ဘာ့လူဦးရေသန်း ၅၀၀၀ ပြည့်ခဲ့သည့် ၁၉၈၇ ခုနှစ် ဇူလိုင် ၁၁ ရက်ကို **ကမ္ဘာ့လူဦးရေနေ့**အဖြစ် ကုလသမဂ္ဂက သတ်မှတ်ပေးခဲ့ပြီး ၁၉၈၉ ခုနှစ်မှစပြီး ယခုလို အခမ်းအနားများ ကျင်းပလာခဲ့ပါကြောင်း၊ ကမ္ဘာနဲ့အဝန်း ကျင်းပနိုင်ရန်အတွက် ကမ္ဘာ့လူဦးရေနေ့ ဆောင်ပုဒ်များကို ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့က နှစ်စဉ်သတ်မှတ်ပေးခဲ့ရာ ယခုနှစ် ဆောင်ပုဒ်သည် **ကတိကဝတ်များကို အရှိန်အဟုန်မြှင့် ဖြည့်ဆည်းလို့ (၂၅)နှစ်မြောက် ICPD ကို ဂုဏ်ပြုစို့ (25 years of the ICPD: Accelerating the promise)** ဖြစ်ပါကြောင်း။

အဆိုပါဆောင်ပုဒ်သည် ယခုနှစ် နိုဝင်ဘာလတွင် ကင်ညာနိုင်ငံ နိုင်ရိုဘီမြို့တွင် ကျင်းပပြုလုပ်မည့် (၂၅) နှစ်မြောက် လူဦးရေနှင့် ဖွံ့ဖြိုးမှုဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ညီလာခံ အထိမ်းအမှတ်အခမ်းအနား၏ ဆောင်ပုဒ်လည်းဖြစ်ပါကြောင်း။

ယခုနှစ် ကမ္ဘာ့လူဦးရေနေ့ဆောင်ပုဒ်၏ အဓိကဦးတည်ချက်သည် ၁၉၉၄ ခုနှစ်က အီဂျစ်နိုင်ငံ ကိုင်ရိုမြို့တွင် ကျင်းပပြုလုပ်ခဲ့သည့် **လူဦးရေနှင့် ဖွံ့ဖြိုးမှုဆိုင်ရာ နိုင်ငံတကာညီလာခံ (International Conference on Population and Development -ICPD)** က ချမှတ်ခဲ့သည့် ရေ့လုပ်ငန်းစဉ်များကို ညီလာခံကျင်းပပြီးခဲ့သည့်(၂၅)နှစ်တာကာလအတွင်း အကောင်အထည်ဖော်ဆောင်နိုင်မှုနှင့်ပတ်သက်ပြီး ပြန်လည်သုံးသပ်ရန်နှင့် အရှိန်အဟုန်ဖြင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်ဖြစ်ပါကြောင်း၊ အဓိကဆောင်ရွက်ရမည့်ကဏ္ဍများသည် မျိုးဆက်ပွားကျန်းမာရေး၊ အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေးနှင့် ကျား၊ မ တန်းတူညီမျှမှုရရှိရေးတို့ပင်ဖြစ်ပါကြောင်း။

**၅၈ ရာခိုင်နှုန်းအထိ တိုးတက်**

မျိုးဆက်ပွားကျန်းမာရေးကဏ္ဍတွင် ကမ္ဘာလုံးဆိုင်ရာ အချက်အလက်များအရ ၁၉၉၄ ခုနှစ်တွင် **ခေတ်မီသားဆက်ခြားနည်းလမ်းသုံးစွဲမှုနှုန်း**သည် ၅၂ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၁၉ ခုနှစ်တွင် ၅၈ ရာခိုင်နှုန်းအထိ တိုးတက်လာသည်ကို တွေ့ရှိရပါကြောင်း။

ဖွံ့ဖြိုးမှုအားနည်းသော နိုင်ငံများတွင်ရှိသည့် အမျိုးသမီးများ၏ ခေတ်မီသားဆက်ခြားနည်းလမ်း အသုံးပြုမှုသည် ၁၉၉၄ ခုနှစ်တွင် ၁၅ ရာခိုင်နှုန်းသာရှိခဲ့ရာမှ ၂၀၁၉ ခုနှစ်တွင် ၃၇ ရာခိုင်နှုန်းအထိ တိုးတက်သုံးစွဲလာသည့်အတွက် ကောင်းမွန်သည့် တိုးတက်မှုတစ်ခုပင်ဖြစ်ပါကြောင်း။

ထို့ပြင် **ကလေးမွေးဖွားမှုနှုန်း**တွင်လည်း ကမ္ဘာပေါ်တွင် ၁၉၉၄ ခုနှစ်က အမျိုးသမီးတစ်ဦးလျှင် ကလေး ၂ ဒသမ ၉ ဦးနှုန်း မွေးဖွားခဲ့ရာမှ ၂၀၁၉ ခုနှစ်တွင် ကလေး ၂ ဒသမ ၅ ဦးနှုန်းအထိ ကျဆင်းလာခဲ့ပါကြောင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ၁၉၉၄ ခုနှစ်၌ အမျိုးသမီးတစ်ဦးလျှင် ကလေး ၅ ဒသမ ၆ ဦးနှုန်း မွေးဖွားခဲ့ရာက ၂၀၁၉ ခုနှစ်တွင် ၃ ဒသမ ၉ ဦးနှုန်းအထိ သိသိသာသာ ကျဆင်းလာခဲ့ပါကြောင်း။

ထို့အတူ **ကိုယ်ဝန်ဆောင်မိခင်သေဆုံးမှုနှုန်း** ကိုလည်း လျှော့ချနိုင်ခဲ့ပြီး ၁၉၉၄ ခုနှစ်၌ အရှင်မွေး ကလေးတစ်သိန်းတွင် ကိုယ်ဝန်ဆောင်မိခင် ၃၆၉ ဦး သေဆုံးခဲ့ရာမှ ၂၀၁၅ ခုနှစ်၌ ကိုယ်ဝန်ဆောင်မိခင် ၂၁၆ ဦးခန့်သာ သေဆုံးသည်ကို တွေ့ရှိရပါကြောင်း။

**မြန်မာနိုင်ငံ၏ လူဦးရေဆိုင်ရာ ဖြစ်ပေါ်တိုးတက်ပြောင်းလဲမှုများ**အနေဖြင့် ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်း အချက်အလက်များကို အခြေခံပြီး လူဦးရေ ခန့်မှန်းတွက်ချက်မှုအရ ၂၀၁၉ ခုနှစ်တွင် လူဦးရေ ၅၄ သန်းကျော်ရှိပြီး ၂၀၃၀ ပြည့်နှစ်တွင် ၅၉ သန်းကျော်ခန့် ရှိနိုင်မည်ဟု ခန့်မှန်းထားပါကြောင်း၊ လက်ရှိတွင် လူဦးရေဆုလာဘ်ကို ရရှိနေသည့်အတွက် ထိထိမိမိ အသုံးချနိုင်ရန်နှင့် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများတွင် လူငယ်များ၏ အင်အားကို ထိထိရောက်ရောက် ထည့်သွင်းအသုံးချရန် လိုအပ်သကဲ့သို့ အနာဂတ်တွင် သက်ကြီးလူဦးရေ များပြားလာမည်ဖြစ်သည့်အတွက် လူမှုကာကွယ်စောင့်ရှောက်ရေးစနစ် အားကောင်းလာစေရန် ကြိုတင်ပြင်ဆင်ထားရန် လိုအပ်ပါကြောင်း။

**အလေးထား အကောင်အထည်ဖော်**

မြန်မာနိုင်ငံသည် ICPD တွင် စတင်လက်မှတ်ရေးထိုးချိန်မှစပြီး လုပ်ငန်းလမ်းညွှန်ချက်များကို အလေးထား အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါကြောင်း၊ မိခင်သေဆုံးမှု လျော့ကျစေရေး ဆောင်ရွက်မှုအနေဖြင့် ၁၉၉၀ ပြည့်နှစ်က အရှင်မွေးကလေးတစ်သိန်းတွင် မိခင်သေဆုံးမှု ၄၅၃ ဦး၊ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ အရှင်မွေးကလေးတစ်သိန်းတွင် မိခင်သေဆုံးမှု ၂၈၂ ဦး ရှိခဲ့ပြီး

**စာမျက်နှာ ၄ သို့** ○

**မြန်မာနိုင်ငံ၏ လူဦးရေဆိုင်ရာ ဖြစ်ပေါ်တိုးတက်ပြောင်းလဲမှုများအနေဖြင့် ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအချက်အလက်များကို အခြေခံပြီး လူဦးရေ ခန့်မှန်းတွက်ချက်မှုအရ ၂၀၁၉ ခုနှစ်တွင် လူဦးရေ ၅၄ သန်းကျော်ရှိပြီး ၂၀၃၀ ပြည့်နှစ်တွင် ၅၉ သန်းကျော်ခန့် ရှိနိုင်မည်ဟု ခန့်မှန်းထားပါကြောင်း၊ လက်ရှိတွင် လူဦးရေဆုလာဘ်ကို ရရှိနေသည့်အတွက် ထိထိမိမိ အသုံးချနိုင်ရန်နှင့် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများတွင် လူငယ်များ၏ အင်အားကို ထိထိရောက်ရောက် ထည့်သွင်းအသုံးချရန် လိုအပ်**

## ပြည်တွင်းရေးရာ

❍ စာမျက်နှာ ၃ မှ

၂၀၁၅-၂၀၁၆ မြန်မာနိုင်ငံ လူနေမှုဘဝနှင့် ကျန်းမာရေးဆိုင်ရာ အခြေခံအချက်အလက်စစ်တမ်းအရ အရှင်မွေးကလေးတစ်သိန်းတွင် မိခင်သေဆုံးမှု ၁၇၈ ဦးအထိ ကျဆင်းသွားသည်ကို တွေ့ရှိရပြီး ကိုယ်ဝန်ဆောင်မိခင်သေဆုံးနှုန်းအနေဖြင့် မြင့်မားနေဆဲဖြစ်သည်ကို တွေ့ရပါကြောင်း။

**မူဝါဒများ ပြင်ဆင်ရေးဆွဲ**

မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ အခွင့်အရေးများကို လက်လှမ်းမီစေရေးအတွက် မြန်မာနိုင်ငံ၏ ပထမဆုံးသော **အမျိုးသားအဆင့်လိင်မှုဆိုင်ရာနှင့် မျိုးဆက်ပွားဆိုင်ရာ ကျန်းမာရေးနှင့် အခွင့်အရေးများ (Sexual and Reproductive Health and Rights)** နှင့် စပ်လျဉ်းပြီး မူဝါဒများ ပြင်ဆင်ရေးဆွဲလျက်ရှိပါကြောင်း။

မြန်မာနိုင်ငံတွင် သားဆက်ခြားကျန်းမာရေး စောင့်ရှောက်မှုနှင့် အမျိုးသမီးများ၏ ဘဝအဆင့်အတန်းမြှင့်တင်နိုင်ရန်အတွက် ကမ္ဘာလုံးဆိုင်ရာ ပူးပေါင်းဆောင်ရွက်သည့် **မိသားစုကျန်းမာရေးစီမံကိန်း ၂၀၂၀ (Family Planning 2020)** ကို ၂၀၁၃ ခုနှစ် နိုဝင်ဘာလက ကတိကဝတ်ပြုခဲ့ပါကြောင်း၊ အိမ်ထောင်သည်အမျိုးသမီးများအတွင်း **သားဆက်ခြားဆေးဝါး သုံးစွဲမှုနှုန်း**သည် ၁၉၉၁ ခုနှစ်တွင် ၁၆ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၁၅-၂၀၁၆ မြန်မာနိုင်ငံလူနေမှုဘဝနှင့် ကျန်းမာရေးဆိုင်ရာ အခြေခံအချက်အလက်စစ်တမ်းအရ ၅၁ ရာခိုင်နှုန်းအထိ တိုးတက်လာသော်လည်း လိုအပ်ချက်များရှိနေဆဲဖြစ်ပါကြောင်း။

အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်တင်နိုင်ရန်အတွက် အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်းများကို ချမှတ်ဆောင်ရွက်လျက်ရှိရာတွင် ယခုလက်ရှိ ၂၀၁၃ - ၂၀၂၂ စီမံကိန်းအနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အမျိုးသမီးများအား နည်းမျိုးစုံနှင့် ခွဲခြားမှုဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ် (CEDAW)ကိုလည်း ၁၉၉၇ ခုနှစ်တွင် ပါဝင်လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း ၂၀၁၈-၂၀၃၀ တွင် ကျား၊ မနှင့် အမျိုးသမီးအခွင့်အရေးများ ထည့်သွင်းထားသည်ကို ထင်ထင်ရှားရှားတွေ့ရမည်ဖြစ်ပါကြောင်း။

**ဖိတ်ခေါ်ဆောင်ရွက်**

မျိုးဆက်ပွားကျန်းမာရေး၊ အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေးနှင့် ကျား၊ မ တန်းတူညီမျှမှု ရရှိရေး စသည့်ကဏ္ဍများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်နေသည့်မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများ၊ ဥပဒေသစ်များ ပေါ်ပေါက်လာနိုင်စေရန်နှင့် ရှိပြီးသည်များကိုလည်း လက်ရှိအခြေအနေနှင့် လိုက်လျောညီထွေဖြစ်အောင် ပြင်ဆင်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ပြည်တွင်း၊ ပြည်ပမှ ဆက်စပ်အဖွဲ့အစည်းများ ပါဝင်လာစေရေးအတွက် ဖိတ်ခေါ်ဆောင်ရွက်နေသကဲ့သို့ မိမိတို့အစိုးရဝန်ကြီးဌာနများကလည်း အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် မှတ်ယူဆောင်ရွက်ကြရန်လိုအပ်ပါကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက **ကတိကဝတ်များကို အရှိန်အဟုန်မြှင့် ဖြည့်ဆည်းလို့ (၂၅) နှစ်မြောက် ICPD ကို ဂုဏ်ပြုစို့ (25 years of the ICPD: Accelerating the promise) ဆောင်ပုဒ်**နှင့်စပ်လျဉ်းသည့် အချက်အလက်များကို Power Point ဖြင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂဌာနေညှိနှိုင်းရေးမှူး၊ လူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးမှူး Mr. Knut Ostby က ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ် အခမ်းအနား ကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မိသားစုစီမံကိန်းနှင့်ပတ်သက်သည့် ဗီဒီယိုနှင့် ၂၀၁၉ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ဆောင်ပုဒ်ဖြစ်သည့် **ကတိကဝတ်များကို အရှိန်အဟုန်မြှင့် ဖြည့်ဆည်းလို့ (၂၅) နှစ်မြောက် ICPD ကိုဂုဏ်ပြုစို့ (25 years of the ICPD: Accelerating the promise) ဆောင်ပုဒ်**နှင့်ပတ်သက်သည့် Animation Video Clip ကို ပြသသည်။

ယင်းနောက် Association of Francois-Xavier Bagnoud ( AFXB Myanmar ) လူငယ်အဖွဲ့က **ငွေရတုသဘင်ညီလာဆင်**ကဗျာကို ရွတ်ဆိုကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**လှည့်လည်ကြည့်ရှု**

အခမ်းအနားအပြီးတွင် ဒုတိယသမ္မတသည် ပြည်ထောင်စုဝန်ကြီးများ၊ အခမ်းအနားသို့ တက်ရောက်လာကြသည့် ဧည့်သည်တော်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး ခန်းမအတွင်း ခင်းကျင်းပြသထားသည့် ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ်ပြခန်းငယ်များကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် ဒုတိယပိုင်းအစီအစဉ်များကို ဆက်လက်ကျင်းပပြီး လူဦးရေနှင့် ဖွံ့ဖြိုးမှုဆိုင်ရာ နိုင်ငံတကာညီလာခံမတိုင်မီ အခြေအနေနှင့် ညီလာခံနောက်ပိုင်း မြန်မာနိုင်ငံ၏ ပြောင်းလဲသွားသော အခြေအနေများနှင့်ပတ်သက်၍ အမျိုးသမီးများ၊ လူငယ်များ၏ သဘောထားအမြင်များကို ဆွေးနွေးခြင်း၊ မေးခွန်းများမေးမြန်းခြင်းနှင့် ပြန်လည်ဖြေကြားခြင်းတို့ကို ဆောင်ရွက်ကြသည်။ **သတင်းစဉ်**

# ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီအစည်းအဝေး (၂၄/၂၀၁၉) ကျင်းပ

**နေပြည်တော် ဇူလိုင် ၁၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီအစည်းအဝေး(၂၄/၂၀၁၉)ကို ယနေ့နံနက် ၁၀ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုလွှတ်တော်ဒုတိယနာယက ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင် (ခ) ဦးထွန်းထွန်းဟိန်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီဒုတိယဥက္ကဋ္ဌ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပူးပေါင်းကော်မတီအတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုး၊ တွဲဖက်အတွင်းရေးမှူး ဦးဌေးဝင်းအောင်(ခ)ဦးပြုံးချို၊ အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံရေးပါတီများမှ လွှတ်တော်ကိုယ်စားလှယ်များနှင့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုလွှတ်တော်ရုံးမှ တာဝန်ရှိသူများတက်ရောက်ကြသည်။

**သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင် တရုတ်သံအမတ်ကြီးအား လက်ခံတွေ့ဆုံ



**နေပြည်တော် ဇူလိုင် ၁၁**

နယ်စပ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်သည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ချန်းဟိုင်အား ယနေ့ နံနက် ၁၁ နာရီတွင် ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေး၊ နယ်စပ်ဒေသရှိ တိုင်းရင်းသားလူငယ်လူရွယ်များ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ နယ်စပ်ဒေသရှိ ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များကို အကောင်အထည်ဖော် ဆောင်ရွက်ပေးနေသည့် အခြေအနေ၊ နိုင်ငံတော်အစိုးရ အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ပြည်တွင်းငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နေရပ်စွန့်ခွာ ရွှေ့ပြောင်း ဒုက္ခသည်များအား ပြန်လည်လက်ခံနိုင်ရေး၊ မြန်မာနိုင်ငံမြောက်ပိုင်းရှိ နှစ်နိုင်ငံ နယ်နိမိတ်ထိစပ်နေသော ရှမ်းပြည်နယ်နှင့် ကချင်ပြည်နယ်များ၌ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ရေး၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ နယ်စပ်ဒေသဖွံ့ဖြိုးရေး စီမံကိန်းများ ဆောင်ရွက်နိုင်ရန်အတွက် နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် ပူးပေါင်း၍ တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၁၀ သန်းဖြင့် သုံးနှစ်အတွက် စုစုပေါင်း အမေရိကန်ဒေါ်လာ သန်း ၃၀ ထောက်ပံ့ ကူညီပေးရေးဆိုင်ရာကိစ္စနှင့် နှစ်နိုင်ငံ ရေရှည်ဆက်လက်ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။ **သတင်းစဉ်**







**သစ်တောတွေစိမ်း ရေမြေထိန်း ဖွံ့ဖြိုးကမ္ဘာ လွှန်ရှည်ကြာ**

## တပ်မတော်သား ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တစ်ဦး အစားထိုးပြောင်းလဲ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် (၁၁၆/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ ဝါဆိုလဆန်း ၁၀ ရက်
( ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက် )

**တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦး အစားထိုးပြောင်းလဲခြင်း**

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ဒုတိယအကြိမ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကို အမည်စာရင်း ပြောင်းလဲလိုကြောင်း ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၁၅-၅-၂၀၁၈ ရက်စွဲပါ ကော်မရှင်၏ကြေညာချက်အမှတ် (၆၁/၂၀၁၈) တွင် ဖော်ပြထားသည့် အောက်ဖော်ပြပါ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ယှဉ်တွဲပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည်-

| | | |
|---|---|---|
| ကြည်း ၂၈၆၆၆ | **အစား** | ကြည်း ၁၉၇၆၈ |
| ဒုတိယဗိုလ်မှူးကြီး | | ဒုတိယဗိုလ်မှူးကြီး |
| သန့်ဇော် | | သန်းဦးလွင် |

(လှသိန်း)
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## မီတာခတက်သော်လည်း မကွေးမြို့၌ စည်ပင် ရေမီတာခများ တိုးကောက်ရန် အစီအစဉ် မရှိသေး

**မကွေး ဇူလိုင် ၁၁**

လျှပ်စစ်ဝန်ကြီးဌာန၏ မီတာခယူနစ်နှုန်း တိုးမြှင့်သတ်မှတ်မှု မြင့်တက်လာခဲ့သော်လည်း မကွေးမြို့အတွင်း ရေဖြန့်ဝေရေးလုပ်ငန်းဆိုင်ရာ ရေမီတာခနှုန်းထားများကို တိုးမြှင့်ကောက်ခံရန် လတ်တလော အစီအစဉ်မရှိသေးကြောင်း မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ သိရသည်။

"လက်ရှိကတော့ ရေခွန်တိုးကောက်ဖို့ အစီအစဉ်မရှိသေးဘူး။ ရေရှည်မှာ အရှုံးပြလာရင်တော့ အစိုးရအဖွဲ့ကို တင်ပြပြီးမှ ဘယ်လိုစီစဉ်ဆောင်ရွက်ရမယ်ဆိုတာ စည်ပင်ကော်မတီက ဆုံးဖြတ်ပါမယ်"ဟု မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်မြတ်က ပြောသည်။

စည်ပင်သာယာရေးအဖွဲ့၏ မီတာခကုန်ကျငွေမှာ (အခွန်နှုန်းဟောင်းအရ) တစ်လ ကျပ်သိန်း ၁၅၀ ပျမ်းမျှဖြစ်ပြီး မြို့တော်ခန်းမ၊ ဈေးနှင့် ပန်းခြံများအတွက် ကျပ် သိန်း ၂၀ ကျော်၊ လမ်းမီးများအတွက် ကျပ် ၂၃ သိန်းကျော်နှင့် စက်ရေတွင်းများလည်ပတ်ရန် ကျပ် ၁၀၃ သိန်းကျော် မီတာခွန်ပေးဆောင်နေရသည်။

"ဘတ်ဂျက်မှာက မီတာခွန်ကို နှုန်းထားဟောင်းနဲ့ပဲ ဆွဲထားတာ။ ဘတ်ဂျက်ပြီးဖို့က သုံးလလိုသေးတယ်။ ဒီကာလမှာတော့ အခွန်ရငွေနဲ့ မီတာခကွာခြားချက်အရှုံးကို ရင်ဆိုင်ရမှာပဲ။ အခြားအခွန်ရငွေတွေကနေ စိုက်သုံးရမယ့် သဘောပါ။ တည်ဆောက်ရေးလုပ်ငန်းတွေအတွက် နည်းနည်းတော့ လျော့သွားလိမ့်မယ်"ဟု အမှုဆောင်အရာရှိ ဦးမြင့်မြတ်က သုံးသပ်ပြောသည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၌ စည်ပင်ဝင်ငွေခွန်အရပ်ရပ်အား ငွေကျပ်သန်း ၁၅၈၀ ကျော် ကောက်ခံရရှိရန် လျာထားပြီး မကွေးမြို့ရှိ လမ်း၊ တံတား၊ ရေပေးဝေရေး စသည့် တည်ဆောက်ရေးလုပ်ငန်းများအတွက် တိုင်းဒေသကြီးအစိုးရ ထောက်ပံ့ငွေနှင့် စည်ပင်ဝင်ငွေများမှ ငွေကျပ် သန်း ၁၃၀၀ ကျော် အသုံးပြုသွားမည်ဖြစ်သည်။

မကွေးမြို့ရှိ ဌာနဆိုင်ရာများတွင် ရေမီတာများ တပ်ဆင်အသုံးပြုလျက်ရှိပြီး ဘုန်းကြီးကျောင်းနှင့် စာသင်တိုက်ကြီးအချို့အတွက် ရေအခမဲ့ လှူဒါန်းဖြန့်ဝေမှုများလည်း ဆက်လက်လုပ်ဆောင်နေကြောင်း၊ ရေမီတာ တစ်ယူနစ် ကျပ် ၅၀၀ နှုန်းဖြင့် ရေတိုင်ပေါင်း ၃၅၇၁ တိုင်၊ တစ်လ ကျပ် ၆၅၀၀နှုန်းဖြင့် ရေတိုင်ပေါင်း ၉၄ တိုင် စုစုပေါင်း ရေတိုင် ၃၆၆၅ တိုင်ကို ပြည်သူများက သုံးစွဲနေပြီး လပေးရေတိုင်များကိုလည်း ရေမီတာပြောင်းလဲတပ်ဆင်မှုများ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ သိရသည်။

**ဇေယျတု(မကွေး)**

## ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၁၁၈/၂၀၁၉ )**

၁၃၈၁ ခုနှစ်၊ ဝါဆိုလဆန်း ၁၀ ရက်
( ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက် )

**ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ (Chin National League For Democracy Party ) ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၅)ရပ်ကွက်၊ ပြည်ထောင်စုလမ်းမ၊ အမှတ် (၁၀၉၇)တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ ( Chin National League For Democracy Party )** ကို ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ (Chin National League For Democracy Party )** ၏ မှတ်ပုံတင်အမှတ်သည် (၁၁၆) ဖြစ်ပါသည်။

(လှသိန်း)
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားခြင်းကို ပယ်ဖျက်၍ ပါတီအားဖျက်သိမ်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၁၁၉/၂၀၁၉ )**

၁၃၈၁ ခုနှစ်၊ ဝါဆိုလဆန်း ၁၀ ရက်
( ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက် )

**နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားခြင်းကို ပယ်ဖျက်၍ ပါတီအားဖျက်သိမ်းခြင်း**

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် **ချင်းအမျိုးသားဒီမိုကရက်တစ်ပါတီ (Chin National Democratic Party)** ကို မှတ်ပုံတင်အမှတ် (၂၁)၊ ၂၇-၅-၂၀၁၀ ရက်စွဲပါ ကြေညာချက်အမှတ် (၆၀/၂၀၁၀) ဖြင့် လည်းကောင်း၊ **ချင်းတိုးတက်ရေးပါတီ (Chin Progressive Party )** ကို မှတ်ပုံတင်အမှတ် (၂၆)၊ ၁-၆-၂၀၁၀ ရက်စွဲပါ ကြေညာချက်အမှတ် (၆၆/၂၀၁၀) ဖြင့် လည်းကောင်း၊ **ချင်းဒီမိုကရေစီအဖွဲ့ချုပ်ပါတီ**ကို မှတ်ပုံတင်အမှတ် (၇၅)၊ ၁၅-၇-၂၀၁၄ ရက်စွဲပါ ကြေညာချက်အမှတ် (၂၅/၂၀၁၄) ဖြင့် လည်းကောင်း နိုင်ငံရေးပါတီများအဖြစ် မှတ်ပုံတင်ခွင့်ပြုခဲ့ပါသည်။

၂။ **ချင်းအမျိုးသားဒီမိုကရက်တစ်ပါတီ (Chin National Democratic Party)**၊ **ချင်းတိုးတက်ရေးပါတီ (Chin Progressive Party )**နှင့် **ချင်းဒီမိုကရေစီအဖွဲ့ချုပ်ပါတီ**တို့ပူးပေါင်း၍ ပါတီတစ်ခုတည်းအဖြစ် ဖွဲ့စည်းပြီး ပါတီလုပ်ငန်းများဆောင်ရွက်လိုပါသဖြင့် **ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ (Chin National League For Democracy Party)** အဖြစ် မှတ်ပုံတင်ခွင့်ပြုပါရန် လျှောက်ထားခဲ့ရာ ကော်မရှင်က လိုအပ်သလို စိစစ်ပြီး **ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ (Chin National League For Democracy Party)**ကို မှတ်ပုံတင်အမှတ် (၁၁၆)၊ ၁၁-၇-၂၀၁၉ ရက်စွဲပါကြေညာချက်အမှတ်(၁၁၈/၂၀၁၉)ဖြင့် မှတ်ပုံတင်ခွင့်ပြုပါသည်။ ထိုသို့မှတ်ပုံတင်ခွင့်ပြုခဲ့သည့်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၂၅ အရ **ချင်းအမျိုးသားဒီမိုကရက်တစ်ပါတီ (Chin National Democratic Party )**၊ **ချင်းတိုးတက်ရေးပါတီ (Chin Progressive Party)** နှင့် **ချင်းဒီမိုကရေစီအဖွဲ့ချုပ်ပါတီ**တို့ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းမှ ပယ်ဖျက်၍ ပါတီများကိုဖျက်သိမ်းရမည် ဖြစ်ပါသည်။ ထိုသို့ ဖျက်သိမ်းလိုက်သောပါတီများ၏ ပါတီတစ်ခုချင်းစီပိုင် ပါတီပိုင်ပစ္စည်းများအားလုံးကို **ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ (Chin National League For Democracy Party)** ပိုင်ပစ္စည်းများအဖြစ် စာရင်းပြောင်းလက်ခံရယူဆောင်ရွက်သွားရမည် ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တွင် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားသည့် **ချင်းအမျိုးသားဒီမိုကရက်တစ်ပါတီ (Chin National Democratic Party)**၊ **ချင်းတိုးတက်ရေးပါတီ (Chin Progressive Party)** နှင့် **ချင်းဒီမိုကရေစီအဖွဲ့ချုပ်ပါတီ**တို့ကို ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်နေ့မှစ၍ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းအားပယ်ဖျက်၍ ပါတီကိုလည်းဖျက်သိမ်းကြောင်း ကြေညာလိုက်သည်။

(လှသိန်း)
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## မွန်ညီညွတ်ရေးပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၁၂၀/၂၀၁၉ )**

၁၃၈၁ ခုနှစ်၊ ဝါဆိုလဆန်း ၁၀ ရက်
( ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက် )

**မွန်ညီညွတ်ရေးပါတီ (Mon Unity Party )ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ မြိုင်သာယာရပ်ကွက်၊ (၂၂)လမ်း၊ အမှတ်(၃၂၄)တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **မွန်ညီညွတ်ရေးပါတီ (Mon Unity Party)** ကို ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**မွန်ညီညွတ်ရေးပါတီ (Mon Unity Party)** ၏ မှတ်ပုံတင်အမှတ်သည် (၁၁၇) ဖြစ်ပါသည်။

(လှသိန်း)
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားခြင်းကို ပယ်ဖျက်၍ ပါတီအားဖျက်သိမ်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၁၂၁/၂၀၁၉ )**

၁၃၈၁ ခုနှစ်၊ ဝါဆိုလဆန်း ၁၀ ရက်
( ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက် )

**နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားခြင်းကိုပယ်ဖျက်၍ ပါတီအားဖျက်သိမ်းခြင်း**

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် **မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီ**ကို မှတ်ပုံတင်အမှတ် (၁၃)၊ ၂၄-၅-၂၀၁၀ ရက်စွဲပါ ကြေညာချက်အမှတ် (၅၁/၂၀၁၀) ဖြင့် လည်းကောင်း၊ **မွန်အမျိုးသားပါတီ (Mon National Party)**ကို မှတ်ပုံတင်အမှတ် (၅၈)၊ ၁၀-၇-၂၀၁၂ရက်စွဲပါ ကြေညာချက်အမှတ် (၃၄/၂၀၁၂) ဖြင့်လည်းကောင်း နိုင်ငံရေးပါတီများအဖြစ် မှတ်ပုံတင်ခွင့်ပြုခဲ့ပါသည်။

၂။ **မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီ**နှင့် **မွန်အမျိုးသားပါတီ ( Mon National Party)** တို့ပူးပေါင်း၍ ပါတီတစ်ခုတည်းအဖြစ် ဖွဲ့စည်းပြီး ပါတီလုပ်ငန်းများ ဆောင်ရွက်လိုပါသဖြင့် **မွန်ညီညွတ်ရေးပါတီ (Mon Unity Party)** အဖြစ် မှတ်ပုံတင်ခွင့်ပြုပါရန် လျှောက်ထားခဲ့ရာ ကော်မရှင်က လိုအပ်သလိုစိစစ်ပြီး **မွန်ညီညွတ်ရေးပါတီ (Mon Unity Party)** ကို မှတ်ပုံတင်အမှတ် (၁၁၇)၊ ၁၁-၇-၂၀၁၉ ရက်စွဲပါ ကြေညာချက်အမှတ် (၁၂၀/၂၀၁၉)ဖြင့် မှတ်ပုံတင်ခွင့်ပြုပါသည်။ ထိုသို့ မှတ်ပုံတင်ခွင့်ပြုခဲ့သည့်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေ ၂၅ အရ **မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီ**နှင့် **မွန်အမျိုးသားပါတီ (Mon National Party)**တို့ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းမှ ပယ်ဖျက်၍ ပါတီများကို ဖျက်သိမ်းရမည်ဖြစ်ပါသည်။ ထိုသို့ ဖျက်သိမ်းလိုက်သောပါတီများ၏ ပါတီတစ်ခုချင်းစီပိုင် ပါတီပိုင်ပစ္စည်းများအားလုံးကို **မွန်ညီညွတ်ရေးပါတီ (Mon Unity Party)** ပိုင်ပစ္စည်းများအဖြစ် စာရင်းပြောင်းလက်ခံရယူဆောင်ရွက်သွားရမည် ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တွင် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားသည့် **မွန်ဒေသလုံးဆိုင်ရာဒီမိုကရေစီပါတီ**နှင့် **မွန်အမျိုးသားပါတီ ( Mon National Party)** တို့ကို ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်နေ့မှစ၍ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းအား ပယ်ဖျက်၍ ပါတီကိုလည်း ဖျက်သိမ်းကြောင်း ကြေညာလိုက်သည်။

(လှသိန်း)
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# အို - ရာပြည့်မိခင် ရန်ကုန်တက္ကသိုလ်

စိန်မောင်တင်

မြန်မာနိုင်ငံ၏ ပညာရေးသမိုင်းတွင် အဆင့်မြင့်ပညာ သင်ကြားရေးအတွက် အင်္ဂလိပ်ကိုလိုနီ အစိုးရလက်ထက်၌ ပထမဆုံး တည်ထောင်ဖွင့်လှစ်ခဲ့သော ကျောင်းသည် ရန်ကုန်တက္ကသိုလ်ဖြစ်သည်။

**စတင်ဖွင့်လှစ်**

အင်္ဂလိပ်ကိုလိုနီအစိုးရသည် ၁၈၅၂ ခုနှစ်၌ ဒုတိယအကြိမ် အင်္ဂလိပ်-မြန်မာစစ်ပွဲအပြီး အောက်မြန်မာနိုင်ငံကို သိမ်းပိုက်၍ ရန်ကုန်မြို့၌ ကာလကတ္တားတက္ကသိုလ် လက်အောက်ခံဖြစ်သော ရန်ကုန်ကောလိပ် (Rangoon College) ကို ၁၈၇၈ ခုနှစ်၌ စတင်ဖွင့်လှစ်ခဲ့သည်။ ၁၉၀၆ ခုနှစ်၌ အစိုးရကောလိပ် (Government College) ဟူ၍လည်းကောင်း၊ ၁၉၂၀ ပြည့်နှစ် မတိုင်မီ ကာလ၌ ယူနီဗာစတီကောလိပ်ဟူ၍ အဆင့်ဆင့် ပြောင်းလဲဖွင့်လှစ်ခဲ့သည်။ ၁၉၂၀ ပြည့်နှစ်၌ ရန်ကုန်တက္ကသိုလ် အက်ဥပဒေပြဋ္ဌာန်း၍ ယူနီဗာစတီကောလိပ်နှင့် ဂျပ်ဆင်ကောလိပ်တို့ကို ရန်ကုန်တက္ကသိုလ် လက်အောက်ခံ ကောလိပ်များအဖြစ်ထားရှိပြီး သီးခြားလွတ်လပ်သော တက္ကသိုလ်အဖြစ် ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၁ ရက်နေ့တွင် စတင်တည်ထောင်ဖွင့်လှစ်ခဲ့သည်။ အဆိုပါ တက္ကသိုလ်ကို စတင်ဖွင့်လှစ်ပြီး ဒီဇင်ဘာလ ၅ ရက်နေ့၌ပင် တက္ကသိုလ်ကျောင်းသား ကျောင်းသူကြီးများက ယင်းအက်ဥပဒေအား လက်မခံနိုင်၍ မကျေနပ်သောကြောင့် ထိုသူတို့ကိုယ်တိုင် ဦးဆောင်သပိတ်မှောက်ခဲ့သည်။ အထက်ပါကျောင်းသားသပိတ်ကြီးနှင့်အတူ ပေါက်ဖွားလာသည်မှာ "အမျိုးသားကျောင်း"များဖြစ်သည်။

ထိုစဉ်က "အမျိုးသားကောလိပ်" ဟူ၍ ထူထောင်ခဲ့သော်လည်း အကြောင်းကြောင်းကြောင့် ရေရှည်မရပ်တည်နိုင်ခဲ့ပေ။ သို့ရာတွင်ဗမာပြည်၏ အနယ်နယ်အရပ်ရပ်ရှိ အမျိုးသားကျောင်းများသည် ၁၉၆၅ ခုနှစ် ဧပြီလ ၁ ရက်နေ့၌ တော်လှန်ရေးကောင်စီ အစိုးရက ကျောင်းများအားလုံးကို ပြည်သူပိုင်သိမ်းသည့် အချိန်တိုင်အောင် ရှင်သန်ရပ်တည်လျက် မျိုးချစ်စိတ်ဓာတ်ပြည့်ဝ၍ တိုင်းပြည်အကျိုးဆောင်ရွက်နိုင်သည့် ပုဂ္ဂိုလ်အများအပြားကို မွေးထုတ်ပေးနိုင်ခဲ့သည်။

**နှစ်တစ်ရာပြည့်အခါသမယသို့**

၂၀၂၀ ပြည့်နှစ်တွင် ရန်ကုန်တက္ကသိုလ်၊ မြန်မာ့ရုပ်ရှင်၊ မြို့မအမျိုးသားကျောင်းတို့သည် နှစ်တစ်ရာပြည့်အချိန်အခါသမယသို့ ရောက်ရှိပေတော့မည်။ မြန်မာ့ရုပ်ရှင်ခရီး နှစ်တစ်ရာပြည့်အကြို အစီအစဉ်များကို မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ဦးဆောင်၍ စတင်လှုပ်ရှား ဆောင်ရွက်နေဆဲဖြစ်သည်။ ထို့အတူ ရန်ကုန်မြို့ရှိ မြို့မအမျိုးသားအထက်တန်းကျောင်းနှင့် မြို့မအမျိုးသမီးအထက်တန်းကျောင်း အ.ထ.က(၂)ဒဂုံနှင့် အ.ထ.က(၃)ဒဂုံ တို့ကလည်း ရာပြည့်သဘင်အကြိုအဖြစ် ၂၀၁၇ ခုနှစ်ကတည်းက စတင်လှုပ်ရှားဆောင်ရွက်လျက်ရှိပါသည်။ ၂၀၁၈ ခုနှစ် နိုဝင်ဘာလ ၁၈ ရက်နေ့ ရန်ကုန်မြို့ မြို့မအမျိုးသားအထက်တန်းကျောင်း - အ.ထ.က(၂)ဒဂုံမြို့နယ်၌ ရန်ကုန်မြို့ပြ အမွေအနှစ်အဖွဲ့ (Yangon Heritage Trust) က အပြာရောင်ကမ္ပည်းပြား (The Blue Plaque) ကို တပ်ဆင်ခဲ့သည်။ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၂ ရက် (အမျိုးသားနေ့)၌ပင် ရာပြည့်အကြို အခမ်းအနား ကျင်းပ၍ မဂ္ဂဇင်းနှင့် ပြက္ခဒိန်၊ အထိမ်းအမှတ်ပစ္စည်းများကို ထုတ်ဝေဖြန့်ချိလျက်ရှိပါသည်။



**မွေးထုတ်ပေးခဲ့သောထင်ရှားသူများ**

ရန်ကုန်တက္ကသိုလ် ရာပြည့်သဘင်ပွဲတော်ကြီးနှင့်ပတ်သက်သော လှုပ်ရှားဆောင်ရွက်မှုများရှိခဲ့ပါသည်။ ပြင်ပပုဂ္ဂိုလ်များက ရာပြည့်အကြိုစာအုပ်များ ရေးသားထုတ်ဝေခြင်း၊ ကျောင်းသား ကျောင်းသူဟောင်းများက အမှတ်တရစာအုပ်များ ထုတ်ဝေခြင်းများဆောင်ရွက်ခဲ့သည်။ စိတ်ပညာအသင်းကြီးက ကြီးမှူး၍ ပညာရေးဝန်ကြီးဟောင်း၊ ရန်ကုန်တက္ကသိုလ်၊ မန္တလေးတက္ကသိုလ်ပါမောက္ခချုပ်ဟောင်း၊ စိတ်ပညာပါမောက္ခဟောင်း ဒေါက်တာကျော်စိန် ဦးဆောင်လျက် ၂၀၁၂ ခုနှစ် မတ်လ ၃ ရက် (စနေနေ့) က ရန်ကုန်မြို့ မြန်မာကွန်ဗင်းရှင်းစင်တာ၌ ည ၇ နာရီမှ ည ၁၂ နာရီအထိ ကျင်းပခဲ့သည့် ရန်ကုန်တက္ကသိုလ် ရာပြည့်အကြို ဂီတပဒေသာကပွဲကြီး "တစ်ခါတုန်းက တက္ကသိုလ်" တစ်ခုလည်း ထူးခြားစွာပေါ်ထွက်လာခဲ့သည်။ တစ်ဖန် ရန်ကုန်တက္ကသိုလ် အနုပညာအသင်းက ကြီးမှူး၍ ၂၀၁၂ ခုနှစ် စက်တင်ဘာလ ၃၀ ရက် (တနင်္လာနေ့) ၌ ရန်ကုန်မြို့ အမျိုးသားဇာတ်ရုံ၌ ကျင်းပခဲ့သည့် "လွမ်းဆွတ်တမ်းတ၊ တက္ကသိုလ်ဘဝ" ဂီတပဒေသာကပွဲကြီးသည်လည်း ည ၇ နာရီမှ ည ၁၂ နာရီကျော်သည်အထိ ဖျော်ဖြေတင်ဆက်ခဲ့သော ရန်ကုန်တက္ကသိုလ်ရာပြည့်အကြို အထိမ်းအမှတ်ပွဲကြီးတစ်ခု ဖြစ်ခဲ့လေသည်။

ရန်ကုန်တက္ကသိုလ်နှင့်တွဲဖက်ထားသော ကောလိပ်များမှာ ဆေးကောလိပ်၊ အင်ဂျင်နီယာကောလိပ်၊ စိုက်ပျိုးရေးကောလိပ်နှင့် ဆရာဖြစ်သင်ကောလိပ်တို့ဖြစ်သည်။ ၁၉၂၅ ခုနှစ်၌ မန္တလေးကောလိပ်ကို ရန်ကုန်တက္ကသိုလ်လက်အောက်ခံကောလိပ်အဖြစ် စတင်ထူထောင်ဖွင့်လှစ်ခဲ့သည်။ ရန်ကုန်တက္ကသိုလ်၌ ရန်ကုန်တက္ကသိုလ်ကျောင်းသားများသမဂ္ဂစည်းမျဉ်းနှင့်အညီ ၁၉၃၁ ခုနှစ် ဇန်နဝါရီလ ၉ ရက်နေ့တွင် ရန်ကုန်တက္ကသိုလ်ကျောင်းသားများသမဂ္ဂ အလုပ်အမှုဆောင်အဖွဲ့ (Student Union) ကို စနစ်တကျ ဖွဲ့စည်းတည်ထောင်ခဲ့သည်။ သူဌေးဦးညိုက ကျောင်းသားသမဂ္ဂအဆောက်အဦကို ဆောက်လုပ်လှူဒါန်းခဲ့သည်။ အဆိုပါကျောင်းသားသမဂ္ဂမှ နိုင်ငံ့ခေါင်းဆောင်များ၊ မျိုးချစ်ပုဂ္ဂိုလ်များကို မွေးထုတ်ခဲ့သည်။ (ပုံစံအားဖြင့်- ဗိုလ်ချုပ်အောင်ဆန်း၊ သခင်နု၊ ဦးဗဆွေ၊ ဦးကျော်ငြိမ်း၊ ဦးသိန်းဖေမြင့် စသည့် နိုင်ငံရေးခေါင်းဆောင်များ)

**အထိမ်းအမှတ် ကျောင်းသားပွဲတော်များ**

ရန်ကုန်တက္ကသိုလ်သည် ဒုတိယကမ္ဘာစစ်ကြီးကို ကြုံကြုံခံ၍ကျော်ဖြတ်ခဲ့ရာ စစ်ပြီးကာလ ၁၉၄၅ ခုနှစ်၌ ငွေရတုသဘင်ကို ကျင်းပရန် အခွင့်မသာခဲ့ချေ။ ၁၉၄၇ ခုနှစ်၌ ရန်ကုန်တက္ကသိုလ်ကို ပြန်လည်ဖွင့်လှစ်ပြီး နောက်ပိုင်း၌ ရန်ကုန်တက္ကသိုလ်ကျောင်းသားသမဂ္ဂက ဦးဆောင်၍ ကျောင်းသားပွဲတော်များ ကျင်းပခဲ့ရာ ၁၉၆၀ ပြည့်နှစ်၌ ရန်ကုန်တက္ကသိုလ်နှစ် (၄၀) ပြည့် အထိမ်းအမှတ်အဖြစ် ကျောင်းသားပွဲတော်ကို ကျင်းပခဲ့သည်။

၁၉၇၀ ပြည့်နှစ်၌ ရန်ကုန်တက္ကသိုလ်နှစ် (၅၀) ပြည့် ရွှေရတုသဘင်အဖြစ် ဒီဇင်ဘာလ ၁ ရက်နေ့မှ ၅ ရက်နေ့အထိ တက္ကသိုလ်နယ်မြေ၌ ကျင်းပခဲ့သည်။ ယင်းပွဲတော်၌ သုတေသနစာတမ်းဖတ်ပွဲများ၊ သိပ္ပံပြပွဲ၊ ဓာတ်ပုံမှတ်တမ်းပြပွဲ၊ ပန်းချီနှင့် ဗိသုကာပြပွဲ (တက္ကသိုလ်ပုံရိပ်၊ ပုံကြမ်းများ)၊ ပဒေသာကပွဲများ (တက်ရောက်ဆဲ ကျောင်းသား ကျောင်းသူများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ)၊ အဆို၊ အတီးပြိုင်ပွဲများ (တက်ရောက်ဆဲကျောင်းသား ကျောင်းသူများ)၊ ပြင်ပအငြိမ့်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့လေသည်။ ထို့အပြင် ရွှေရတုသဘင် အထိမ်းအမှတ် အမှတ်တရပစ္စည်းများ-ပို့စကတ်ရှစ်မျိုးနှင့်ပြက္ခဒိန်တို့ကို ထုတ်ဝေရောင်းချခဲ့သည်။ ပဒေသာကပွဲများကို ဇာတ်စင်(၁)-ဆေးတက္ကသိုလ်(၁) မြက်ခင်းပြင်၊ ဇာတ်စင်(၂)-မန္တလေးဆောင်နှင့် အမရဆောင်အကြား ကွက်လပ်၊ ဇာတ်စင်(၃)-ဝိဇ္ဇာမြက်ခင်းပြင်တို့၌ တင်ဆက်ခဲ့သည်။

စီးပွားရေးတက္ကသိုလ်နှင့် ဘွဲ့နှင်းသဘင်အကြားရှိ ကွက်လပ်၌ အဆိုပြိုင်ပွဲ၊ အတီးပြိုင်ပွဲ (မယ်ဒလင်၊ တယော၊ စောင်း၊ ပတ္တလား) တို့ကိုလည်းကောင်း၊ ပညာရေးတက္ကသိုလ်၌ ကောလိပ်မြိုင်အငြိမ့်၊ တက္ကသိုလ်စာတိုက်ရှေ့၌ ရွှေနှင်းဆီအငြိမ့်တို့ဖြင့်လည်းကောင်း ကျင်းပဖျော်ဖြေခဲ့သည်။ ကျောင်းသား ကျောင်းသူများ၏ အသင်းအဖွဲ့တို့က ဈေးဆိုင်ခန်းနှင့် ပျော်ရွှင်စရာကစားပွဲများကို အဓိပတိလမ်းမကြီးတစ်လျှောက်၌ လည်းကောင်း၊ ပြင်ပဈေးဆိုင်ခန်းများကို တက္ကသိုလ်ရိပ်သာလမ်းမကြီးပေါ်ရှိ ရွှေရတုသဘင် မုခ်ဦးကြီးနှစ်ခုအကြား၌ လည်းကောင်း၊ ပညာရေးတက္ကသိုလ်ဝင်း၌ လည်းကောင်း ဖွင့်လှစ်ရောင်းချခဲ့ကြပေသည်။ ရန်ကုန်စက်မှုတက္ကသိုလ် ဗိသုကာကျောင်းသား ကျောင်းသူများက အဆိုပါ ရွှေရတုသဘင်မုခ်ဦးကြီးသုံးခု၏ ဒီဇိုင်းပုံစံကို ရေးဆွဲပြီး ကြိမ်နှင့်ဝါးနှစ်မျိုးတည်းသာ အသုံးပြုလျက် တည်ဆောက်ခဲ့ကြသည်။

**စတင်ကျင့်သုံးခဲ့**

မုခ်ဦးကြီးတစ်ခုမှာ တက္ကသိုလ်ရိပ်သာ လမ်းမကြီးပေါ်ရှိ ကမာရွတ်အဝိုင်းကြီး (ယခု ကမာရွတ်လမ်းဆုံမီးပွိုင့်) အနီးတွင်လည်းကောင်း၊ အခြားမုခ်ဦးကြီးတစ်ခုမှာ တက္ကသိုလ်ရိပ်သာလမ်းမကြီးပေါ်ရှိ အင်းလျားလမ်းမီးပွိုင့်အနီးတွင်လည်းကောင်း၊ တတိယမုခ်ဦးကြီးတစ်ခုမှာ အဓိပတိလမ်းမကြီး၏ ပင်မဝင်ပေါက်ထိပ်ရှေ့၌လည်းကောင်း ဆောက်လုပ်ခဲ့သည်။ အဆိုပါ ရွှေရတုသဘင်ကြီးစတင်ကျင်းပသော ဒီဇင်ဘာလ ၁ရက်၊ ၂ ရက်နေ့တို့၌ မိုးသည်းထန်စွာရွာသွန်းသည့်အကြားမှပင် ပွဲတော်လာပရိသတ်များ စည်ကားသိုက်မြိုက်စွာ အဆက်မပြတ်လာရောက်ကြသည်။ ဒီဇင်ဘာလ ၃၊ ၄၊ ၅ ရက်နေ့ တို့၌ ကြက်ပျံမကျစည်ကားလှသော်လည်း ၅ ရက်နေ့ ညပိုင်း၌ အကြောင်းကြောင်းကြောင့် ပွဲတော်ကြီးရပ်နားခဲ့ရပါသည်။ ၁၉၇၀ပြည့်နှစ် ဒီဇင်ဘာလ ၆ ရက်နေ့ နံနက် ၆ နာရီ၌ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် လက်ယာကပ်မောင်းစနစ် စတင်ကျင့်သုံးခဲ့ပါသည်။

**စည်ကားသိုက်မြိုက်စွာကျင်းပ**

ရန်ကုန်တက္ကသိုလ် စိန်ရတုသဘင်ပွဲတော်ကြီးကို ၁၉၉၅ ခုနှစ် ဒီဇင်ဘာလ ၁ ရက်နေ့မှ ၇ရက်နေ့အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။ ၁၉၉၅ ခုနှစ် ဇွန်လမှစတင်၍ ဒီဇင်ဘာလကုန်သည်အထိ လစဉ်အဆက်မပြတ် ကျင်းပခဲ့သည်။ နေ့ကျောင်းသား ကျောင်းသူများအလိုက် လည်းကောင်း၊ အဆောင်လိုက်လည်းကောင်း လက်ရှိမျိုးဆက်သစ် ကျောင်းသား ကျောင်းသူများနှင့် စစ်ကြိုခေတ်၊ စစ်ပြီးခေတ် ကျောင်းသား ကျောင်းသူဟောင်းကြီးများ၏ တွေ့ဆုံပွဲများ၊ ညစာစားပွဲများ၊ ငွေပဒေသာပင်စိုက်ထူပွဲများ၊ အမှတ်တရအထိမ်းအမှတ် သစ်ပင်စိုက်ပွဲများ ကျင်းပခဲ့ရာ ပျော်ရွှင်ကြည်နူးစွာ ငယ်ဘဝပုံရိပ်များဖြင့် ပါဝင်ဆင်နွှဲခဲ့ကြပေသည်။ ထို့အပြင် ရန်ကုန်တက္ကသိုလ် အမှတ်တရဟောပြောပွဲများ၊ ဘာသာရပ်အလိုက် သုတေသနစာတမ်းဖတ်ပွဲများ၊ နိုင်ငံတကာသုတေသနစာတမ်းဖတ်ပွဲများကို ကျင်းပခဲ့သည်။ ကျောင်းသား ကျောင်းသူဟောင်းကြီးများအား သက်ကြီးပူဇော်ပွဲကို ကျင်းပခဲ့သည်။ တက္ကသိုလ်မှတ်တမ်းများပြပွဲတွင် တက္ကသိုလ်တံဆိပ်များ၊ ဘွဲ့ဝတ်စုံများ၊ ဘွဲ့လက်မှတ်များ၊ မှတ်တမ်းဓာတ်ပုံများကို ပြသခဲ့သည်။ အမျိုးသားဇာတ်ရုံ၌ ခေတ်အလိုက် ဝတ်စားဆင်ယင်မှုပြပွဲကို ကျင်းပပြုလုပ်ခဲ့သည်။

**ဖွင့်လှစ်ရောင်းချ**

တက္ကသိုလ်မောင်နှင့် ကာယအလှမယ်ပြိုင်ပွဲနှင့် အခြားအားကစားပြိုင်ပွဲများကို လည်းကောင်း၊ ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲ၊ စာပေ-ဝတ္ထု၊ ကဗျာ၊ ဆောင်းပါးပြိုင်ပွဲတို့ကိုလည်း ကျင်းပပြုလုပ်ခဲ့သည်။ ပျော်ပွဲရွှင်ပွဲများ အနေဖြင့် ပဒေသာကပွဲ၊ ရုပ်ရှင်ရက်သတ္တပတ်ပြပွဲ၊ ဆိုင်ခန်းများ ရောင်းချခြင်းတို့ပြုလုပ်ခဲ့သည်။ တက္ကသိုလ်ကောလိပ်များမှ အသင်းအဖွဲ့များက စိန်ရတုသဘင် အဆောက်အဦပတ်လည်၌ ဆိုင်ခန်းပေါင်း ၈၀ ကျော် ဖွင့်လှစ်ရောင်းချခဲ့သည်။




စာမျက်နှာ ၇ သို့

# နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး နဝမအကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ ကျင်းပ





**နေပြည်တော်  ဇူလိုင်  ၁၁**

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ နဝမအကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ရုံးအမှတ် (၅၄) နေပြည်တော်၌ ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားသို့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌ ဦးမျိုးညွန့်နှင့်ဇနီး ဒေါ်ဌေးရည်၊ ခုံရုံးအဖွဲ့ဝင်များဖြစ်ကြသော ဦးတင်မောင်မြင့်၊ ဦးမြင့်ဝင်း၊ ဦးခင်မောင်ချို၊ ဒေါ်ခင်ဌေးကြွယ်၊ ဒေါ်လှမျိုးနွယ်၊ ဦးကျော်ဆန်းနှင့် အရာထမ်းအမှုထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဩဝါဒ့်ပရိသတ်များက နေပြည်တော် မြင့်ထူးသာကျောင်းတိုက် ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။ ဆက်လက်၍ ဆရာတော်၊ သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသည့် အန္တရာယ်ကင်းပရိတ်တရားတော်များကို နာယူကြပြီး နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ဆရာတော်၊ သံဃာတော်များထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဆရာတော်ထံမှ အနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုတို့ကို ရေစက်သွန်းလောင်း အမျှပေးဝေကြပြီး ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

**သတင်းစဉ်**



ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်နှင့်အဖွဲ့၊ ဒုတိယဝန်ကြီး ဦးစိုးအောင်၊ ပြည်နယ်ဝန်ကြီး ဗိုလ်မှူးကြီး ဖုန်းတင့်တို့ မြေပုံမြို့ တောင်ပေါ်ရပ်ကွက်ရှိ IDP စခန်းတွင် နေထိုင်သူများနှင့် တွေ့ဆုံစဉ်။

# ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ် မြေပုံမြို့နယ်အတွင်းရှိ ပြန်လည်နေရာချထားရေးစခန်းတွင် နေထိုင်သူများနှင့်တွေ့ဆုံ

**မြေပုံ  ဇူလိုင်  ၁၁**

ရခိုင်ပြည်နယ် စစ်တွေမြို့၌ ရောက်ရှိနေသော ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Mrs. Christine Schraner Burgener နှင့်အဖွဲ့သည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်၊ ပြည်နယ်ဝန်ကြီး ဗိုလ်မှူးကြီးဖုန်းတင့်တို့နှင့်အတူ ယနေ့တွင် ရခိုင်ပြည်နယ် မြေပုံမြို့နယ်အတွင်းရှိ ပြန်လည်နေရာချထားရေးစခန်းတွင် နေထိုင်သူများနှင့် တွေ့ဆုံသည်။

**အားပေးစကားပြောကြား**

ရှေးဦးစွာ အထူးကိုယ်စားလှယ်နှင့်အဖွဲ့သည် ၂၀၁၂ ခုနှစ်တွင် ဖြစ်ပွားခဲ့သော ပဋိပက္ခများကြောင့် နေရပ်စွန့်ခွာခဲ့ရပြီး ယခုအခါ နိုင်ငံတော်က အိမ်ရာများ ပြန်လည်တည်ထောင်ပေးခဲ့ကာ အခြေချနေထိုင်လျက်ရှိသည့် ရခိုင်တိုင်းရင်းသားများကို မြေပုံမြို့ ကံသာထွက်ဝရပ်ကွက်ရှိ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌တွေ့ဆုံ၍ နေထိုင်စားသောက်မှုအခြေအနေများ၊ လိုအပ်ချက်များကို မေးမြန်း၍ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးလုပ်ငန်းများ ပိုမိုကောင်းမွန်စေရေးအတွက် အားပေးစကားပြောကြားသည်။

ထို့နောက် အထူးကိုယ်စားလှယ်နှင့်အဖွဲ့သည် မြေပုံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံး၌ ရခိုင်အမျိုးသမီးငယ်များအဖွဲ့နှင့် တွေ့ဆုံသည်။

**တွေ့ဆုံမေးမြန်း**

ဆက်လက်၍ အထူးကိုယ်စားလှယ်နှင့်အဖွဲ့သည် ဒုတိယဝန်ကြီး၊ ပြည်နယ်ဝန်ကြီးတို့နှင့်အတူ မြေပုံမြို့ တောင်ပေါ်ရပ်ကွက်ရှိ IDP စခန်းသို့ သွားရောက်၍ နေထိုင်စားသောက်မှုအခြေအနေများ၊ ပညာသင်ကြားနေမှုနှင့် ကျန်းမာရေးစောင့်ရှောက်ပေးနေမှုအခြေအနေများကို တွေ့ဆုံမေးမြန်းသည်။

ထို့နောက် အထူးကိုယ်စားလှယ်နှင့်အဖွဲ့သည် အဆိုပါ IDP စခန်းရှိ အမျိုးသမီးများနှင့်မိန်းကလေးငယ်များစင်တာ၌ စခန်းရှိ အမျိုးသမီးနှင့် မိန်းကလေးငယ်များအား တွေ့ဆုံသည်။

ယင်းနောက် မြေပုံမြို့မှ စစ်တွေမြို့သို့ ပြန်လည်ရောက်ရှိပြီး စစ်တွေမြို့ရှိ ရခိုင်ပြည်နယ်လွှတ်တော်သို့သွားရောက်၍ ရခိုင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစံကျော်လှနှင့် တွေ့ဆုံပြီး Royal Sittwe Hotel ၌ စစ်တွေမြို့ရှိ အမျိုးသမီးအဖွဲ့အစည်းများနှင့် တွေ့ဆုံသည်။

**သတင်းစဉ်**

# တရုတ်-မြန်မာ စီးပွားရေးစင်္ကြံနှင့် မြန်မာနိုင်ငံ၏ ဒေသတွင်း မဟာဗျူဟာတန်ဖိုး အလှည့်အပြောင်း ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲ ကျင်းပမည်

**ရန်ကုန်  ဇူလိုင်  ၁၁**

“တရုတ်-မြန်မာ စီးပွားရေးစင်္ကြံနှင့် မြန်မာနိုင်ငံ၏ ဒေသတွင်း မဟာဗျူဟာတန်ဖိုး အလှည့်အပြောင်း” ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲတစ်ရပ်ကို ဇူလိုင် ၁၃ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်း သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း (ရုံးချုပ်)ရှိ ရွှေဥဒေါင်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ဆွေးနွေးပွဲကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ မြန်မာ့ရေးရာလေ့လာရေးအဖွဲ့ (Centre for Myanmar Affairs Studies)က မြန်မာ့ဒီမိုကရေစီအသွင်ကူးပြောင်းမှုလုပ်ငန်းစဉ်ကို အထောက်အပံ့ဖြစ်စေမည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာများတွင် ပြည်သူများ အကျိုးဖြစ်ထွန်းစေရန် ရည်ရွယ်ချက်ဖြင့် ပုံမှန်ကျင်းပခြင်းဖြစ်သည်။

ဆွေးနွေးပွဲတွင် တရုတ်-မြန်မာ စီးပွားရေးစင်္ကြံလမ်းမ (China-Myanmar Economic Corridor- CMEC)ကို နှစ်နိုင်ငံအစိုးရများ၏ သဘောတူညီချက်ဖြင့် စတင်အကောင်အထည်ဖော်ခြင်းသည် မြန်မာနိုင်ငံ၏ ဒေသတွင်း မဟာဗျူဟာတန်ဖိုး အလှည့်အပြောင်းကို ဆောင်ကြဉ်းပေးနိုင်ကြောင်း တွေ့မြင်ရသဖြင့် ၎င်းအခွင့်အလမ်းကို အမိအရ ဆုပ်ကိုင်နိုင်ရန် ကြိုးစားသည့် ခြေလှမ်းတစ်ရပ်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံ၏ ရပ်ဝန်းနှင့်လမ်းကြောင်း မဟာဗျူဟာစီမံကိန်း (Belt and Road Initiative-BRI) ဖော်ဆောင်မှုနှင့် မြန်မာ့ဒီမိုကရေစီ အသွင်ကူးပြောင်းမှုတို့ တိုက်ဆိုင်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့မှ နှစ်နိုင်ငံ၏ နိုင်ငံရေးနှင့် စီးပွားရေးအပြောင်းအလဲများဖြစ်ပေါ်ခဲ့ပြီး အခွင့်အလမ်းစာမျက်နှာသစ်ဖွင့်လှစ်ရန် ဖြစ်ပေါ်လာကြောင်း စသည်ဖြင့် ဆွေးနွေးကြမည်ဖြစ်ရာ စိတ်ဝင်စားသူများ တက်ရောက်နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**




❒ စာမျက်နှာ ၆ မှ

ရုပ်ရှင်ရက်သတ္တပတ်ပြပွဲကို နဝဒေးရုပ်ရှင်ရုံ၌ ၁၉၉၅ ခုနှစ် နိုဝင်ဘာလ ၁၀ ရက်နေ့မှ ၁၆ ရက်နေ့အတွင်း ပြသခဲ့ရာ “ပန်းတွေနဲ့ဝေ” အစရှိသည့် ရုပ်ရှင်ဇာတ်ကားများ၊ မြန်မာ့ရုပ်မြင်သံကြားမှလည်း “ကောလိပ်ဂျင်” အစရှိသည့် ဇာတ်ကားများကို ပြသခဲ့သည်။ တက္ကသိုလ်စာတိုက်ရှေ့ကွက်လပ်၌ စာအုပ်ဆိုင်ကို ကျောပြု၍ ပဒေသာကပွဲကို ဒီဇင်ဘာလ ၁ ရက်နေ့မှ ၄ ရက်နေ့အထိ၊ ညနေ ၆ နာရီမှ ည ၁၀ နာရီအထိ နယ်တက္ကသိုလ်ကောလိပ်များနှင့် ရန်ကုန်မြို့ပေါ်ရှိ တက္ကသိုလ်ကောလိပ်များမှ ကျောင်းသား ကျောင်းသူများက ပါဝင်တင်ဆက်ဖျော်ဖြေခဲ့ကြသည်။

**ရာပြည့်သဘင်ကြီး ကျင်းပနိုင်ရေး**

ရန်ကုန်တက္ကသိုလ် ရွှေရတုသဘင်ကျင်းပခဲ့စဉ်က အထိမ်းအမှတ်စာစောင် စာအုပ်ကြီးသုံးအုပ်နှင့် ပွဲတော်အတွင်း နေ့စဉ်လက်ကမ်းစာစောင်များ ထုတ်ဝေနိုင်ခဲ့ပါသည်။ အဆိုပါပွဲတော်ကြီးပြီးစီးသည့်အခါ မှတ်တမ်းစာအုပ်အဖြစ် မထုတ်ဝေနိုင်ခဲ့ပါ။ ရန်ကုန်တက္ကသိုလ် စိန်ရတုသဘင်ပွဲတော်ကြီး၌ ရန်ကုန်တက္ကသိုလ်သမိုင်းစာအုပ်၊ ရန်ကုန်တက္ကသိုလ်စိန်ရတုသဘင်အထိမ်းအမှတ်စာစောင်အမှတ်(၁)၊ နိုင်ငံသမိုင်းသုတေသနစာစောင်၊ ရန်ကုန်တက္ကသိုလ်ရက်စွဲသမိုင်း၊ နေ့ကျောင်းသားများ မဂ္ဂဇင်း၊ မန္တလေးဆောင်ကျောင်းသားများ မဂ္ဂဇင်းနှင့် အခြားကျောင်းဆောင်အချို့ကလည်း အထိမ်းအမှတ် မဂ္ဂဇင်းများ၊ အခြားအဖွဲ့အစည်းအသီးသီးကလည်း စာစောင်များကို ထုတ်ဝေခဲ့ကြပါသည်။ ရန်ကုန်တက္ကသိုလ် စိန်ရတုသဘင်အထိမ်းအမှတ် စာစောင် အမှတ်(၂) သည် ၁၉၉၆ ခုနှစ် စက်တင်ဘာလအတွင်း ထုတ်ဝေခဲ့ရာ ပွဲတော်ကြီး၏ ဖြစ်စဉ်မှတ်တမ်းများကို စုစည်းဖော်ပြနိုင်ခဲ့ပါသည်။

ရန်ကုန်တက္ကသိုလ် ရာပြည့်သဘင်ပွဲတော်ကြီး ကျင်းပနိုင်ရေးအတွက် နိုင်ငံတကာနှင့် မြန်မာပြည်တွင်းရှိ ရန်ကုန်တက္ကသိုလ် ကျောင်းသား ကျောင်းသူဟောင်းကြီးများသည် စိတ်အား၊ လူအား၊ စေတနာအား၊ ငွေအားတို့ဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြပါရန် တိုက်တွန်းနှိုးဆော်ရင်းဖြင့် တက္ကသိုလ်၊ ကောလိပ်များ၏ မိခင်ဖြစ်သည့် ရန်ကုန်တက္ကသိုလ်ကြီး၏ ရာပြည့်သဘင်ကြီးကို စည်ကားသိုက်မြိုက်စွာ ပါဝင်ဆင်နွှဲကြပါစို့ဟူ၍ ဖော်ပြအပ်ပါသည်။    ။

# အထက်ရဲရွာ၊ အထက်ကျိုင်းတောင်း၊ သူ့ဌေးရေအားလျှပ်စစ်စီမံကိန်းတွေကို လာမည့် နှစ်နှစ်၊ သုံးနှစ်အတွင်း ပြီးစီးအောင် နိုင်ငံတော်က လုံလောက်တဲ့ ငွေလုံးငွေရင်းဘတ်ဂျက်ကို ချထားပေးပြီးဖြစ်

ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်

## ဓာတ်အားခအပြောင်းအလဲနှင့်သူတို့အမြင် စကားဝိုင်း

ရှင်မင်း

ဓာတ်အားခအပြောင်းအလဲနှင့် သူတို့အမြင်စကားဝိုင်းတွင် ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်၊ မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း အထွေထွေအတွင်းရေးမှူး ဒေါ်ခိုင်ခိုင်နွယ်၊ Miss Universe Myanmar (2016) ထက်ထက်ထွန်းနှင့် ဦးကိုကို (စက်မှုတက္ကသိုလ်)တို့ ပါဝင်ဆွေးနွေးခဲ့ကြသည်များကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ထုတ်လွှင့်ခဲ့သည်။ အဆိုပါစကားဝိုင်းတွင် ဆွေးနွေးခဲ့သည်များကို ဖော်ပြအပ်ပါသည်-



ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်



ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်



ဒေါ်ခိုင်ခိုင်နွယ်



ထက်ထက်ထွန်း

(ယမန်နေ့မှအဆက်)

**ထက်ထက်ထွန်း။** ။ဒုတိယဝန်ကြီး ဆွေးနွေးပြောပြသွားတဲ့အပေါ်မှာ ထပ်ပြီး ဆွေးနွေးချင်တာ ရှိပါတယ်။ အခု ထပ်တိုးကောက်ခံမှာက တကယ်ပြည်သူတွေသုံးတဲ့ ပမာဏလောက်ကို ပေးနေရတာ မဟုတ်သေးဘူးလို့လည်း ကြားသိရပါတယ်။ ကိုယ်တကယ်သုံးစွဲသလောက် မပေးရသေးဘူးဆိုတာ ပြည်သူတွေသိဖို့ လိုအပ်နေသေးတယ်လို့ ထင်ပါတယ်။ အရင်ကတည်းက ဘာလို့ တိုးမကောက်ဘဲ အခုဘာလို့ တိုးကောက်တယ်ဆိုတာကို ပြည်သူတွေက သိချင်ကြပါတယ်။

**ဒုတိယဝန်ကြီး။** ။တကယ်တမ်းပြောရရင် အရင်က နိုင်ငံကို စီမံခန့်ခွဲတဲ့ စနစ်က ဆိုရှယ်လစ်စနစ်နဲ့ သွားခဲ့ပါတယ်။ ဒီစနစ်မျိုးတွေမှာ အစစအရာရာ နိုင်ငံတော်က တာဝန်ယူတယ်ဆိုတဲ့ သဘောမျိုးဆန်ပါတယ်။ ဒါကြောင့်မို့ကြီးကြီးမားမား စိုက်ထုတ်ပြီး အရှုံးခံ ဆောင်ရွက်ကြတာဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်တဲ့ နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုနဲ့ Market Orientation ကို အခြေခံဆောင်ရွက်တဲ့ နိုင်ငံရဲ့ဖွံ့ဖြိုးတိုးတက်မှုက ကွာခြားပါတယ်။ ဒီနေ့မှာတော့ နိုင်ငံရဲ့စနစ်က ပြောင်းလဲသွားပြီး Open Market Policy ကို ပြောင်းလဲကျင့်သုံးနေပြီဖြစ်ပါတယ်။

ခုနက ဆွေးနွေးသွားကြသလို အရင်စနစ်မှာပဲ မွေးဖွားကြီးပြင်းလာပြီး အကျင့်ပါနေကြတယ်။ အခုပြောင်းလဲတဲ့အခါ အကျင့်ပါပြီး ဘာဖြစ်လို့ တိုးကောက်ကြသလဲ၊ ပုံမှန်နှုန်းကို ချဉ်းကပ်ကြသလဲဆိုတဲ့ အတွေးလေးတွေဖြစ်ပါတယ်။ ပြည်သူတွေအနေနဲ့လည်း ပြောင်းလဲဖို့ လိုအပ်လာနေပြီဆိုတဲ့ အချက်တစ်ခုဖြစ်ပါတယ်။

**ဒေါက်တာအောင်ထွန်းသက်။** ။ အလကား နီးပါးရတဲ့သူကိုတန်ရာတန်ကြေးပေးပါပြောရင် မပေးချင်ဘူး။ တန်ရာတန်ကြေးပေးပါလို့ ပြောရဲတဲ့သတ္တိက မနည်းလှဘူး။ အဲဒီတော့ subsidy ဆိုတာဟာ ဘယ်မှာကျင့်သုံးသလဲဆိုရင် အုပ်ချုပ်ရေးပုံစံနဲ့ အုပ်ချုပ်တဲ့ အစိုးရတွေမှာ ကျင့်သုံးလေ့ ရှိတယ်။ ဈေးနှုန်းတွေ သတ်မှတ်ထားတယ်။ ပြည်သူတွေရဲ့ ထောက်ခံမှုတွေ ရယူတဲ့ပုံစံပါ။ အစိုးရက subsidy လုပ်မယ်။ ပြဿနာဘာရှိလဲဆိုရင် အဲဒီလို ကြာရှည်လုပ်တော့ အစိုးရက ကြာတော့မခံနိုင်တော့ဘူး။ ဒီဆွေးနွေးပွဲမှာ အရေးကြီးတဲ့ စကားလုံးတစ်ခုက Good Governance ပါ။ နိုင်ငံတော်မှာ ကောင်းမွန်တဲ့ စီမံအုပ်ချုပ်တဲ့စနစ်ရှိဖို့ လိုတယ်။ ဘဏ္ဍာငွေထဲကနေ subsidy လုပ်နေရင် နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုလုပ်ဖို့ တခြားသုံးဖို့ ငွေမရှိတော့ဘူး။ အဲဒီဟာကို နားလည်မှုရှိဖို့လိုတယ်။

တစ်ယောက်ချင်းအနေနဲ့ကတော့ ဒါကြီး လာမပြောနဲ့၊ အိမ်မှာ မီတာခ တက်သွားပြီ။ ဒါပဲ ရှင်းပေးပါ၊ ကျန်တာတွေ မသိချင်ဘူး ပြောမှာပဲ။ နောက်တစ်ခုက အစိုးရလို့ ပြောရင် အစိုးရက ဘယ်သူလဲ။ အစိုးရဆိုတာ ကိုယ်ပဲ။ ဒါကြောင့် ဒီငွေဟာလည်း ကိုယ့်ငွေပဲ။ အစိုးရဆီမှာ ကိုယ်ပိုင်ငွေ မရှိဘူး။ အစိုးရငွေက ပြည်သူပေးထားတာကို စီမံခန့်ခွဲတာပါပဲ။ ကာလတို မကြည့်ပါနဲ့။ ကျွန်တော့်အနေနဲ့ စိတ်မကောင်းတာက မီးဆိုတာ ဘာမှန်းမသိတဲ့သူတွေရဲ့အသံတွေ မကြားရဘူး။ တစ်နှစ်ပတ်လုံး မီးမရတဲ့သူတွေ အများကြီး ရှိသေးတယ်။ သူတို့အတွက် ဘာလုပ်ပေးမလဲ။ ဒါဆိုရင် ကိုယ်က အနစ်နာခံရမလား။ ဒီလိုလည်း မပြောပါဘူး။

ဒီတာဝန်ကို အစိုးရက ယူရမှာပါ။ လိုအပ်ရင်လည်း အမုန်းခံရမှာပါ။ အစိုးရအနေနဲ့ အခုလို အမုန်းခံဆောင်ရွက်နိုင်တဲ့သတ္တိလည်း လိုပါတယ်။ အချစ်ပဲ ခံချင်ရင်လည်း ရေရှည်မှာ နိုင်ငံအတွက် မကောင်းပါဘူး။ အခုလို ရဲရဲတင်းတင်း ဆောင်ရွက်တာကို ကြိုဆိုရမှာပါ။ ပူးပေါင်းပါဝင်ရမှာပါ။

**ဒုတိယဝန်ကြီး။** ။ကျွန်တော်တို့ နိုင်ငံမှာ ရေအားနဲ့ သဘာဝဓာတ်ငွေ့ကိုအဓိကထားပြီး ဓာတ်အားထုတ်လုပ်ဆောင်ရွက်နေပါတယ်။ ကျောက်မီးသွေးသုံးစက်ရုံဆိုလို့ တီကျစ်စက်ရုံတစ်ခုပဲ ရှိပါတယ်။ အဲဒီတော့ ရာခိုင်နှုန်းအားဖြင့် ၁ ရာခိုင်နှုန်းကနေ ၂ ရာခိုင်နှုန်းလောက်ပဲ ထုတ်လုပ်ပါတယ်။ ကျွန်တော်တို့ ရေအားဘက်ကနေ ၅၅ ရာခိုင်နှုန်းလောက် ရှိပြီးတော့ ကျန်တာက Gas Turbine ကနေ ထုတ်ပါတယ်။ လတ်တလော သတင်းစာမှာ ဖိတ်ခေါ်လိုက်တဲ့ဟာက သဘာဝဓာတ်ငွေ့ကိုပဲ အသုံးပြုရဦးမှာဖြစ်ပါတယ်။ ဒီအကြောင်းရင်းက ဒီနေ့ ဓာတ်အားတွေ မလုံလောက်ဘူး။ ကျွန်တော်တို့ ဖြေရှင်းရမှာ တစ်နှစ်၊ နှစ်နှစ်အတွင်း ဖြေရှင်းပေးရမှာဖြစ်ပါတယ်။ ဒီလို တစ်နှစ်၊ နှစ်နှစ်အတွင်း ဖြေရှင်းပေးနိုင်ဖို့အတွက် အဖြေရှာတော့ သဘာဝဓာတ်ငွေ့ကိုသုံးပြီး ထုတ်လုပ်တဲ့နည်းလမ်းက အချိန်ကိုက်ရေတိုဖြေရှင်းနိုင်မယ့်နည်းမို့ သွားတာပါ။

ဒါဆိုရင် ကာလလတ်နဲ့ ရေရှည်အတွက်တော့ Generation Mixed ကို ပြောင်းလဲရမှာဖြစ်ပါတယ်။ ဒီအတွက် အထက်ရဲရွာရေအားလျှပ်စစ်စီမံကိန်း၊ အထက်ကျိုင်းတောင်း ရေအားလျှပ်စစ်စီမံကိန်း၊ သူ့ဌေးရေအားလျှပ်စစ်စီမံကိန်း သုံးခုဟာ လက်ရှိတည်ဆောက်ဆဲစီမံကိန်းတွေဖြစ်ပါတယ်။ ဒီစီမံကိန်းတွေကို လာမယ့် နှစ်နှစ်၊ သုံးနှစ်အတွင်း ပြီးစီးအောင် နိုင်ငံတော်က လုံလောက်တဲ့ ငွေလုံးငွေရင်းဘတ်ဂျက်ကို ချထားပေးပြီးဖြစ်ပါတယ်။ ဒါကြောင့် အားတက်သရော ဆောင်ရွက်နေပါပြီ။ ပြီးတော့ ရွှေလီ-၃ ရေအားလျှပ်စစ်စီမံကိန်း(မဂ္ဂါဝပ် ၆၇၀) ကို ပြင်သစ်ကုမ္ပဏီနဲ့ လက်မှတ်ရေးထိုးပါတယ်။ Joint Venture လုပ်ပြီးတော့ ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒါက ရေအားလျှပ်စစ်တွေကို အနာဂတ်မှာ တိုးချဲ့ဆောင်ရွက်သွားမယ်ဆိုတာကို ရှင်းပြလိုတာဖြစ်ပါတယ်။

ရေအားလျှပ်စစ်အတွက် ကျွန်တော်တို့နိုင်ငံမှာ အရင်းအမြစ်တွေ ရှိပါတယ်။ ဒီအရင်းအမြစ်တွေကို အကျိုးရှိရှိ အသုံးချဖို့လုပ်ရမှာဖြစ်ပါတယ်။ လုပ်လည်း လုပ်နေပါပြီ။ ဒါပေမယ့် ရေအားလျှပ်စစ်ဆိုတာ သဘာဝအရ မိုးကောင်းလား၊ မိုးနည်းလားဆိုတဲ့ အပေါ်မှာ မူတည်ပြီးတော့ လျှပ်စစ်ဓာတ်အား ထုတ်လုပ်တဲ့ အခြေအနေဖြစ်ပါတယ်။ ဒီနှစ်ဆိုရင် ဇွန်လသာ ကုန်သွားတယ်၊ ဆည်တွေ အခုထိ ရေမဝင်သေးတဲ့အခါမှာ လျှပ်စစ်ထုတ်နိုင်ဖို့ အားနည်းပါတယ်။ ဒီလိုမျိုး ဖြစ်ပေါ်နိုင်တဲ့အတွက်ကြောင့် လျှပ်စစ်ကိုလည်း မပျက်ချင်ဘူး၊ အထူးသဖြင့် နွေရာသီမှာပူတော့ မီးမပျက်ချင်ဘူး။ ဒါပေမယ့် ရေခန်းနေတော့ ထုတ်ပေးနိုင်တဲ့အားက နည်းနေတယ်။

တစ်နှစ်ပတ်လုံး ဓာတ်အားထုတ်လုပ်ပေးနိုင်တဲ့ နည်းလမ်းဖြစ်တဲ့ သဘာဝဓာတ်ငွေ့ကိုသုံးပြီး ထုတ်လုပ်ရင် ထုတ်လုပ်မှုကုန်ကျစရိတ် ကြီးတယ်။ ဒီလိုမကြီးအောင် ကျောက်မီးသွေးသုံးပြီး ထုတ်လုပ်တဲ့ နည်းလမ်းကို Generation Mixed ထဲမှာ မျှမျှတတ သင့်တင့်လျောက်ပတ်အောင် ဆောင်ရွက်ရပါမယ်။ ဒီအခါမှာ အများစုက စိုးရိမ်စိတ်တွေ ပေါ်လာတတ်ပါတယ်။ ပတ်ဝန်းကျင် ညစ်ညမ်းထိခိုက်မှုတွေ ရှိမလား။ ဒါတွေအတွက် ကမ္ဘာမှာ လက်ခံကျင့်သုံးတဲ့ နည်းပညာမျိုးနဲ့ ကျွန်တော်တို့ ပြည်သူလူထုကို ထိခိုက်မှုအနည်းဆုံး ဖြစ်စေမယ့် နည်းလမ်းတွေကို ရွေးချယ်ပြီး စီစဉ်ဆောင်ရွက်သွားဖို့ ကြိုးစားနေပါတယ်။

ပြီးခဲ့တဲ့ ရက်ပိုင်းအတွင်းမှာ မင်းဘူးမှာ ဖွင့်လှစ်ခဲ့တဲ့ ဆိုလာမျိုးကိုလည်း ထည့်သွင်းပြီး ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အနာဂတ်မှာ Generation Mixed ဟာ ဓာတ်အားထုတ်လုပ်မှု ကုန်ကျစရိတ်ကို မျှတအောင် ထိန်းညှိမယ့် အစီအမံတွေကို ဆောင်ရွက်သွားပါ့မယ်။

**ဒေါက်တာအောင်ထွန်းသက်။** ။ဓာတ်အားပြောင်းလဲတာကိုပဲ စဉ်းစားနေတာ မဟုတ်ဘူး။ subsidy reform မဟုတ်ပါဘူး၊ sector reform ပါ။ ကဏ္ဍကြီးတစ်ခုလုံး ပြုပြင်ပြောင်းလဲတာပါ။ ဖြစ်နိုင်ရင်တော့ renewable source တွေ၊ မဟုတ်ရင် non renewable source တွေ၊ အခုဖြစ်နေတာက Clean Energy၊ Green Energy ပြောနေတယ်။ နိုင်ငံတော်ကလည်း MSDP၊ Project Bank တွေ ဆောင်ရွက်တယ်။ ဒုတိယဝန်ကြီး ခုနက ဆွေးနွေးတဲ့အထဲမှာ ပါတဲ့ တင်ဒါတွေ ခေါ်တာလည်းပဲ Electricity Generation နဲ့ပတ်သက်ပြီး Project Bank ထဲမှာ ထည့်နိုင်ရင် ပိုကောင်းမှာပါ။

စာမျက်နှာ ၉ သို့

**တစ်နှစ်ပတ်လုံး ဓာတ်အားထုတ်လုပ်ပေးနိုင်တဲ့ နည်းလမ်းဖြစ်တဲ့ သဘာဝဓာတ်ငွေ့ကိုသုံးပြီး ထုတ်လုပ်ရင် ထုတ်လုပ်မှုကုန်ကျစရိတ်ကြီးတယ်။ ဒီလို မကြီးအောင် ကျောက်မီးသွေးသုံးပြီး ထုတ်လုပ်တဲ့နည်းလမ်းကို Generation Mixed ထဲမှာ မျှမျှတတ သင့်တင့်လျောက်ပတ်အောင် ဆောင်ရွက်ရပါမယ်။ ဒီအခါမှာ အများစုက စိုးရိမ်စိတ်တွေ ပေါ်လာတတ်ပါတယ်။ ပတ်ဝန်းကျင် ညစ်ညမ်းထိခိုက်မှုတွေ ရှိမလား။ ဒါတွေအတွက် ကမ္ဘာမှာ လက်ခံကျင့်သုံးတဲ့ နည်းပညာမျိုးနဲ့ ကျွန်တော်တို့ ပြည်သူလူထုကို ထိခိုက်မှုအနည်းဆုံး ဖြစ်စေမယ့် နည်းလမ်းတွေကို ရွေးချယ်ပြီး စီစဉ်ဆောင်ရွက်သွားဖို့ ကြိုးစားနေ**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် မီဒီယာနှင့် သတင်းအချက်အလက်ဆိုင်ရာ သိနားလည်မှုသင်တန်း အမှတ်စဉ်(၁) သင်တန်းသား သင်တန်းသူများနှင့် တွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၁၁**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဖွင့်လှစ်သည့် မီဒီယာနှင့် သတင်းအချက်အလက်ဆိုင်ရာ သိနားလည်မှုသင်တန်း အမှတ်စဉ်(၁)၌ တက်ရောက်နေသော သင်တန်းသား သင်တန်းသူများအား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။**(ယာပုံ)**





**အမြဲတမ်းလေ့လာသင်ယူ**

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က မီဒီယာနှင့် သတင်းအချက်အလက်ဆိုင်ရာ သိနားလည်မှု သင်တန်းသည် ခေတ်ကာလအလျောက် ပေါ်ပေါက်လာသည့် သင်တန်းဖြစ်ကြောင်း၊ လက်ရှိဖြစ်ပေါ်နေသည့် အခြေအနေများကို ပိုမိုသိရှိနားလည်ပြီး ထိထိရောက်ရောက် လုပ်ကိုင်ဆောင်ရွက်နိုင်ရန် သင်ကြားပေးခြင်း ဖြစ်ကြောင်း၊ ပြောင်းလဲနေသည့် ပတ်ဝန်းကျင် အနေအထားနှင့် အဆင်ပြေလိုက်လျော ညီထွေဖြစ်အောင် အကောင်းဆုံးမလုပ်နိုင်ပါက ရှင်သန်နိုင်မည်၊ ရပ်တည်နိုင်မည် မဟုတ်သည့်အတွက် အမြဲတမ်းလေ့လာသင်ယူကြရမည်ဖြစ်ကြောင်း။

တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနများက ဆောင်ရွက်နေသည့် လူထုအခြေပြု ဗဟိုဌာနများ အောင်မြင်အောင် အကောင်အထည်ဖော်ရန်နှင့် အကျိုးရှိရှိ အသုံးပြုသွားရန် လိုအပ်ကြောင်း၊ လူထုအခြေပြု ဗဟိုဌာနများတွင် ပြည်သူ့စကားဝိုင်းများ၊ စာဖတ်ဝိုင်းများ ဆောင်ရွက်နေကြောင်း၊ ထို့ပြင် နိုင်ငံ၏ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး စသည့် အရေးပါသည့် ကိစ္စရပ်များအပြင် အခြားကိစ္စရပ်များကိုလည်း လူထုအခြေပြု ဗဟိုဌာန၌ လာရောက်ညှိနှိုင်းတိုင်ပင် ဆွေးနွေးနိုင်အောင် စီစဉ်ဆောင်ရွက်ပေးရမည် ဖြစ်ကြောင်း။

**ရှင်းလင်းတင်ပြ**

သတင်းရေးသားရာတွင် အကြောင်းအရာ၊ အချက်အလက် မှန်ကန်ရန်လိုအပ်ကြောင်း၊ စာနယ်ဇင်းကျင့်ဝတ်(သို့မဟုတ်) စာနယ်ဇင်းသမားကောင်းများ လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများ၊ စောင့်ထိန်းရမည့် ကျင့်ဝတ်များကို လိုက်နာရန်လိုအပ်ကြောင်း၊ ယခုအခါ မီဒီယာနှင့် သတင်းအချက်အလက်ဆိုင်ရာ သိနားလည်မှုသင်တန်းကို သင်ကြားပို့ချပေးရခြင်းမှာ သတင်းများတွင်ပါဝင်သည့် အချက်အလက်များကို သေချာစွာ ခွဲခြမ်းစိတ်ဖြာပြီး စိစစ်အတည်ပြု ချင့်ချိန်ယုံကြည်တတ်ရန်ဖြစ်ကြောင်း၊ ဒီမိုကရေစီ၏ အနှစ်သာရတစ်ခုဖြစ်သော ပြည်သူကိုကိုယ်စားပြုသည့်စနစ်ကို ပြသသော ရွေးကောက်ပွဲကို ပြည့်ပြည့်ဝဝ မှန်မှန်ကန်ကန်ဖြစ်စေရန်နှင့် အများပြည်သူက စိတ်ပါဝင်စားပြီး ရွေးကောက်ပွဲတွင် ပူးပေါင်းပါဝင်ဆောင်ရွက်တတ်လာစေရန်လည်း ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၏ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်များရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနများမှ သတင်းပေးပို့မှု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ပြည်သူ့စကားဝိုင်းများ၊ စာဖတ်ဝိုင်းများနှင့် လူထုအခြေပြုဗဟိုဌာနများတွင် လှုပ်ရှားဆောင်ရွက်နိုင်မှုတို့ကို ရှင်းလင်းတင်ပြသည်။

**ဖြည့်စွက်ဆွေးနွေး**

ယင်းနောက် သင်တန်းသားများက တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် လူထုအခြေပြုဗဟိုဌာနများကို အခြေပြုပြီး ဆောင်ရွက်နေသည့် လှုပ်ရှားမှုများ၊ ပြည်သူ့စကားဝိုင်းများ၊ ကျေးလက်စကားဝိုင်းများ၊ စာဖတ်ဝိုင်းများ ကျင်းပပေးနေမှုနှင့် လုပ်ငန်းအခက်အခဲများကို တင်ပြကြသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးအောင်လှထွန်းနှင့် အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်တို့က အခြားသောဌာနဆိုင်ရာများနှင့် ပိုမိုချိတ်ဆက် ပေါင်းစပ်ဆောင်ရွက်နိုင်ရေး၊ ခေတ်နှင့်လျော်ညီသည့် ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်သွားရေးတို့နှင့်စပ်လျဉ်း၍ ဖြည့်စွက်ဆွေးနွေးကြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ပြန်လည်သုံးသပ်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့သည်။

**တက်ရောက်**

အဆိုပါ မီဒီယာနှင့် သတင်းအချက်အလက်ဆိုင်ရာ သိနားလည်မှုသင်တန်းကို ဇူလိုင် ၈ ရက်မှ ၁၈ ရက်အထိ နေပြည်တော်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးချုပ် သင်တန်းကျောင်း(ဒက္ခိဏ)၌ ဖွင့်လှစ်သင်ကြားပေးလျက်ရှိပြီး တိုင်းဒေသကြီး၊ ပြည်နယ် ပြန်/ဆက်ရုံးများမှ လက်ထောက်ညွှန်ကြားရေးမှူး ၁၉ ဦး တက်ရောက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

---

○ **စာမျက်နှာ ၈ မှ**

ပိုပြီးအရေးကြီးတာက ကိုယ့်နိုင်ငံအတွက် ရေရှည်အတွက် စဉ်းစားရင် Clean Energy၊ Green Energy ကို အားပေးတဲ့ နိုင်ငံဖြစ်ရင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန အနေနဲ့လုပ်နေတာ Energy Friendly၊ Environment Friendly၊ Mixed ကတော့ ရှိရမှာပါပဲ။ အခုပြည်သူတွေက ကျောက်မီးသွေးကို ကန့်ကွက်ကြတယ်။ ယိုကိုဟားမားမှာလည်း ကျောက်မီးသွေးသုံးတယ်။ ပဲရစ်မှာလည်း သုံးတယ်။ ဂျာမနီမှာလည်း သုံးတယ်။ ကျောက်မီးသွေးသုံး နည်းပညာက မြင့်တယ်။ ဘာပဲဖြစ်ဖြစ် ဖြစ်နိုင်ရင်တော့ Substainable Energy ကိုပဲ ဖြစ်စေချင်တယ်။ အကောင်းဆုံးပါ။ ရာသီဥတုကို အခြေခံတဲ့ ရေအားလျှပ်စစ်က စိတ်မချရရင် ဆိုလာမျိုးကို စဉ်းစားစေချင်တယ်။

**ဦးကိုကို(စက်မှုတက္ကသိုလ်)။** ။ကျွန်တော်တို့က ဒီနေ့ အများကြီး ဆွေးနွေးခဲ့ပါပြီ။ ဒါကြောင့် အဆုံးသတ်အနေနဲ့ ဆွေးနွေး အကြံပြုချင်တာတွေရှိရင်လည်း ပြောကြားပေးကြစေလိုပါတယ်။

**ဒေါ်ခိုင်ခိုင်နွယ်။** ။ကျွန်မကတော့ လုပ်ငန်းရှင်လည်းဖြစ်တယ်။ လုပ်ငန်းရှင်တွေဘက်က ပြောရရင်တော့ ကိုယ့်လုပ်ငန်းကို အောင်မြင်အောင်၊ ကိုယ့်လုပ်ငန်းနဲ့ သက်ဆိုင်တဲ့ sector အောင်မြင်အောင် လုပ်ချင်ကြတယ်။ ကိုယ့်လုပ်ငန်း အောင်မြင်သလို နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အများကြီး လုပ်ပေးချင်တဲ့သူတွေပါ။ နိုင်ငံအနေနဲ့ Industrialization သွားတယ်၊ Value Chain သွားကြတဲ့အခါ အခြေခံအဆောက်အအုံအတွက်ကတော့ လျှပ်စစ်ကတော့ မရှိမဖြစ် လိုအပ်တာပါ။ လျှပ်စစ်ပိုင်းဆိုင်ရာက အပြည့်အဝရခဲ့ရင် ဒါထက်ကို တိုးချဲ့ပြီး လုပ်နိုင်မှာပါ။ ဒီအတွက် ဒုတိယဝန်ကြီးတို့အနေနဲ့ ကာလတိုနဲ့လုပ်ပေးဖို့ ဆွေးနွေးချင်ပါတယ်။

**ထက်ထက်ထွန်း။** ။ကျွန်မအနေနဲ့ကတော့ ပြည်သူတွေဘက်က မီတာခတိုးပြီး ကောက်ခံတာနဲ့ ရင်ဆိုင်နေရတယ်။ ဒါပေမယ့် ဒီနေ့မှာ ဆွေးနွေးကြတဲ့အခါ နိုင်ငံတစ်ခုလုံးအတွက် ကိုယ်သုံးနေရတဲ့ ပမာဏတစ်ခုကို နည်းနည်းထပ်တိုးပြီးတော့ ပေးလိုက်ရတဲ့ သဘောဖြစ်တာမို့ ဒါကိုအကောင်းဆုံး လက်ခံနိုင်ဖို့ ပြည်သူတွေအနေနဲ့ ကြိုးစားရတော့မှာပါ။ တကယ်လည်း ကိုယ်သုံးခဲ့တာဖြစ်တဲ့အတွက် လက်မခံလို့လည်း မရတော့ဘူး။ ပြည်သူတွေအနေနဲ့ ဒီပြဿနာကို အကောင်းဆုံးဖြေရှင်းနိုင်ဖို့အတွက် အချက်တစ်ခုက မီတာခကို အများကြီးမဆောင်ချင်ဘူးဆိုရင် အလေအလွင့်မရှိအောင် ဘယ်လိုသုံးစွဲရမယ်ဆိုတဲ့ အတွေးမျိုး ပြည်သူတွေဆီ ရောက်ရှိစေချင်ပါတယ်။ ဒုတိယဝန်ကြီးအနေနဲ့ ပြည်သူတွေကို ဘယ်လိုသတင်းစကား ပေးချင်တာရှိပါသလဲ။ ဒါကလည်း ဖြေရှင်းတဲ့နည်းထဲမှာ တစ်ချက်အဖြစ် ပါမယ်ထင်ပါတယ်။

**ဒုတိယဝန်ကြီး။** ။ဝန်ကြီးဌာန၊ အစိုးရဆိုတာကလည်း တကယ်တော့ ပြည်သူပါပဲ။ ပြည်သူတွေရဲ့ နေ့စဉ် နေမှု၊ ထိုင်မှု အားလုံး အဆင်ပြေဖို့ လုပ်တဲ့အခါ လျှပ်စစ်ဆိုတာ အဆင်ပြေစေဖို့ ဝင်ရောက်လုပ်ကိုင်ပေးတဲ့ ပြည်သူပါပဲ။ ဒီအခါမှာ ပြည်သူတွေအနေနဲ့ မီတာခတွေ အများကြီးမကျအောင် ကိုယ်သုံးစွဲတဲ့ အလေ့အထလေးတွေ မှန်မှန်ကန်ကန် နေထိုင်ဆောင်ရွက်ဖို့ အကြံပြုတာဖြစ်ပါတယ်။ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားကနေ လျှပ်စစ်ဓာတ်အားကို ဘယ်လိုချွေတာသုံးစွဲရမလဲဆိုတာ အကြံပြုချက်ကို ထုတ်လွှင့်ပေးနေတာ

**ဒီနေ့မှာ ဆွေးနွေးကြတဲ့အခါ နိုင်ငံတစ်ခုလုံးအတွက် ကိုယ်သုံးနေရတဲ့ ပမာဏတစ်ခုကို နည်းနည်းထပ်တိုးပြီးတော့ ပေးလိုက်ရတဲ့ သဘောဖြစ်တာမို့ ဒါကိုအကောင်းဆုံး လက်ခံနိုင်ဖို့ ပြည်သူတွေအနေနဲ့ ကြိုးစားရတော့မှာပါ။ တကယ်လည်း ကိုယ်သုံးခဲ့တာဖြစ်တဲ့အတွက် လက်မခံလို့လည်း မရတော့ဘူး။ ပြည်သူတွေအနေနဲ့ ဒီပြဿနာကို အကောင်းဆုံးဖြေရှင်းနိုင်ဖို့အတွက် အချက်တစ်ခုက မီတာခကို အများကြီးမဆောင်ချင်ဘူးဆိုရင် အလေအလွင့်မရှိအောင် ဘယ်လို သုံးစွဲရမယ်ဆိုတဲ့အတွေးမျိုး ပြည်သူတွေဆီ ရောက်ရှိစေချင်**

အလေအလွင့်ဖြစ်စေတာမျိုးကို အကျင့်ပါနေတာမျိုးရှိပါတယ်။ မီတာခ အများကြီးမဆောင်ချင်ပေမယ့် မလိုအပ်ဘဲ လေအေးပေးစက်တွေ ဖွင့်ထားတာ၊ ကွန်ပျူတာတွေ ဖွင့်ထားတာ ဒါမျိုးတွေရှိပါတယ်။ ဒါကြောင့် အလေ့အလွင့်မရှိဘဲ သေချာစိစစ် သုံးစွဲတတ်အောင် ရှိပါတယ်။ လိုက်နာဆောင်ရွက်ဖို့ ခက်ခဲမှု မရှိပါဘူး။ လျှပ်စစ်ကို မသုံးဘဲ ချွေတာပါလို့ ပြောတာမဟုတ်ပါဘူး။ လျှပ်စစ်ကို သုံးပါ။ ဒါပေမယ့် မဖြုန်းပါနဲ့။ လွဲတဲ့အသုံးမျိုး ဖြစ်မနေစေချင်တာဖြစ်ပါတယ်။

နောက်တစ်ခုအနေနဲ့ စက်မှုလုပ်ငန်းရှင်တွေကို အကြံပြုချင်တာက စက်မှုလုပ်ငန်းကဏ္ဍမှာသုံးတဲ့ လျှပ်စစ်ပစ္စည်းတွေ ဝယ်ယူတဲ့အခါ Energy Efficiency ကောင်းတဲ့စက်တွေရွေးဖို့ အင်မတန် အရေးကြီးတယ်လို့ ဆွေးနွေးချင်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ဓာတ်အားခန့်မှန်းထားတွေ အပြောင်းအလဲလုပ်ပြီးတော့ Save လုပ်နိုင်မယ့်ဝင်ငွေကနေ တစ်နိုင်ငံလုံးအတွက် ဓာတ်အားပေးစက်ရုံတွေ တိုးချဲ့တည်ဆောက်ဖို့ သုံးစွဲသွားမှာ ဖြစ်ပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးမှာ ပင်မဓာတ်အားခွဲရုံ အသစ်တွေလည်း တည်ဆောက်ပေးရဦးမှာ ဖြစ်ပါတယ်။ ဒီပင်မဓာတ်အားခွဲရုံတွေ တိုးချဲ့တည်ဆောက်သွားမှာဖြစ်ပြီးတော့ Transmission လိုင်းတွေ တိုင်းဒေသကြီးနဲ့ ပြည်နယ်အနှံ့ကို ဆက်လက်ကြိုးပမ်းတည်ဆောက်သွားမှာပါ။ ဒီဘဏ္ဍာရန်ပုံငွေတွေကို အလေအလွင့်မရှိဘဲ နိုင်ငံအတွက် အဓိကကျတဲ့ အခြေခံအဆောက်အအုံတွေ တည်ဆောက်ပေးသွားဖို့ ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ ဆောင်ရွက်သွားမှာပါ။ အနာဂတ် မျိုးဆက်သစ်တွေအတွက် လျှပ်စစ်နဲ့ပတ်သက်ပြီး ပြည့်စုံအောင် အဓိကထားပြီး ဖြေရှင်းသွားဖို့ ရည်ရွယ်ကြိုးပမ်းနေတာ ဖြစ်ပါတယ်။

**ဒေါက်တာအောင်ထွန်းသက်။** ။ဒီနေ့ ဆွေးနွေးပွဲမှာ လျှပ်စစ်ဓာတ်အားခ ပြောင်းလဲတာနဲ့တင် မကဘူး။ Sectoral Reform အတွက်ပါ ဆွေးနွေးနိုင်ခဲ့တယ်။ နောက်ဆုံးချုပ်ရမှာကတော့ ပြည်သူတွေ တစ်ဦး တစ်ယောက်ချင်းကလည်း တာဝန်ယူဖို့လိုတယ်။ တာဝန်သိဖို့ လိုပါတယ်လို့လည်း ဆွေးနွေးချင်ပါတယ်။ အဓိက လျှပ်စစ်နဲ့ ပတ်သက်လာရင် သုံးကြပါ၊ မဖြုန်းကြပါနဲ့ဆိုတဲ့ သတင်းစကားနဲ့ အဆုံးသတ်ချင်ပါတယ်။

**ဦးကိုကို(စက်မှုတက္ကသိုလ်)။** ။အခုလို လာရောက်ဆွေးနွေးကြတဲ့အတွက် အားလုံးကို ကျေးဇူးတင်ပါတယ်။ ။

☆ ကျောဖုံးမှ

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)မှ အစပြုလိုက်သည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အကောင်အထည်ဖော်သည့်နေရာ၌ အခက်အခဲများ ကြုံတွေ့လာရချိန်တွင် မိမိတို့အားလုံး၏ စိတ်ရင်းအမှန်၊ ခံယူချက်အမှန်များ အထင်အရှားထွက်ပေါ်လာခဲ့ပါကြောင်း၊ ဝမ်းမြောက်ဖွယ်ရာကောင်းသည်မှာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် မပျက်ပြားစေရန် စိုးရိမ်ပူပန်စိတ်ကြောင့် မိမိတို့အကြားနားလည်မှုများရရှိပြီး ပိုမိုညီညွတ်လာခဲ့ကြပါကြောင်း၊ ကြုံတွေ့ခဲ့ရသည့် အခက်အခဲများကြောင့် မိမိတို့အားလုံး နိုင်ငံရေးရင့်ကျက်မှုရရှိလာခဲ့ပါကြောင်း။

**စိန်ခေါ်မှုများကြားမှ အခွင့်အလမ်းများရယူ**

မိမိတို့ ဘုံပိုင်ဆိုင်သည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို လမ်းကြောင်းမှန်မှ သွေဖည်သွားစေရန်၊ ပျက်ပြားသွားစေရန်၊ ကြန့်ကြာစေရန် လုပ်ဆောင်နေသူများလည်း ရှိနေမည်ဖြစ်ပါကြောင်း၊ သို့သော် မိမိတို့အချင်းချင်းအကြားတွင် ယုံကြည်မှုများပိုမိုခိုင်မာအောင် တည်ဆောက်နိုင်ပြီဖြစ်သည့်အတွက် အောင်မြင်မည်ဆိုသည်ကို အခိုင်အမာယုံကြည်ပါကြောင်း၊ မည်သည့်လုပ်ငန်းစဉ်မဆိုအခက်အခဲ၊ အတားအဆီးများရှိမြဲဖြစ်ပါကြောင်း၊ ယခုဆိုလျှင် ထိုအခက်အခဲများကြောင့် ပို၍ကျောချင်းကပ်လာခဲ့ကြပါကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် တန်ဖိုးထားမှုများကြောင့် စိတ်ရှည်သည်းခံမှုနှင့် စာနာနားလည်မှုများဖြစ်ပေါ်လာခဲ့ပါကြောင်း၊ တွေ့ကြုံခဲ့ရသည့် အခက်အခဲများကြောင့် ယုံကြည်မှုတည်ဆောက်ရေးကို တိုး၍ ခိုင်မာလာစေပြီး စိန်ခေါ်မှုများကြားမှ အခွင့်အလမ်းများရယူနိုင်သည့် အတွေ့အကြုံတစ်ရပ်လည်းရရှိလာပါကြောင်း။

ယနေ့ ဆွေးနွေးပွဲသည် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ တတိယအစည်းအဝေးနောက်ပိုင်း ရှစ်ကြိမ်မြောက် တွေ့ဆုံမှုလည်းဖြစ်ပါကြောင်း၊ ရှစ်လတာကာလအတွင်း ရှစ်ကြိမ်မြောက်တွေ့ဆုံခဲ့ခြင်းမှာ အနည်းဆုံး တစ်လတစ်ကြိမ် တွေ့ဆုံမှုရှိနေသည်ဟု ပြောနိုင်ပါကြောင်း၊ ယနေ့ဆွေးနွေးပွဲတွင် နှစ်ဖက်အကြား ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ရှေ့ဆက်ရာတွင် မည်သို့ဆက်၍ ဆောင်ရွက်ကြမည်ဆိုသည်ကို အလေးပေးဆွေးနွေးကြမည်ဖြစ်ပါကြောင်း။

**အစိုးရဘက်မှကမ်းလှမ်းထား**

ဇွန် ၁၃ ရက်နှင့် ၁၄ ရက်တို့တွင်ပြုလုပ်ခဲ့သည့် UPDJC အတွင်းရေးမှူးများ အလွတ်သဘောအစည်းအဝေးတွင် အစိုးရဘက်မှကမ်းလှမ်းထားသည့် တစ်ချိန်တည်း တစ်ပြိုင်တည်း လျှောက်လှမ်းရမည့် လမ်းကြောင်းလေးခု အပေါ်တွင်လည်း RCSS ၏သဘောထားများထည့်သွင်း ဆွေးနွေးပေးရန် မျှော်လင့်ပါကြောင်း၊ ထို့အတူ RCSS နှင့် အစိုးရအကြား နှစ်ဖက်ပူးတွဲလုပ်ကိုင်ဆောင်ရွက်နိုင်မည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ဆွေးနွေးကြမည်ဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကြီးတစ်ခုလုံးနှင့် ပတ်သက်သည့်ကိစ္စများအပြင် တစ်ဖွဲ့ချင်းဆိုင်ရာ ကိစ္စရပ်များလည်း ပါဝင်နေသည့်အတွက် ယနေ့ဆွေးနွေးပွဲသည် အရေးကြီးပါကြောင်း။

ယခုဆွေးနွေးပွဲတွင် ပွင့်ပွင့်လင်းလင်းဆွေးနွေးပေးကြရန်၊ အခက်အခဲများရှိပါက ဝိုင်းဝန်းအဖြေရှာပေးကြရန်၊ တစ်ဖွဲ့ချင်းကိစ္စရပ်များအပြင် အဖွဲ့အားလုံးအတွက် အကြံပြုထားသည့်နည်းလမ်းများကိုလည်း ဆွေးနွေးပေးကြရန် ပြောကြားလိုပါကြောင်း၊ အစိုးရဘက်က ဆောင်ရွက်ပေးရမည့်ကိစ္စရပ်များရှိပါက ပွင့်ပွင့်လင်းလင်းပြောကြားစေလိုပါကြောင်း ပြောကြားသည်။

**ပြန်လည်သုံးသပ်**

ထို့နောက် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) ငြိမ်းချမ်းရေးဆွေးနွေးရေးကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင် စဝ်ဘောင်ခေးက ယနေ့ဆွေးနွေးပွဲသည် မတ် ၁၁ ရက်တွင် ပြုလုပ်ခဲ့သည့် NRPC-RCSS ဆွေးနွေးပွဲ၏ အဆက်ဖြစ်ပြီး ယခင်အစည်းအဝေး၏ သဘောထားစုစည်းချက်များအပေါ်တွင် မည်မျှအထိ အကောင်အထည်ဖော် ဆောင်ရွက်နိုင်သည်ကို ပြန်လည်သုံးသပ်ရန် လိုအပ်ပါကြောင်း၊ ၂၀၁၉ ခုနှစ် မတ် ၁၁ ရက်တွင် ကျင်းပသည့် အစည်းအဝေးသဘောထားမှတ်ချက်အတိုင်း ဖမ်းဆီးခံထားရသည့် RCSS အဖွဲ့ဝင်(၃၀)ကို ပြန်လည်လွှတ်ပေးခဲ့သည့်အတွက် နိုင်ငံတော်အစိုးရအား အထူးပင် ကျေးဇူးတင်ရှိပါကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် ပတ်သက်၍အားလုံးအတွက် အဆင်ပြေအောင်ပြီးခဲ့သည့် ငါးလတာကာလအတွင်း နှစ်ဦးနှစ်ဖက်ကြိုးပမ်းဆောင်ရွက်နေခြင်းမှာ ကောင်းမွန်သည့်ချဉ်းကပ်မှုဖြစ်ပါကြောင်း။

ယနေ့အစည်းအဝေးတွင် (၂၁) ရာစုပင်လုံညီလာခံ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ တရားဝင်ကျင်းပနိုင်ရေးကိစ္စရပ်များကို အပြန်အလှန်အကျေအလည်ဆွေးနွေးပြီး ငြိမ်းချမ်းရေးရှေ့ခရီးအတွက် ညှိနှိုင်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ နိုင်ငံရေးသဘောတူညီချက်မရသေးခင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆောင်ရွက်နေသောကြားကာလတွင် သက်ဆိုင်သည့်အဖွဲ့အစည်းများနှင့် ဒေသခံပြည်သူလူထုအတွက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများကို ညှိနှိုင်းဆောင်ရွက်သွားကြရမည်ဖြစ်သည့်အတွက် ယနေ့အစည်းအဝေးတွင် ဆွေးနွေးသွားကြရမည်ဖြစ်ပါကြောင်း။

၂၀၂၀ပြည့်နှစ်မတိုင်မီနှင့် ၂၀၂၀ပြည့်နှစ်အလွန်တွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အခင်းအကျင်းနှင့် ဖက်ဒရယ်တည်ဆောက်ရေးလမ်းစဉ်များကို တိကျသည့် အစီအစဉ်အချိန်ဇယား ချမှတ်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ သို့မှသာ မိမိတို့လိုလားသည့် ဖက်ဒရယ်ပြည်ထောင်စုကို တစ်ဆင့်ပြီးတစ်ဆင့် တည်ဆောက်သွားနိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

**ဆောင်ရွက်ချက်များကို ရှင်းလင်း**

ယင်းနောက် တာဝန်ရှိသူများက အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၏ ငြိမ်းချမ်းရေးဆိုင်ရာဆောင်ရွက်ချက်များနှင့် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ၏ ငြိမ်းချမ်းရေးဆိုင်ရာဆောင်ရွက်ချက်များကို ရှင်းလင်းကြသည်။

ထို့နောက် ဆွေးနွေးပွဲတက်ရောက်လာကြသူများက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များဖြစ်သည့် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပရေးကိစ္စ၊ တရားဝင်ဆွေးနွေးပွဲများကျင်းပနိုင်ရေးကိစ္စ၊ ၂၀၁၉ ခုနှစ်အတွင်း ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ စတုတ္ထအကြိမ်အစည်းအဝေးကျင်းပနိုင်ရေးကိစ္စတို့နှင့် စပ်လျဉ်း၍လည်းကောင်း၊ ဒေသဖွံ့ဖြိုးရေးကိစ္စများဖြစ်သည့် မုံးထဒေသနှင့် နမ့်ပန်ခွန်ဒေသမြောက်ပိုင်း ဖွံ့ဖြိုးရေးလုပ်ငန်းများကိစ္စ၊ စာသင်ကျောင်းများနှင့် ကျေးလက်ဆေးပေးခန်းများ ဆောက်လုပ်ရေးလုပ်ငန်းကိစ္စများနှင့် စပ်လျဉ်း၍လည်းကောင်း၊ မူးယစ်ဆေးဝါးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းကိစ္စနှင့် အကျဉ်းကျနေသည့် RCSS တပ်ဖွဲ့ဝင်များ ပြန်လည်လွတ်မြောက်ရေးကိစ္စများနှင့် စပ်လျဉ်း၍လည်းကောင်းဆွေးနွေးကြသည်။

ဆက်လက်၍ နှစ်ဖက် သဘောထားစုစည်းချက်များရယူခြင်းကိုဆောင်ရွက်ကြသည်။

**ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်**

ထို့နောက် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) ငြိမ်းချမ်းရေးဆွေးနွေးရေးကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် စဝ်ဘောင်ခေးက ယနေ့အစည်းအဝေးတွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအတွက် ပွင့်လင်းရင်းနှီးစွာ ဆွေးနွေးနိုင်ခဲ့ပြီး နှစ်ဦးနှစ်ဖက်ကြားတွင် နားလည်မှု၊ ယုံကြည်မှု၊ အသိအမှတ်ပြုမှုနှင့် တန်းတူညီမှုများပိုမိုရရှိခဲ့ပါကြောင်း၊ ၂၀၁၉ ခုနှစ်အတွင်း စတုတ္ထအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ကျင်းပနိုင်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရန် သဘောထားချမှတ်နိုင်ခဲ့ပါကြောင်း။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ရှေ့ဆက်နိုင်ရေးအတွက် အစိုးရ၏ အဆိုပြုချက်(၄)ရပ်ကို ဆွေးနွေး၍ ရှေ့ခရီးတွင် မည်သည့်အရာများကို လုပ်ဆောင်သင့်သည်ကို ညှိနှိုင်းနိုင်ခဲ့ပြီး ထိုအဆိုပြုချက်(၄)ချက်ကို EAO အစုအဖွဲ့အတွင်း ဆက်လက်ဆွေးနွေးသွားရန် ရှိပါကြောင်း၊ ယနေ့ဆွေးနွေးပွဲတွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးအတွက် အပြုသဘောဆောင်သော ထိုက်သင့်သည့်ရလဒ်များကို ရရှိခဲ့ပါကြောင်း ပြောကြားသည်။

ယင်းနောက် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ဒုတိယဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းက ယနေ့ဆွေးနွေးပွဲတွင် နှစ်ဦးနှစ်ဖက် ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြပြီး သဘောတူညီချက် ရှစ်ချက်ရရှိပါကြောင်း၊ အဆိုပါ ရှစ်ချက်သည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပါဝင်သည့်အချက်များ၊ ဒေသဆိုင်ရာဖွံ့ဖြိုးမှုကိစ္စများကို အခြေခံရရှိလာသည့် အသီးအပွင့်များဖြစ်ပြီး မိမိတို့ပြည်သူများအားလုံး ခံစားကြရမည်ဖြစ်ပါကြောင်း၊ မိမိတို့၏ဆွေးနွေးချက်များသည် တိုင်းရင်းသားပြည်သူများနှင့် သက်ဆိုင်ရာဒေသရှိ ပြည်သူများ၏ အကျိုးစီးပွားကိုဖော်ဆောင်နိုင်သည့်အတွက် များစွာပီတိဖြစ်ရပါကြောင်း၊ ထို့ကြောင့် မိမိတို့နှစ်ဖက်အနေဖြင့် ယခုဆွေးနွေးပွဲကို နမူနာယူ၍ ရှေ့ဆက်ပြီးတစ်ဦးနှင့်တစ်ဦး ပွင့်ပွင့်လင်းလင်း အမြင်ချင်းဖလှယ်ဆွေးနွေးကြမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆွေးနွေးပွဲအပြီးတွင် ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးနှင့် ရှမ်းပြည်ပြန်လည် ထူထောင်ရေးကောင်စီ(RCSS) အတွင်းရေးမှူး (၂)ဦးစိုင်းငင်းတို့က ယနေ့ဆွေးနွေးပွဲနှင့် စပ်လျဉ်း၍ သတင်းမီဒီယာများအား ရှင်းလင်းပြောကြားကြသည်။

**သဘောထားစုစည်းချက် ရှစ်ချက်ရရှိ**

သတင်းစာရှင်းလင်းပွဲတွင် ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက ယနေ့ NRPC နှင့် RCSS ဆွေးနွေးပွဲမှာ အလွတ်သဘောဆွေးနွေးပွဲများ အပါအဝင် ရှစ်လအတွင်း ရှစ်ကြိမ်မြောက် ရှိပြီဖြစ်ပါကြောင်း၊ ယခု ရှစ်ကြိမ်မြောက် အစည်းအဝေးတွင် အဓိကအားဖြင့် သဘောထားစုစည်းချက် ရှစ်ချက်ရရှိပါကြောင်း၊ မိမိတို့ ဆွေးနွေးခြင်းများတွင် အဓိကအားဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဆိုင်ရာကိစ္စရပ်များ အပိုင်း(၁)ကို ဆွေးနွေးပါကြောင်း၊ အဓိက အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပနိုင်ရေးကိစ္စကို ဆွေးနွေးပါကြောင်း၊ တရားဝင်ဆွေးနွေးပွဲများ ပြန်လည်စတင်နိုင်ရန် ဆွေးနွေးပါကြောင်း၊ ထို့ပြင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ စတုတ္ထအကြိမ်အစည်းအဝေး ကျင်းပနိုင်ရေးကိစ္စအပေါ် သဘောထားများကို ဆွေးနွေးပါကြောင်း၊ ဒုတိယပိုင်းအနေဖြင့် ဒေသဖွံ့ဖြိုးရေးကိစ္စများကို ဆွေးနွေးပါကြောင်း၊ အထူးသဖြင့် မုန်းထော်ဒေသဖွံ့ဖြိုးရေးကိစ္စ၊ နမ့်ပန်ခွန်(မြောက်ခြမ်း) ဖွံ့ဖြိုးရေးကိစ္စ၊ စာသင်ခန်းနှင့် ကျေးလက်ဆေးပေးခန်းများ ဆောက်လုပ်ရေးကိစ္စများကို ဆွေးနွေးပါကြောင်း၊ တတိယပိုင်းအနေဖြင့် မူးယစ်ဆေးဝါးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရန် ဆွေးနွေးပါကြောင်း၊ အကျဉ်းကျခံနေရသည့် RCSS တပ်ဖွဲ့ဝင်များ ပြန်လည်လွတ်မြောက်ရန် ကိစ္စနှင့်စပ်လျဉ်း၍ ယနေ့ ထပ်မံတင်ပြလာသည့် အပေါ်တွင်လည်း ဆွေးနွေးပါကြောင်း၊ ဆွေးနွေးချက်များအပေါ်တွင် ပွင့်ပွင့်လင်းလင်းရင်းရင်းနှီးနှီးဆွေးနွေးခဲ့ပါကြောင်း၊ ပြဿနာပြေလည်ရေးကို အားလုံးက အပြုသဘောဆောင်၍ ဆွေးနွေးကြသည့်အတွက် ယနေ့ဆွေးနွေးပွဲသည် အောင်မြင်သည်ဟု ပြောရမည်ဖြစ်ပါကြောင်း။

အထူးသဖြင့် Time Line မှအစ အကြမ်းဖျင်းလျာထားချက်များကို ဆွေးနွေးပါကြောင်း၊ ယနေ့ဆွေးနွေးပွဲမှ ရလဒ်သည် RCSS နှင့် NRPC အကြားမှ စုစည်းချက်များ ဖြစ်ပါကြောင်း၊ ယင်းအပေါ်တွင် RCSS မှလည်း EAO များနှင့် ဆက်၍ဆွေးနွေးရမည်ဖြစ်ပါကြောင်း။

**အဆိုပြုသဘောတူထား**

NCA အကောင်အထည်ဖော်မှုများနှင့် ပတ်သက်ပြီး မိမိတို့နားလည်မှုများနှင့် ပြေလည်မှုများရအောင် အကြောင်းအရာများစွာ ပါရှိပါကြောင်း၊ Federal Principle များအား ညီလာခံတွင် မည်သည့် Federal Principle များရအောင်လုပ်မည်ဆိုသည်ကို ၂၀၂၀ ပြည့်နှစ်မတိုင်ခင်ဖြစ်စေ၊ နှစ်ဆန်းပိုင်းတွင်ဖြစ်စေ မိမိတို့ လုပ်ဆောင်မည်ဟု ရည်မှန်းပါကြောင်း၊ သို့သော်လည်း ယင်းကို ပြန်လည်အတည်ပြုမည်ဖြစ်ပါကြောင်း၊ ညီလာခံတွင် ဒီမိုကရေစီဖက်ဒရယ်အခြေခံမှုများ မည်သည့်အရာများ ရအောင်ဆောင်ရွက်မည်ဆိုသည်ကို လုပ်ဆောင်သွားမည်ဖြစ်ပါကြောင်း၊ နောက်တစ်ချက်မှာ ၂၀၂၀ ပြည့်နှစ် မတိုင်ခင်နှင့် ၂၀၂၀ ပြည့်နှစ် အလွန်တွင် ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ အဆင့်လိုက်သွားရမည့်ကိစ္စရပ်များကို မိမိတို့ဘက်က အဆိုပြုသဘောတူထားပါကြောင်း၊ နောက်ဆုံးအချက်မှာ ဖွံ့ဖြိုးရေးဖြစ်ပါကြောင်း။

အထူးသဖြင့် ပစ်ခတ်တိုက်ခတ်မှုရပ်စဲရေးရရှိသွားသည့် နယ်မြေဒေသများမှာ သိသိသာသာဖွံ့ဖြိုးရေးကို လိုပါကြောင်း၊ ဒေသခံပြည်သူများ ငြိမ်းချမ်းရေးအကျိုးတရားရရှိခံစားစေရေးကို မိမိတို့ အဓိကထားဆွေးနွေးကြခြင်းဖြစ်ပါကြောင်း၊ ယင်းကိုလည်း EAOs (၁၀) ဖွဲ့လုံးနှင့် အဆိုပြုထားမည်ဖြစ်ပြီး ဆောင်ရွက်ရန်လမ်းကြောင်း လေးခုရှိပါကြောင်း၊ တစ်ခုပြီး တစ်ခုမဟုတ်ဘဲ တစ်ချိန်တည်းတစ်ပြိုင်တည်း ဆောင်ရွက်သွားရန်ဖြစ်ပါကြောင်းပြောကြားသည်။

**သဘောတူညီချက်ရ**

အလားတူ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) အတွင်းရေးမှူး (၂) ဦးစိုင်းငင်းက "နံပါတ် ၁ အချက်က ငြိမ်းချမ်းရေးလုပ်ငန်းစဉ် တစ်ဆို့နေတာကို ရှေ့ခရီးမှာ ဘယ်လိုလုပ်ကြမယ်။ စတုတ္ထအကြိမ် ၂၁ ရာစုပင်လုံကိစ္စရယ်။ နောက်ပြီး တရားဝင် ဆွေးနွေးပွဲကိစ္စကို ဘယ်လိုလုပ်ကြမလဲ။ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကိစ္စတွေကို ဆွေးနွေးပါတယ်။ ကျွန်တော်တို့ နယ်မြေမှာရှိနေတဲ့ လူထုတွေအတွက် ဒေသဖွံ့ဖြိုးရေးကိစ္စတွေ၊ မူးယစ်ဆေးဝါးနဲ့ပတ်သက်တဲ့ ကိစ္စတွေ၊ ကျွန်တော်တို့ဘက်က လက်ကျန် အကျဉ်းသားကိစ္စတွေကို ကျွန်တော်တို့ သဘောတူညီချက်ရခဲ့ပါတယ်။

"ဒီအစည်းအဝေးကတော့ ကျွန်တော်တို့ နှစ်ဦးနှစ်ဖက်ကြားမှာ နားလည်မှုတွေ၊ ယုံကြည်မှုတွေ၊ အသိအမှတ်ပြုမှုတွေ၊ တန်းတူညီမှုတွေကို ပိုမိုတည်ဆောက်နိုင်ခဲ့တယ်။ ကောင်းမွန်တာတွေ ရတယ်လို့ပဲ ကျွန်တော်တို့ ပြောချင်ပါတယ်။ ၂၁ ရာစုပင်လုံကတော့ ဒီနှစ်အတွင်းမှာ ဒီဇင်ဘာလလား ဒါမှမဟုတ် နှစ်ဆန်း ဇန်နဝါရီ လပိုင်းလောက်မှာတော့ ကျင်းပလိုတဲ့ အနေအထားရှိပါတယ်။

"ကျွန်တော်တို့က အမျိုးသားအဆင့်ဆွေးနွေးပွဲလုပ်တယ်ဆိုတဲ့နေရာမှာ သူ့ရဲ့ လုပ်ထုံးလုပ်နည်းတွေ SOP တွေရှိပါတယ်။ အဲဒီအတိုင်းပဲ ကျွန်တော်တို့က ဆက်လက်သွားဖို့ရှိပါတယ်။ တချို့နားလည်မှုလွဲနေတာတွေကို ပြန်ညှိရမယ့်အပိုင်းလေးရှိပါတယ်။ ဆက်လက်ကျင်းပဖို့ လမ်းပွင့်သွားပြီလို့ ဆိုရမှာဖြစ်ပါတယ်"ဟု ပြောကြားသည်။

**ယုံကြည်မှုများ ပိုမိုတည်ဆောက်**

ဆက်လက်၍ ဦးဇော်ဌေးက အနှစ်ချုပ်ပြောရမည်ဆိုပါက ပြီးခဲ့သည့် ဇူလိုင် ၁၀ ရက်က ရန်ကုန်မြို့တွင် KNU နှင့် အလွတ်သဘောတွေ့ခဲ့သလို ကျန်သည့် NCA လက်မှတ်ထိုးထားသည့်အဖွဲ့က ခေါင်းဆောင်များနှင့်လည်း မိမိတို့တွေ့ဆုံခဲ့ပါကြောင်း၊ ၂၁ ရာစုပင်လုံ တတိယအစည်းအဝေးပြီးသည့် နောက်ရှစ်လခန့်အထိ အစည်းအဝေးများ မစတင်နိုင်ပါကြောင်း၊ ၎င်းမှာ နိုင်ငံတကာငြိမ်းချမ်းရေးဖြစ်စဉ်များတွင် ဖြစ်လေ့ဖြစ်ထရှိပြီး အတက်အကျရှိပါကြောင်း၊ ယင်းမှာ နှစ်ဖက်စိတ်ရှည်သည်းခံပြီး ဆောင်ရွက်ရသည့် ကိစ္စများဖြစ်ပါကြောင်း၊ မကြာခင်မှာလည်း မိမိတို့ တရားဝင်နိုင်ငံရေးအစည်းအဝေးများ အမြန်ဆုံးစတင်နိုင်ရန် အားလုံးက ကြိုးစားနေကြသည့်အတွက် အားရပါကြောင်း၊ နိုင်ငံရေးအရဖြေရှင်းကြသည့် နိုင်ငံရေးဆွေးနွေးပွဲများမှာ များစွာအခက်အခဲရှိပြီး ကျော်ဖြတ်ရမည့် ကိစ္စများရှိပါကြောင်း၊ နှစ်ပေါင်း ၇၀ ကျော်ကာလအတွင်း ယခုလို ငြိမ်းချမ်းရေးဆွေးနွေးပွဲမျိုး တစ်ခါမျှမရှိခဲ့ပါကြောင်း၊ နိုင်ငံရေးပြဿနာများကို ယခုလိုမျိုး ငြိမ်းငြိမ်းချမ်းချမ်း စားပွဲဝိုင်းတွင် စတင်ဖြေရှင်းသည့် ယဉ်ကျေးမှုမှာ ယခုရောက်နေပြီဖြစ်ပါကြောင်း၊ တွေ့ကြုံလာသည့် အခက်အခဲများကို ရင်ဆိုင်ဖြေရှင်းသည့်အခါ ယုံကြည်မှုများ ပိုမိုတည်ဆောက်နိုင်ပါကြောင်း၊ အထူးသဖြင့် RCSS နှင့်ကျန်သည့်ကြားကာလတွင် အလွတ်သဘောတွေ့ဆုံခဲ့သည့် အဖွဲ့များသည် များစွာနားလည်မှုနှင့် ယုံကြည်မှုရှိလာပါကြောင်း၊ တစ်ချိန်တည်းမှာ ရပ်ဆိုင်းနေသည့် အစည်းအဝေးများ စတင်နိုင်ရန် အလားအလာများစွာ ကောင်းသည်ဟု နိဂုံးချုပ်ပြောကြားလိုကြောင်း ပြောကြားသည်။

ဆွေးနွေးပွဲသို့ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) အဖွဲ့ဝင်များဖြစ်ကြသည့် ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်နှင့် ဒုတိယဗိုလ်ချုပ်ကြီးမင်းနောင်၊ ဒုတိယဝန်ကြီးဗိုလ်ချုပ်အောင်သူ၊ ဦးခင်မောင်တင်၊ ငြိမ်းချမ်းရေးကော်မရှင်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦး (ငြိမ်း)၊ ငြိမ်းချမ်းရေးကော်မရှင် အကြံပေးအဖွဲ့ဝင် ဦးလှမောင်ရွှေ၊ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေး၊ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) ငြိမ်းချမ်းရေးဆွေးနွေးရေးကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် စဝ်ဘောင်ခေး၊ ဦးစိုင်းငင်း၊ ဦးအောင်မြ၊ ဦးဆောင်းဟန်၊ ဦးစိုင်းဟန်၊ ဦးစိုင်းဦး၊ ဦးဒေဝိန်၊ ဦးစင်းသျှဲန်မိုင်တို့ တက်ရောက်ကြသည်။

**မျိုးမြင့်၊ မျိုးသူဟိန်း(သတင်းစဉ်)**

# အကျဉ်းထောင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုတိုးတက်ကောင်းမွန်စေရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဇူလိုင် ၁၁**

အကျဉ်းထောင်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုတိုးတက်ကောင်းမွန်စေရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက M Gallery ဟိုတယ်၌ ကျင်းပသည်။




**ကျင့်ဝတ်များနှင့်အညီ ဆောင်ရွက်ရမည်**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက အကျဉ်းကျခံရသူများအတွက် နိုင်ငံအတွင်းရှိ ပြည်သူများနည်းတူ အရည်အသွေးပြည့်ဝသော ကျန်းမာရေးစောင့်ရှောက်မှုများ ပေးအပ်ရန်မှာ ဆေးပညာကျင့်ဝတ်များ အရပင်ဖြစ်ပြီး အရေးကြီးပါကြောင်း၊ နေထိုင်ခဲ့ရာ နေရာဒေသ၊ အတန်းပညာတတ်မြောက်မှု၊ ကျန်းမာရေးအသိပညာကြွယ်ဝမှု၊ နေထိုင်စားသောက်မှု အမူအကျင့်နှင့် အလေ့အထ၊ စိတ်နေသဘောထား၊ ခံယူချက်၊ လူမျိုး၊ လူမှု-စီးပွားရေး၊ ကျန်းမာရေးစသည့် နောက်ခံအခြေအနေများ အမျိုးမျိုးကွဲပြားခြားနားသော အကျဉ်းကျခံရသူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် ရှုထောင့်မျိုးစုံမှ ထည့်သွင်းစဉ်းစားကာ အကျဉ်းကျခံရသူများ၏ ကျန်းမာရေးစောင့်ရှောက်မှုခံစားပိုင်ခွင့်၊ ဆေးပညာကျင့်ဝတ်၊ ပြည်သူ့ကျန်းမာရေးကျင့်ဝတ်များနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

နိုင်ငံတစ်ဝန်းရှိ အကျဉ်းထောင်များရှိ အကျဉ်းကျခံရသူများတွင် ဖြစ်ပွားတတ်သော ကျန်းမာရေးပြဿနာများ၊ အကျဉ်းထောင်များ၏ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် အကျဉ်းကျခံရသူများ၏ တစ်ကိုယ်ရေသန့်ရှင်းရေးကိစ္စရပ်များ၊ ယေဘုယျ ကျန်းမာရေးအခြေအနေများ၊ ကျန်းမာရေးစောင့်ရှောက်မှုအခြေအနေများ စသည့် အခြေခံအချက်အလက်များကို ဆန်းစစ်မှုပြုလုပ်သွားရမည်ဖြစ်ပါကြောင်း၊ အဆိုပါဆန်းစစ်မှုမှ တွေ့ရှိချက်များနှင့်အညီ အကျဉ်းထောင်များတွင် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ လုပ်ငန်းလမ်းညွှန်ကို မွမ်းမံပြင်ဆင်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ အကျဉ်းထောင်များမှ ဆေးရုံများသို့ လူနာများ ညွှန်းပို့ကုသရာတွင် အဆင်ပြေချောမွေ့စေရေးကိုလည်း တိုင်းဒေသကြီး/ပြည်နယ်အဆင့် ကျန်းမာရေးဌာနများမှ တာဝန်ရှိသူများ၊ ဆေးရုံအုပ်ကြီးများနှင့် ညှိနှိုင်းမှုများ ပြုလုပ်ကာ အလေးထားဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

**ဆန်းစစ်သုံးသပ်မှုများ ပြုလုပ်**

ဆေးရုံများရှိ အကျဉ်းသားလူနာဆောင်များ၏ လက်ရှိအခြေအနေများကို ဆန်းစစ်သုံးသပ်မှုများ ပြုလုပ်ကာ အားဖြည့်မွမ်းမံဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့် ကျန်းမာရေးဌာနများအနေဖြင့် စွမ်းဆောင်ရည်မြှင့်သင်တန်းများ ပြုလုပ်ရာတွင် အကျဉ်းထောင်များတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဆရာဝန်၊ ကျန်းမာရေးမှူးနှင့် သူနာပြုများ ပါဝင်တက်ရောက်နိုင်စေရေး ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

**ပံ့ပိုးဆောင်ရွက်သွားမည်**

ကျန်းမာရေးအဆင့်မြင့်အကျဉ်းထောင်များ ဖြစ်ပေါ်လာစေရေးနှင့် အကျဉ်းကျခံရသူများ လွတ်မြောက်ပါက ပြည်သူများထံ အဆင်ပြေချောမွေ့ ကျန်းမာစွာ ပြန်လည်ဝင်ရောက်နိုင်ရေးတို့အတွက် လူ့အခွင့်အရေး၊ ဆေးပညာကျင့်ဝတ်များနှင့်အညီ ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် အကျဉ်းထောင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုတိုးတက်ကောင်းမွန်အောင်မြင်စေရေးအတွက် အတတ်နိုင်ဆုံး ပံ့ပိုးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူက ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့် အကျဉ်းထောင်ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ နီးနွယ်ဌာနများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ အကျဉ်းထောင်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုတိုးတက်ကောင်းမွန်စေရေး ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် နံနက်ပိုင်းဆွေးနွေးတင်ပြမှုများကို ပြုလုပ်ခဲ့ပြီး ပြည်ထောင်စုဝန်ကြီးက နံနက်ပိုင်း တင်ပြချက်များအပေါ် ဆွေးနွေးမှာကြားသည်။

**ဝိုင်းဝန်းဆွေးနွေးအကြံပြု**

အဆိုပါ အစည်းအဝေးကို ဇူလိုင် ၁၂ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး အစည်းအဝေးတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနတို့မှ ပါမောက္ခများ၊ အထူးကုဆရာဝန်ကြီးများ၊ ပြည်သူ့ကျန်းမာရေးပညာရှင်များ၊ မြို့နယ်ဆရာဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ပြည်ထဲရေးဝန်ကြီးဌာန၊အကျဉ်းဦးစီးဌာနမှ ဆေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ United Nations Office on Drugs and Crime (UNODC)၊ Asian Harm Reduction Network (AHRN)၊ Myanmar Anti-Narcotics Association (MANA) နှင့် International Committee of the Red Cross (ICRC) တို့မှ ပညာရှင်များနှင့် တာဝန်ရှိသူများက အကျဉ်းထောင်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုတိုးတက်ကောင်းမွန်စေရေးဆိုင်ရာ ကိစ္စရပ်များကို အသေးစိတ်တင်ပြဆွေးနွေးမှုနှင့် ဝိုင်းဝန်းဆွေးနွေးအကြံပြုမှုများကို ဆောင်ရွက်၍ လုပ်ငန်းစဉ်များ ချမှတ်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ရှမ်းပြည်နယ်အတွင်းရှိ နိုင်ငံရေးပါတီများ တွေ့ဆုံဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် ဇူလိုင် ၁၁**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ရှမ်းပြည်နယ်အတွင်းရှိ နိုင်ငံရေးပါတီများ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် တောင်ကြီးမြို့ တောင်ကြီးဟိုတယ်၌ ကျင်းပသည်။



**တက်ရောက်**

အခမ်းအနားသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးစိုးရယ်၊ ဦးသန်းဋွေး၊ ဦးဆွေတင့်လွင် (ရှမ်းပြည်နယ်တာဝန်ခံများ)၊ ရှမ်းပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ရှမ်းပြည်နယ်အတွင်းရှိ ခရိုင်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များနှင့် ရွေးကောက်ပွဲအရာရှိများ၊ နိုင်ငံရေးပါတီ ၂၃ ပါတီမှ တာဝန်ရှိသူများ၊ ပါတီများနှင့် ဒီမိုကရေစီဆိုင်ရာ ဒိန်းမတ် အင်စတီကျု (Danish Institute for Parties and Democracy-DIPD) မှ မြန်မာနိုင်ငံဌာနေ ကိုယ်စားလှယ် ဒေါ်ခင်သဇင်မြင့်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးစိုးရယ်က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ရွေးကောက်ပွဲများကို လွတ်လပ်ရမည်၊ တရားမျှတရမည်၊ ပွင့်လင်းမြင်သာမှုရှိရမည်၊ အများယုံကြည်လက်ခံသည့် ရွေးကောက်ပွဲဖြစ်ရမည်၊ ပြည်သူ့ဆန္ဒနှင့် ရွေးကောက်ပွဲရလဒ် တစ်ထပ်တည်းဖြစ်ရမည်ဆိုသည့် စံငါးချက်နှင့်အညီ ကျင်းပလျက်ရှိကြောင်း၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ၂၀၁၉ ခုနှစ်ကို အခြေခံမဲဆန္ဒရှင်စာရင်းပြုစုရေးနှစ်အဖြစ် သတ်မှတ်ဆောင်ရွက်နေကြောင်း၊ အခြေခံမဲဆန္ဒရှင်စာရင်းရရှိရန် ပထမအဆင့်အနေဖြင့် ရပ်ကွက်/ကျေးရွာအုပ်စုအတွင်းရှိ အမှန်တကယ် နေထိုင်လျက်ရှိသော လူဦးရေစာရင်းကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ကောက်ယူပြုစုလျက်ရှိပြီး သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများက အခြေခံမဲဆန္ဒရှင်စာရင်းအဖြစ် ပြုစုသွားမည်ဖြစ်ကြောင်း၊ မဲဆန္ဒရှင်စာရင်း ပြည့်စုံမှန်ကန်စေရေးအတွက် ပြည်သူလူထုနှင့် သက်ဆိုင်ရာလူမှုအဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများမှ မဲဆန္ဒရှင် အသိပညာပေးလုပ်ငန်းစဉ်များတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ကြစေလိုကြောင်း။

**ရှင်းလင်းပြောကြား**

ယနေ့ပြုလုပ်သည့် တွေ့ဆုံညှိနှိုင်းအစည်းအဝေးသည် မြန်မာနိုင်ငံအခြေစိုက်ပါတီများနှင့် ဒီမိုကရေစီဆိုင်ရာ ဒိန်းမတ်အင်စတီကျု၏ ပူးပေါင်းမှုဖြင့် ပြုလုပ်ပေးသော တွေ့ဆုံဆွေးနွေးပွဲဖြစ်ပြီး DIPD သည် ဒိန်းမတ်နိုင်ငံလွှတ်တော်မှ ဥပဒေပြဌာန်းအတည်ပြုကာ ဒိန်းမတ်နိုင်ငံရေးပါတီများ ပါဝင်မှုဖြင့် ဖွဲ့စည်းထားသော နိုင်ငံတကာအဖွဲ့အစည်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် ၂၀၁၂ ခုနှစ်မှစတင်၍ နိုင်ငံရေးပါတီစကားဝိုင်းများ ကျင်းပပေးခြင်းဖြင့် နိုင်ငံရေးပါတီများ၏ စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်းကို ဆောင်ရွက်ခဲ့ပြီး မြန်မာ့ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးတွင် တစ်ထောင့်တစ်နေရာမှ အကူအညီပေးလျက်ရှိသော အဖွဲ့အစည်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် အခမ်းအနားတက်ရောက်လာသော နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများနှင့် စကားဝိုင်း ငါးဝိုင်းခွဲ၍ ဆွေးနွေးခဲ့ကြပြီး အကြံပြုဆွေးနွေးချက်များနှင့် မေးမြန်းချက်များကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးစိုးရယ်၊ ဦးသန်းဋွေးနှင့် ဦးဆွေတင့်လွင်တို့က ပြန်လည်ရှင်းလင်းဆွေးနွေးဖြေကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**


နေပြည်တော် စည်ပင်သာယာရေးကော်မတီရုံးမျက်နှာစာအား ရိုက်ကူးနေပုံ။

# မြန်မာ့အလှ၊ မြန်မာ့ယဉ်ကျေးမှုအခြေပြု ခရီးသွားမြှင့်တင်ရေးမှတ်တမ်း တရုတ်နိုင်ငံရုပ်သံလိုင်းအဖွဲ့ ရိုက်ကူး

**ရန်ကုန် ဇူလိုင် ၁၁**

မြန်မာ့အလှ၊ မြန်မာ့ယဉ်ကျေးမှုအခြေပြု ခရီးသွားမြှင့်တင်ရေးမှတ်တမ်းကို ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ၌ တရုတ်နိုင်ငံ ရှိန်ကျိန့်ရုပ်သံလိုင်း ရိုက်ကူးရေးအဖွဲ့က ရိုက်ကူးမှု ပြုလုပ်သည်။

ထိုသို့ ရိုက်ကူးမှုကို နေပြည်တော်ကောင်စီနယ်မြေရှိ ပုဗ္ဗသီရိမြို့နယ် ရာဇဌာနီလမ်းတစ်လျှောက်နှင့် ပဒုမ္မာကြာပန်းအဝိုင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီရုံးရှေ့ မျက်နှာစာတို့တွင် ရိုက်ကူးခြင်းဖြစ်ရာ သက်ဆိုင်ရာမှ ကူညီဆောင်ရွက်ပေးကြသည်။

ထို့ပြင် ဇူလိုင် ၉ ရက်က ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မင်္ဂလာတောင်ညွန့်မြို့နယ်မှ ကန်တော်ကြီးဥယျာဉ်၊ အလုံမြို့နယ်မှ ဗိုက်တောဈေး၊ ရန်ကင်းမြို့နယ်မှ ကံဘဲ့ဘူတာ၊ ဒလမြို့နယ်မှ တံငါရွာတို့တွင် လည်းကောင်း၊ ဇူလိုင် ၁၀ ရက်က ရန်ကုန်မြို့ဆူးလေဘုရားလမ်းရှိ လူကူးတံတားပေါ်မှ မြို့အလှ ရှုခင်းနှင့် ဗိုလ်ချုပ်အောင်ဆန်းဈေး၊ ရန်ကုန်ဘူတာကြီး၊ တရုတ်ယဉ်ကျေးမှုစင်တာ၊ ပြည်သူ့ရင်ပြင်၊ ရွှေတိဂုံဘုရားတို့တွင်လည်းကောင်း မှတ်တမ်းရိုက်ကူးခဲ့ကြောင်း၊ မန္တလေးတိုင်းဒေသကြီးရှိ မဟာဂန္ဓာရုံကျောင်းတိုက်နှင့် မန္တလေးမြို့ရှုခင်းများကိုလည်း ဇူလိုင် ၁၆ ရက်အထိ ဆက်လက်ရိုက်ကူးမည်ဖြစ်ကြောင်းနှင့် ၎င်းခရီးသွားမြှင့်တင်ရေးမှတ်တမ်း အစီအစဉ်ကို တရုတ်နိုင်ငံ ရှိန်ကျိန့်ရုပ်သံလိုင်းတွင် ထုတ်လွှင့်ပြသရန် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

ကြေးမုံ



# ဗြိတိန်ရေနံတင်သင်္ဘောတစ်စင်းကို အီရန်စစ်ရေယာဉ်များက ဟန့်တားရန် ကြိုးပမ်းခဲ့



ဗြိတစ်ဟာရီတိတ်ချ်အမည်ရှိ ရောမရေနံတင်သင်္ဘောအား တွေ့ရစဉ်။

**လန်ဒန် ဇူလိုင် ၁၁**

ဗြိတိန်ရေနံတင်သင်္ဘောတစ်စင်းအား အီရန်စစ်ရေယာဉ်များက လမ်းကြောင်းပိတ်ဆို့ဟန့်တားရန် ကြိုးပမ်းခဲ့ကြောင်း၊ သို့သော် ၎င်းတို့အား ဗြိတိန်စစ်ရေယာဉ်တစ်စင်းက မောင်းထုတ်ခဲ့ကြောင်း၊ ပင်လယ်ကွေ့ဒေသတွင်း၌ အီရန်နှင့် တင်းမာမှုများ သိသာထင်ရှားစွာ ဖြစ်ပွားခဲ့ကြောင်း ဗြိတိန်အစိုးရက ပြောကြားသည်။

ယင်းလုပ်ရပ်ကို လုပ်ဆောင်ခဲ့ခြင်းမရှိကြောင်း အီရန်တော်လှန်ရေး အစောင့်တပ်ဖွဲ့က ငြင်းဆိုခဲ့သော်လည်း လွန်ခဲ့သည့် ရက်သတ္တပတ်အတွင်းက ဂျီဘရော်လ်တာကျွန်းရှိ ဗြိတိန်တော်ဝင်မရိန်းတပ်ဖွဲ့က အီရန်နိုင်ငံပိုင်ရေနံတင်သင်္ဘောတစ်စင်းအား ဖမ်းဆီးထိန်းသိမ်းခဲ့မှုကြောင့် အမေရိကန်ပြည်ထောင်စုနှင့် ဗြိတိန်နှစ်နိုင်ငံတို့အား အကြီးအကျယ်နောင်တရစေမည်ဟု အီရန်က သတိပေးခဲ့သည်။

အီရန်နိုင်ငံက အဏုမြူဆိုင်ရာ လုပ်ဆောင်မှုများ မြှင့်တင်လုပ်ဆောင်နေခြင်းအပေါ် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ဖိအားပေးမှုများ မြှင့်တင်သည့်အနေဖြင့် အရေးယူဒဏ်ခတ်ပိတ်ဆို့မှုသစ်များ ချမှတ်ကြောင်း ကြေညာခဲ့ပြီးနောက်တွင် ဟော်မုဇ်ရေလက်ကြား၌ ဇူလိုင် ၁၀ ရက်က အခြေအနေတင်းမာမှုများ ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။

အမေရိကန်ကာကွယ်ရေး သတင်းရင်းမြစ်များ၏ အစောပိုင်းပြောကြားချက်ကို ကိုးကား၍ စီအင်န်အင်န်သတင်းဌာနက ကနဦးဖော်ပြရာတွင် အီရန်တော်လှန်ရေး အစောင့်တပ်ဖွဲ့မှ လက်နက်တပ်ဆင်ထားသည့် ရေယာဉ်များက ရေနံတင်သင်္ဘောကိုဖမ်းဆီးရန် ကြိုးပမ်းခဲ့ပြီး ၎င်းတို့ကို ဗြိတိန်တော်ဝင်ရေတပ်မှ ဖရီးဂိတ်စစ်ရေယာဉ်က မောင်းထုတ်ခဲ့သည်ဟု ဖော်ပြသည်။

ဗြိတစ်ဟာရီတိတ်ချ်အမည်ရှိ ရောမရေနံတင်သင်္ဘောအား အီရန်စစ်ရေယာဉ်များက ပိတ်ဆို့ဟန့်တားရန် ကြိုးပမ်းခဲ့ကြောင်း၊ ယင်းရေနံတင်သင်္ဘောကြီးမှာ ဗြိတိန်စွမ်းအင်ကုမ္ပဏီကြီးတစ်ခုဖြစ်သည့် ဘီပီကုမ္ပဏီမှ ပိုင်ဆိုင်ပြီး အလျား ၂၇၄ မီတာရှည်လျားကာ ရေနံစည်တစ်သန်း တင်ဆောင်နိုင်ကြောင်း ဗြိတိန်ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

**အေအက်ဖ်ပီ**

# အင်ဒိုနီးရှားနိုင်ငံရှိ ဘာတမ်နှင့် ဘင်တန်ကျွန်းများကို ဆက်သွယ်မည့် ပင်လယ်ဖြတ်တံတားတစ်စင်း တည်ဆောက်မည်



**ဂျကာတာ ဇူလိုင် ၁၁**

အင်ဒိုနီးရှားနိုင်ငံအစိုးရသည် အရှည်လျားဆုံး ပင်လယ်ဖြတ်တံတားတစ်စင်းကို ၂၀၂၀ ပြည့်နှစ်တွင် စတင်တည်ဆောက်မည်ဖြစ်ကြောင်း၊ ယင်းတံတားသည် စင်ကာပူနိုင်ငံအနီးရှိ အင်ဒိုနီးရှားနိုင်ငံပိုင် ကျွန်းနှစ်ကျွန်းကို ဆက်သွယ်ပေးမည်ဖြစ်ပြီး စီးပွားရေးလုပ်ငန်းများ၏ အချက်အချာဖြစ်သည့် အိမ်နီးချင်း စင်ကာပူနိုင်ငံအနီး၌ ကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုများ မြင့်တက်ရန်ရည်မှန်းချက်ဖြင့် ယင်းတံတားကို တည်ဆောက်ခြင်းဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။

အဆိုပါ တံတားသည် အလျား ၇ ဒသမ ၃၅ ကီလိုမီတာ ရှည်လျားပြီး ဘာတမ်နှင့် ဘင်တန်ကျွန်းတို့ကို ဆက်သွယ်ပေးမည်ဖြစ်သည်။ ယင်းတံတားကို တည်ဆောက်ရေးလုပ်ငန်း အဆင့်သုံးဆင့်ဖြင့် တည်ဆောက်သွားမည်ဟု အင်ဒိုနီးရှားအစိုးရအဖွဲ့ အတွင်းဝန်ရုံးမှ ဇူလိုင် ၁၁ ရက်တွင် ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြသည်။

တံတား တည်ဆောက်မှုကို ၂၀၂၀ ပြည့်နှစ်တွင် စတင်ရန် စီစဉ်ထားပြီး စီးပွားရေးဆိုင်ရာ တန်ဖိုးများကို အခြေခံထားကာ တည်ဆောက်မှုများ လုပ်ဆောင်သွားမည်ဟု အင်ဒိုနီးရှား အိုးအိမ်နှင့် ပြည်သူ့လုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဘာဆူကီဟာဒင်မူဂျိုနိုက ပြောကြားသည်။

တံတားတည်ဆောက်မှု ကုန်ကျစရိတ်သည် အင်ဒိုနီးရှားနိုင်ငံသုံး ရူပီးငွေ လေးထရီလီယံ (အမေရိကန်ဒေါ်လာ ၃၈၄ သန်း) ဖြစ်ပြီး ယင်းတံတားကို တည်ဆောက်ရေးကာလ သုံးနှစ်မှ လေးနှစ်အတွင်း အပြီးသတ်နိုင်မည်ဟု သတင်းတွင် ဖော်ပြသည်။

အင်ဒိုနီးရှားအိုးအိမ်နှင့် ပြည်သူ့လုပ်ငန်းဝန်ကြီးဌာနက တံတားတည်ဆောက်မှု စီမံကိန်းအတွက် ဖြစ်နိုင်စွမ်းရည် စူးစမ်းလေ့လာမှုများနှင့် တံတားပုံစံထုတ်လုပ်ရေး အင်ဂျင်နီယာလုပ်ငန်းများ လေ့လာမှုများကို ပြင်ဆင်လုပ်ဆောင်နေပြီး ယင်းလုပ်ငန်းများသည် ၂၀၁၉ ခုနှစ် အကုန်ပိုင်းတွင် ပြီးစီးမည်ဟု မျှော်လင့်ကြောင်း ဝန်ကြီး ဘာဆူကီက ပြောကြားသည်။

အိမ်နီးချင်း စင်ကာပူနိုင်ငံအနီးရှိ ဘာတမ်ကျွန်းကို ပင်လယ်ရေကြောင်းဆိုင်ရာနှင့် ကုန်ထုတ်လုပ်ရေးစခန်းတစ်ခုအဖြစ် လုပ်ဆောင်သွားရန် အင်ဒိုနီးရှားအစိုးရက အစီအစဉ်များ ချမှတ်ထားသည်။ ယင်းအစီအစဉ်များသည် ယင်းဒေသအတွင်း၌ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာရေးအတွက် ဆွဲဆောင်မှုလည်းဖြစ်သည်။

**ဆင်ဟွာ**

# တောင်ကိုရီးယားနိုင်ငံသို့ တင်ပို့သည့် ဂျပန်ကုန်ပစ္စည်းအချို့ ပိတ်ပင်မှုအပေါ် ဆွေးနွေးမည်

**တိုကျို ဇူလိုင် ၁၁**

ဂျပန်နှင့် တောင်ကိုရီးယားတာဝန်ရှိသူများက တောင်ကိုရီးယားနိုင်ငံသို့ တင်ပို့သည့် ဂျပန်ကုန်ပစ္စည်းအချို့ပိတ်ပင်မှုအပေါ် ဆွေးနွေးညှိနှိုင်းမည်ဖြစ်ကြောင်း သိရသည်။

ယင်းဆွေးနွေးပွဲကို ဇူလိုင် ၁၂ ရက်တွင် တိုကျိုမြို့၌ ကျင်းပမည်ဖြစ်သည်။

ယခုတွေ့ဆုံဆွေးနွေးမှုသည် လွန်ခဲ့သောရက်သတ္တပတ်က ဂျပန်နိုင်ငံက တောင်ကိုရီးယားနိုင်ငံသို့ ကုန်ပစ္စည်းအချို့တင်ပို့မှုကို ပိတ်ပင်သည့် အမိန့်စာထွက်ပေါ်လာခဲ့ပြီးနောက် ပထမဆုံးအကြိမ်ဖြစ်သည်။

တောင်ကိုရီးယားသို့ ပစ္စည်းအမျိုးအစားသုံးမျိုး တင်ပို့မှုကို ဂျပန်နိုင်ငံက ပိတ်ပင်ခဲ့သည်။ ယင်းပစ္စည်းများကို လျှပ်ကူးပစ္စည်းများနှင့် အခြားနည်းပညာမြင့်ပစ္စည်းများ ထုတ်လုပ်ခြင်းတွင် အဓိက အသုံးပြုကြောင်း သိရသည်။

တောင်ကိုရီးယား၏ ကုန်သွယ်ရေးထိန်းချုပ်မှုများသည် တင်းကျပ်မှုမရှိသည့်အတွက် လုံခြုံရေးဆိုင်ရာ စိုးရိမ်မှုများ မြင့်တက်လာနိုင်ဖွယ်ရှိသည်ဟု ဂျပန်တာဝန်ရှိသူများက ဆိုသည်။

ယခုတွေ့ဆုံဆွေးနွေးပွဲကို တောင်ကိုရီးယားနိုင်ငံက တောင်းဆိုခဲ့ခြင်းဖြစ်သည်။

တောင်ကိုရီးယားတာဝန်ရှိသူများက ဂျပန်နိုင်ငံ၏ ကုန်ပစ္စည်းတင်ပို့မှု ပိတ်ပင်ခဲ့ခြင်းအပေါ် ပြန်လည်ဖြေလျှော့ပေးရန် တောင်းဆိုလျက်ရှိသည်။ ထို့ပြင် ယင်းသို့ ကုန်ပစ္စည်းတင်သွင်းမှုကို ပိတ်ပင်ခြင်းအတွက် ခိုင်လုံသောအကြောင်းပြချက်ပေးရန် တောင်ကိုရီးယားတာဝန်ရှိသူများက တိုက်တွန်းပြောကြားနိုင်ဖွယ်ရှိသည်။

**အင်န်အိတ်ချ်ကေ**

# ၂၀၁၉ ခုနှစ် ပထမနှစ်ဝက်အတွင်း အာဖဂန်နစ္စတန်နိုင်ငံသို့ ဒုက္ခသည် နှစ်သိန်းကျော် ပြန်လည်ရောက်ရှိ

**ကဘူး ဇူလိုင် ၁၁**

ပါကစ္စတန်နှင့် အီရန် စသည့် အိမ်နီးချင်းနိုင်ငံများ၌ စစ်ဘေးရှောင်လျက်ရှိသည့် အာဖဂန်ဒုက္ခသည်များသည် ဇန်နဝါရီလကစပြီး အာဖဂန်နစ္စတန်နိုင်ငံသို့ ပြန်လည်ဝင်ရောက်လာခဲ့ရာ ယခုဆိုလျှင် စုစုပေါင်းအရေအတွက် ၂၄၅၄၀၅ ဦးအထိရှိပြီဖြစ်ကြောင်း နိုင်ငံတကာရွှေ့ပြောင်းဒုက္ခသည်အဖွဲ့၏ အစီရင်ခံစာတစ်ရပ်အရ သိရသည်။

အဆိုပါဒုက္ခသည်များအနက် အီရန်နိုင်ငံမှ ၂၃၃၆၁၉ ဦးနှင့် ပါကစ္စတန်နိုင်ငံမှ ၁၁၇၈၆ ဦးတို့ ပါဝင်ကြောင်း သိရသည်။ ဇန်နဝါရီ ၁ ရက်ကစပြီး အီရန်နှင့် ပါကစ္စတန်နိုင်ငံများမှ အာဖဂန်နစ္စတန်နိုင်ငံသို့ ပြန်လည်ထွက်ခွာသည့် ဒုက္ခသည်များအား နိုင်ငံတကာရွှေ့ပြောင်းဒုက္ခသည်အဖွဲ့က ကူညီမှုများပေးလျက်ရှိသည်။

ကမ္ဘာတစ်ဝန်းရှိ ဒုက္ခသည် လေးသန်းကျော်ရှိသည့်အနက် ၂၀၁၈ ခုနှစ်တွင် အိမ်နီးချင်းနိုင်ငံများမှ အာဖဂန်နစ္စတန်နိုင်ငံသို့ ပြန်လည်ရောက်ရှိလာသည့် ဒုက္ခသည်ဦးရေသည် ၈၄၉၀၀၀ ကျော်ရှိခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**



# ပါကစ္စတန်၌ ရထားတိုက်မှုဖြစ်ပွား ၁၃ ဦး သေဆုံး၊ ၇၀ ကျော် ဒဏ်ရာရရှိ

**အစ္စလာမာဘတ် ဇူလိုင် ၁၁**

ပါကစ္စတန်နိုင်ငံ အရှေ့ဘက် ရာဟိမ်ယာခန်မြို့တွင် ယနေ့ အစောပိုင်းက ရထားနှစ်စင်းတိုက်မိခဲ့ရာ လူ ၁၃ ဦး သေဆုံးပြီး ၇၀ ကျော် ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ဒေသဆိုင်ရာ မီဒီယာများက ဖော်ပြထားသည်။

အာကဘာအက်စ်ပရက်စ် ဟု အမည်ပေးထားသည့် ခရီးသည်တင် ရထားတစ်စင်းသည် အရှေ့လာဟိုးမြို့မှ နိုင်ငံ၏ အနောက်တောင်ဘက် ကွက်တာမြို့သို့ ဦးတည် ထွက်ခွာလာစဉ် ပန်ဂျပ်ပြည်နယ် ရာဟိမ်ယာခန်မြို့ရှိ ဝါလ်ဟာဘူတာအနီး၌ ကုန်တင်ရထားတစ်စင်းကို ဝင်တိုက်ခဲ့ခြင်းဖြစ်ပြီး ရထားတိုက်မှုကြောင့် ခရီးသည်တင် ရထား၏ ရထားတွဲအများအပြား လမ်းချော်မှုဖြစ်ပွားခဲ့ ကြောင်း သိရသည်။

ဒေသဆိုင်ရာ ရဲတပ်ဖွဲ့နှင့် ကယ်ဆယ်ရေးလုပ်သား များသည် ရထားတိုက်မှုဖြစ်ပွားခဲ့ပြီးနောက် အခင်းဖြစ် ပွားရာနေရာသို့ အမြန်သွားရောက်ပြီး ထိခိုက်ဒဏ်ရာ ရရှိ သူများကို နီးစပ်ရာဆေးရုံများသို့ ပို့ဆောင်ခဲ့သည်။ ဒဏ်ရာ ရရှိသူများအနက် ၁၂ ဦး၏ ဒဏ်ရာသည် ပြင်းထန်သော ကြောင့် သေဆုံးသူဦးရေလည်း နောက်ထပ်တိုးလာဖွယ် ရှိကြောင်း ဒေသဆိုင်ရာ ဆရာဝန်များက ပြောကြားသည်။

ရထားတိုက်မှုကြောင့် ခရီးသည်တင်ရထား၏ လူစီး တွဲသုံးတွဲနှင့် အင်ဂျင်စက်လည်း လုံးဝပျက်စီးသွားကြောင်း သိရသည်။ ဒေသဆိုင်ရာအစိုးရသည် ရထားအဝင်အထွက် ခရီးစဉ်များကို ရထားလမ်းရှင်းလင်းမှု မပြီးမချင်း ရပ်ဆိုင်း ထားကြောင်း သိရသည်။

တစ်ဆက်တည်းမှာပင် ပါကစ္စတန်ဝန်ကြီးချုပ် အီမရန်ခန်က ရထားနှစ်စင်းတိုက်မိမှုဖြစ်စဉ်ကြောင့် တန်ဖိုးရှိသည့်အသက်များ ဆုံးရှုံးခဲ့မှုအပေါ် ဝမ်းနည်း ကြေကွဲမိပါကြောင်း ၎င်း၏ တွစ်တာစာမျက်နှာပေါ်တွင် ရေးသားဖော်ပြခဲ့သည်။ ပါကစ္စတန် တာဝန်ရှိသူများသည် အခင်းဖြစ်ပွားမှုနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-ဂျေတီ**



# ယန်ဇီမြစ်ရေ စိုးရိမ်ရေမှတ်ထက် ကျော်လွန်၍ သတိပေးချက်များ ထုတ်ပြန်

**နန်ချန်း ဇူလိုင် ၁၁**

တရုတ်နိုင်ငံ၏ အရှည်ဆုံးမြစ် ယန်ဇီမြစ်၏ အောက်ပိုင်းတွင်ရှိသော နိုင်ငံ၏ အကြီးဆုံးရေချိုကန်ဖြစ်သည့် ပိုယန်းကန်၏ရေပြင်မှာ စိုးရိမ်ရေမှတ်အထက် ရောက်ရှိနေကြောင်း ကျင်းဇီပြည်နယ်ရှိ မိုးလေဝသဌာနက ယနေ့ပြောကြားလိုက်သည်။

ပိုယန်းကန်ရေပြင်မှာ ယမန်နေ့က ၁၉ ဒသမ ၀၇ မီတာထိ ရောက်ရှိခဲ့ပြီး စိုးရိမ်ရေမှတ်ထက် ၀ ဒသမ ၀၇ မီတာ ပိုရောက်ရှိခဲ့ကြောင်း တိုင်းထွာချက်များအရ သိရသည်။ ဇူလိုင် ၆ ရက်နောက်ပိုင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ကျင်းဇီပြည်နယ်ရှိ မြစ်ပေါင်း ၂၉ စင်းမှာ စိုးရိမ်ရေမှတ်ထက်ကျော်လွန်ခဲ့သည်။ စီရင်စု ၅၉ ခုတွင် ရေကြီးမှုများဖြစ်ပွားခဲ့ပြီး ပြည်သူ ၂ ဒသမ ၈ သန်းကျော် ရေလွှမ်းမိုးမှုဒဏ်ခံခဲ့ရကာ ပြည်သူ ၃၂၆၀၀၀ ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့သည်။




မိုးသက်မုန်တိုင်းမှာ လာမည့် စနေနေ့မှ အင်္ဂါနေ့အထိ ကျင်းဇီပြည်နယ်အတွင်း ဆက်လက်ရှိနေမည်ဟု ပြည်နယ်မိုးလေဝသဌာနက ခန့်မှန်းထားသည်။ ယန်ဇီမြစ်ကြောင်းအတွင်းရှိ မြစ်ရေမှာ ယခုနှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ် စိုးရိမ်ရေမှတ်ထက်မြင့်တက်မည်ဟု ယူဆရသောကြောင့် မိုးသက်မုန်တိုင်းမှာ မြစ်အထက်ပိုင်းဒေသများ၌ သက်ရောက်မှုရှိမည်ဟု ရေအရင်းအမြစ်ဝန်ကြီးဌာန ယန်ဇီမြစ် ရေအရင်းအမြစ်ကော်မရှင်က သတိပေးခဲ့သည်။

အဆိုပါကော်မရှင်က အရေးပေါ်တုံ့ပြန်ရေးအစီအစဉ်တစ်ရပ်ကို စတင်လုပ်ဆောင်လိုက်ပြီး မြစ်ရေကြီးမှုကြိုတင်ကာကွယ်ရေး လုပ်ငန်းကြီးကြပ်ရန် လုပ်ငန်းဆောင်ရွက်ရေးအဖွဲ့ခြောက်ဖွဲ့နှင့် ပညာရှင်များပါဝင်သည့် အဖွဲ့တစ်ဖွဲ့ကို ကျင်းဇီနှင့် ဟူနန်ပြည်နယ်များသို့ စေလွှတ်ခဲ့သည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-ကျော်ထိုက်စိုး**

# တစ်ပတ်အတွင်း အရက်သေစာသောက်စားပြီး ကားမောင်းသူ နှစ်ထောင်ကျော် သီရိလင်္ကာ၌ ဖမ်းဆီးအရေးယူ

**ကိုလံဘို ဇူလိုင် ၁၁**

ဇူလိုင် ၅ ရက်မှစ၍ အရက်သေစာ သောက်စား၍ ကားမောင်းသူများကို ဖမ်းဆီးရန် သီရိလင်္ကာနိုင်ငံတစ်ဝန်း၌ ရဲတပ်ဖွဲ့က အထူးစစ်ဆေးရေး ဆောင်ရွက်ခဲ့ရာ ခုနစ်ရက်အတွင်း ယာဉ်မောင်း ၂၀၀၀ ကျော် ဖမ်းဆီးအရေးယူနိုင်ခဲ့သည်ဟု ရဲတပ်ဖွဲ့က ဇူလိုင် ၁၁ ရက်တွင် ကြေညာချက်ထုတ်ပြန်ခဲ့သည်။

**ဖမ်းဆီးရမိ**

ကြာသပတေးနေ့ မွန်းလွဲပိုင်းအထိ နိုင်ငံတစ်ဝန်းမှ အရက်သေစာ သောက်စားပြီး ကားမောင်းသူ စုစုပေါင်း ၂၀၃၇ ဦးကို ဖမ်းဆီးရမိခဲ့သည်။ ယင်းအထူးစစ်ဆေးရေးသည် ဩဂုတ် ၅ ရက်တွင် ပြီးဆုံးမည်ဖြစ်သည်။

အရက်သေစာသောက်စားပြီး ကားမောင်းသူများကို သီရိလင်္ကာ ရူပီးငွေ ၂၅၀၀၀ ( အမေရိကန်ဒေါ်လာ ၁၄၂ ဒသမ ၉၄ ဒေါ်လာခန့် ) ဒဏ်တပ်မည်ဖြစ်ကြောင်း၊ ၎င်းတို့ကို ဖမ်းဆီးပေးသည့် ရဲအရာရှိများကို ဆုငွေချီးမြှင့်မည်ဖြစ်ကြောင်း ရဲတပ်ဖွဲ့၏ပြောရေးဆိုခွင့်ရှိသူ ရူဝမ်ဂူနာဆီကာရာက ပြောကြားခဲ့သည်။

ယာဉ်မတော်တဆမှုကြောင့် သီရိလင်္ကာနိုင်ငံတွင် ယခင်နှစ်က လူ ၃၀၀၀ ကျော် အသက်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အောင်ဇော်လင်း**

# ဂရိနိုင်ငံ၌ မုန်တိုင်းတိုက်ခတ်၊ ကမ္ဘာလှည့်ခရီးသည် ခြောက်ဦးသေဆုံး

**သယ်ဆာလွန်နီးကီး (ဂရိ) ဇူလိုင် ၁၁**

ဂရိနိုင်ငံ မြောက်ဘက်တွင် ဇူလိုင် ၁၀ ရက်က အင်အားပြင်းမုန်တိုင်းတိုက်ခတ်ခဲ့ရာ ကမ္ဘာလှည့်ခရီးသည် ခြောက်ဦးသေဆုံးပြီး လူအများအပြား ဒဏ်ရာရရှိခဲ့ကြောင်း အာဏာပိုင်များက ယနေ့ပြောကြားသည်။

**ဒဏ်ရာရရှိ**

အင်အားပြင်းထန်သော မုန်တိုင်းနှင့် မိုးသီးများသည် ဂရိနိုင်ငံမြောက်ဘက် သယ်ဆာလွန်နီးကီးမြို့အနီးရှိ ဟာကီဒီကီဒေသကို ဇူလိုင် ၁၀ ရက်က မိနစ် ၂၀ ကြာ ဝင်ရောက်မွှေနှောက်ခဲ့၍ ကမ္ဘာလှည့်ခရီးသည် ခြောက်ဦး သေဆုံးပြီး လူ ၃၀ ထက်မနည်း ဒဏ်ရာရရှိခဲ့ကြောင်း အရပ်ဘက် အကာအကွယ်ပေးရေးဝန်ကြီးဌာနမှ တာဝန်ရှိသူ ချာရာလမ်ဘော့စ် စတယ်ရီယာဒစ်က ပြောကြားသည်။

မုန်တိုင်းအရှိန်ကြောင့် ကမ်းခြေရှိ ချက်နိုင်ငံသားပိုင် နောက်တွဲ ရေယာဉ်တစ်စင်း တိမ်းမှောက်သွားပြီး စုံတွဲတစ်တွဲသေဆုံးကာ ၎င်းတို့၏ သားနှင့်မြေးတို့မှာ ဒဏ်ရာရရှိခဲ့သည်။ မုန်တိုင်းဒဏ်ကြောင့် အခြားနေရာဒေသတို့တွင်လည်း သစ်ပင်လဲကျခဲ့ရာ ရုရှားနိုင်ငံသားတစ်ဦးနှင့် ၎င်း၏သားဖြစ်သူတစ်ဦးသေဆုံးပြီး ထို့အပြင် စားသောက်ဆိုင်တစ်ဆိုင်၏ ခေါင်မိုးပြိုကျမှုကြောင့် ရိုမေးနီးယားနိုင်ငံသူ အမျိုးသမီးတစ်ဦးနှင့် ၎င်း၏ ကလေးငယ်တို့သေဆုံးခဲ့ကြောင်း သိရသည်။

**အရေးပေါ်ကယ်ဆယ်**

ဇူလိုင် ၇ ရက်က ရာထူးတာဝန် လွှဲပြောင်းရယူခဲ့သည့် ဂရိဝန်ကြီးချုပ် ကိုင်ရီယာကို့စ်သည် အစည်းအဝေး၌ မိန့်ခွန်းပြောကြားမည့် အစီအစဉ်ကို ဖျက်သိမ်းလိုက်ကြောင်း သိရသည်။

ဂရိနိုင်ငံ၌ လွန်ခဲ့သည့် နှစ်ရက်က အပူချိန် ၃၇ ဒီဂရီစင်တီဂရိတ်မြင့်တက်ခဲ့ပြီးနောက် ယခုကဲ့သို့ မုန်တိုင်းတိုက်ခတ်မှု ဖြစ်ပွားလာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ဒေသဆိုင်ရာ ကူညီကယ်ဆယ်ရေးလုပ်သား ၁၄၀ ကျော်တို့သည် အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများတွင် ပါဝင်လုပ်ဆောင်လျက်ရှိကြကြောင်း သိရသည်။

**ကိုးကား - အေအက်ဖ်ပီ**
**ဘာသာပြန် - ဂျေတီ**



## တရုတ်နိုင်ငံသို့ မြန်မာမိန်းကလေးများ ပို့ဆောင်ရောင်းစားခဲ့သူများကို ထောင်ဒဏ် နှစ် ၂၀ ချမှတ်

**နေပြည်တော် ဇူလိုင် ၁၁**

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် (ဏ/၁၄) ရပ်ကွက်နေ မအငယ်လေး(ခ) အေးမြတ်မွန်၊ (တ/၁၅) ရပ်ကွက်နေ မမာမာဦး၊ မင်္ဂလာဒုံမြို့နယ် ပုလဲမြို့သစ်နေ မစိုး(စိစစ်ဆဲ)၊ လားရှိုးမြို့ (၉) ရပ်ကွက်နေ မစုစုခိုင်ထွေး (စိစစ်ဆဲ)၊ သားငယ် (စိစစ်ဆဲ)၊ (၁၂)ရပ်ကွက်နေ မရှမ်းမ(ခ) ဒေါ်သန်းလှ (စိစစ်ဆဲ)နှင့် ခင်ပွန်းဖြစ်သူ ဦးထွန်းအောင် (စိစစ်ဆဲ)တို့သည် ၂၀၁၃ ခုနှစ် မတ် ၁၀ ရက်က ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်နေ မ....(၂၄) နှစ်ကိုလည်းကောင်း၊ မတ် ၃၀ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်နေ မ... (၁၉) နှစ်အားလည်းကောင်း တရုတ်နိုင်ငံတွင် အလုပ်အကိုင်ရမည်ဟု လိမ်လည်စည်းရုံးပြီး တရုတ်အမျိုးသားများထံ ရောင်းစားခဲ့မှု ဖြစ်ပေါ်ခဲ့သည်။

ထိုသို့ ဖြစ်ပေါ်ခဲ့သည့်အတွက် ပြစ်မှုကျူးလွန်သူများအား လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၂၄ ဖြင့် အမှုဖွင့်လှစ်ခဲ့ပြီး တရားစွဲတင်ပို့ခဲ့ရာ မမာမာဦးနှင့် မအငယ်လေး (ခ) အေးမြတ်မွန်တို့ကို မြောက်ပိုင်းခရိုင်တရားရုံးက အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ်စီဖြင့် နှစ်မှုအတွက် အလုပ်နှင့် ထောင်ဒဏ်နှစ် ၂၀ သီးခြားစီ ကျခံစေရန် ၂၀၁၉ ခုနှစ် မေ ၃၁ ရက်က အမိန့်ချမှတ်ခဲ့ကြောင်းနှင့် တိမ်းရှောင်တရားခံများကို တရားခံပြေး ကြေညာခဲ့ကြောင်း လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

**သတင်းစဉ်**

## ထပ်မံစစ်ဆေးပေါ်ပေါက်ချက်အရ ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးခိုင်ထွန်း အပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေဖြင့် ထပ်မံအမှုဖွင့်အရေးယူ

**နေပြည်တော် ဇူလိုင် ၁၁**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးခိုင်ထွန်းနှင့်အဖွဲ့သည် ရာထူးတာဝန်ကို အလွဲသုံးစားပြု၍ ဝန်ဆောင်ခနှင့် တရားမဝင်သော အခြားအကျိုးခံစားခွင့်များ ရယူနေခြင်းအား အရေးယူပေးပါရန် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားခဲ့သည်။

တိုင်ကြားစာအရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးခိုင်ထွန်းသည် D1A အရက်လိုင်စင် လျှောက်ထားရန်ကိစ္စနှင့် စပ်လျဉ်း၍ ယစ်မျိုးလိုင်စင်ရရှိသူများထံမှ ငွေကျပ် ငါးသိန်း၊ ခေါင်ရည်လိုင်စင် CFL-2 ကိစ္စကူညီရန်အတွက် ငွေကျပ် ၁၅၀၀၀၀၊ သင်္ကြန်အတွက်ဟုအကြောင်းပြ၍ ယစ်မျိုးလိုင်စင်ရရှိသူထံမှ ငွေကျပ် နှစ်သိန်းတို့ကို လက်ခံရယူခဲ့ခြင်းသည် ရာထူးတာဝန်ကို အလွဲသုံးစားပြု၍ အဂတိလိုက်စားမှု ကျူးလွန်ခဲ့ခြင်းဖြစ်ကြောင်း ထပ်မံစစ်ဆေးပေါ်ပေါက်သဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ တရားစွဲဆိုရန် ဆောင်ရွက်လျက်ရှိသည့် ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် အုပ်ချုပ်ရေးမှူး ဦးမိုးခိုင်ထွန်း အပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၆ အရ သီးခြားအမှုဖြင့် အရေးယူရန် ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့မရဲစခန်းတွင် ပထမသတင်းပေးတိုင်ကြားချက် ထပ်မံဖွင့်လှစ်၍ တရားစွဲဆိုရန် ဆောင်ရွက်လျက်ရှိကြောင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ သတင်းရရှိသည်။

**သတင်းစဉ်**

## မြို့နယ်အချို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၁၁**

ကသာမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၉ ရက် ည ၉ နာရီက ကသာမြို့ အမှတ်(၅)ရပ်ကွက်နေ ညီညီဝင်း(ခ) ကိုညီ၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ နေအိမ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၄၂၇ ပြား၊ ဆိုင်ကယ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၇၉၃ ပြား၊ စိတ်ကြွရူးသွပ်ဆေးအကြေမှုန့် ဂရမ် ၇၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကိုလည်းကောင်း၊ အလားတူ ဇူလိုင် ၁၀ ရက် နံနက်ပိုင်းက မူးယစ်တပ်ဖွဲ့စု(၁၈)မန္တလေး (တောင်ပိုင်း)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ချမ်းမြသာစည်မြို့နယ် အောင်ပင်လယ်ရပ်ကွက်ရှိ တည်းခိုခန်း အခန်းအမှတ်(၂၅)သို့ ဝင်ရောက်ရှာဖွေရာ တင်မိုးအား တွေ့ရှိရပြီး ဘိန်းဖြူ ၂၇ ဂရမ်၊ စိတ်ကြွရူးသွပ်ဆေးပြား ၂၁၉၂ ပြား၊ ဆိုင်ကယ်တစ်စီးနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကိုလည်းကောင်း။

ယင်းနေ့ ည ၇ နာရီခွဲက မူးယစ်တပ်ဖွဲ့စု(၄၂)ရန်ကုန်(အနောက်)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံမြို့သစ်ရပ်ကွက်နေ မသဥ္ဇာပြုံး၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၅ ပြား သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ မြောက်ဥက္ကလာပမြို့နယ် ၈-ရပ်ကွက်နေ မဇာဇာမိုး(ခ)မဇာ၏ နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၆၀၀ နှင့် အိုက်စ် ၁၆ ဂရမ်တို့ကိုလည်းကောင်း၊ ထို့အတူ ယင်းနေ့ ညနေ ၅ နာရီခွဲက မူးယစ်တပ်ဖွဲ့စု(၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နောင်ချိုမြို့အဝင် မူဆယ်-မန္တလေးပြည်ထောင်စုကားလမ်းတွင် အားကာ(ခ) မောင်ဘု မောင်းနှင်ပြီး ဟန်ဇော်ထွန်း လိုက်ပါလာသည့် ဆိုင်ကယ်ကိုရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၁၇၅ ပြား၊ ငွေကျပ် ၁ ဒသမ ၄၅ သိန်းနှင့် လက်ကိုင်ဖုန်းနှစ်လုံးတို့ကိုလည်းကောင်း၊ အလားတူ နောင်ချိုမြို့အဝင် မူဆယ်-မန္တလေးပြည်ထောင်စုကားလမ်းတွင် သိန်းမောင် မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ နှင့် ငွေကျပ် တစ်သိန်းတို့ကိုလည်းကောင်း။



ဟန်ဇော်ထွန်း၊ အားကာ(ခ)မောင်ဘု၊ သိန်းမောင်တို့အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူတွေ့ရစဉ်။

အလားတူ ညနေ ၆ နာရီခွဲတွင် တာချီလိတ်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့ ဆန်ဆိုင်းရပ်ကွက်(ခ)ရှိ သုံးထပ် အငှားနေအိမ်ကို ဝင်ရောက်ရှာဖွေရာ ထိုင်းနိုင်ငံသားများဖြစ်သည့် Mr. Jaroemrit Ulotok၊ Mr. Samran Downkrajay၊ Mr. Suree Phromrat၊ Mr. Chaiya နှင့် Mr. Mo တို့ ငါးဦးကို တွေ့ရှိရပြီး ၎င်းတို့နေထိုင်သည့် ဒုတိယထပ်နေအိမ်အိပ်ခန်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၈ ပြားနှင့် အိုက်စ် သုည ဒသမ ၈ ဂရမ်တို့ကိုသိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

## အင်းတော်မြို့နယ်၌ ဘိန်းဖြူကျပ်သိန်း ၁၅၀၀ ကျော်ဖိုး သိမ်းဆည်းရမိ

**အင်းတော် ဇူလိုင် ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် ရွှေဘို-မြစ်ကြီးနားသွားကားလမ်းပေါ်ရှိ လယ်ပြင်ကျေးရွာအနီးမှ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၁၁ ရက် ည ၇ နာရီ မိနစ် ၄၀ ခန့်က အင်းတော်မြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် ဇော်သူဦးစီးသော ရဲတပ်ဖွဲ့ဝင်များသည် နယ်မြေလှည့်ကင်းဆောင်ရွက်စဉ် အင်းတော်မြို့နယ် ရွှေဘို-မြစ်ကြီးနားသွားကားလမ်း မိုင်တိုင်အမှတ် ၁၁၄ လယ်ပြင်ကျေးရွာအနီး လမ်းဘေးတွင် ဆိုင်ကယ်နှင့် အတူရပ်နေသူတစ်ဦးအား စစ်မေးရာ ၎င်းမောင်းနှင်လာသော ဆိုင်ကယ်ပေါ်ရှိ ပီနံအိတ်အတွင်းမှ ဘိန်းဖြူ ဂရမ် ၁၅၄၀ (ကာလတန်ဖိုး ငွေကျပ် ၁၅၄၀၀၀၀၀၀) ကို ရှာဖွေစစ်ဆေးတွေ့ရှိရသဖြင့် မူးယစ်ဆေးဝါးသယ်ဆောင်လာသူ ဖိုးထူး မပြင်ကျေးရွာ အင်းတော်ကြီး ဒေသ မိုးညှင်းမြို့နယ်နေသူအား အင်းတော်မြို့မရဲစခန်းက မူးယစ်ဆေးဝါးဥပဒေအရ ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

**ကသာခရိုင်ရဲတပ်ဖွဲ့**

## သစ်ကိုင်းတက်ခုတ်ရာမှ အမျိုးသားတစ်ဦး ဓာတ်လိုက်သေဆုံး

**ရန်ကုန် ဇူလိုင် ၁၁**

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် နန်းခလဲကျေးရွာတွင် အမျိုးသားတစ်ဦး ဓာတ်လိုက်သေဆုံးကြောင်း ဇူလိုင် ၁၁ ရက် ညနေ ၃ နာရီခွဲက သိရသည်။ သေဆုံးသူ မောင်မောင်ညွန့် တောင်ဒဂုံမြို့နယ် ရန်ကုန်မြို့နေသူသည် အိမ်ခြံဝင်းအတွင်း လျှပ်စစ်ဓာတ်ကြိုးနှင့် မလွတ်ကင်းသော သစ်ကိုင်းများကို ဇူလိုင် ၁၁ ရက် ညနေ ၃ နာရီခန့်က တက်ရောက်ခုတ်ထွင်ရှင်းလင်းရာမှ ဓာတ်လိုက်သေဆုံးခဲ့ကြောင်း သိရသည်။

**ကြည်စိုးလွင် (သုံးခွ)**

## မူဆယ်မြို့တွင် ၁၂ ဘီးယာဉ်နှင့် ဆိုင်ကယ်တိုက်မိ၊ ဆိုင်ကယ်မောင်းသူသေဆုံး

**မူဆယ် ဇူလိုင် ၁၁**

မူဆယ်-နမ့်ခမ်း ပြည်ထောင်စုကားလမ်းမကြီးပေါ်တွင် နမ့်ခမ်းမှ မူဆယ်မြို့တွင်းသို့ ယာဉ်မောင်း စိုင်းအောင်(ခ)ကုလား မြစ်သားမြို့နယ် ရွာမုန်းကြီးရွာနေသူ မောင်းနှင်လာသော ၁၂ ဘီးယာဉ်သည် ဇူလိုင် ၁၁ ရက် မွန်းလွဲ ၁ နာရီခန့်က ကောင်းမှုလွယ်ရပ်ကွက် နန်းတော်ဂိတ်(အလယ်ပေါက်)အနီးတွင် အမျိုးသားတစ်ဦး မောင်းနှင်လာသည့် ဆိုင်ကယ်အား တိုက်မိရာ ဆိုင်ကယ်မောင်းသူမှာ အခင်းဖြစ်နေရာ၌ သေဆုံးသွားကြောင်း သိရသည်။

**ဆလိုင်းဗန်ရိုးထန်**

## မိတ္ထီလာ၌ စစ်ကျန်ဗုံးသီးဟောင်း ခြောက်လုံးတွေ့ရှိ

**မိတ္ထီလာ ဇူလိုင် ၁၁**



မိတ္ထီလာမြို့နယ် ဝန်ဇင်းရပ်ကွက်ရှိ နေအိမ်ခြံဝင်းအတွင်း ရေကန်အနီးမှ ဇူလိုင် ၁၀ ရက် ည ၁၀ နာရီ ၁၅ မိနစ်က စစ်ကျန်ဗုံးသီးဟောင်း ခြောက်လုံး တွေ့ရှိခဲ့ကြောင်း သိရသည်။

မိတ္ထီလာမြို့ ဝန်ဇင်းရပ်ကွက် နယ်မြေ(၇) အတွင်း ဗုံးသီးဟောင်းများ တွေ့ရှိထားကြောင်း သတင်းအရ အမှတ်(၂) နယ်မြေရဲစခန်းမှ စခန်းမှူးနှင့်အဖွဲ့က သွားရောက်ကြည့်ရှုစစ်ဆေးရာ ဝန်ဇင်းရပ်ကွက် နယ်မြေ(၇)ရှိ ဦးသိန်းအောင်၏ နေအိမ်ခြံဝင်းအရှေ့ဘက် ရေကန်အနီးမှ စစ်ကျန်ဗုံးသီးဟောင်း ခြောက်လုံး တွေ့ရှိခဲ့ကြောင်း သိရသည်။

အဆိုပါ စစ်ကျန်ဗုံးသီးဟောင်း ခြောက်လုံးကို အမှတ်(၂)နယ်မြေရဲစခန်းမှ စခန်းမှူးနှင့် တပ်ဖွဲ့ဝင်များက နယ်မြေခံတပ်သို့ ဆက်သွယ်အကြောင်းကြားခဲ့ပြီး စနစ်တကျလွှဲပြောင်းပေးခဲ့ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

နိုင်ငံတော်တည်ဆောက်ရာတွင် နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဟူသည့် မဏ္ဍိုင်ကြီးသုံးရပ်ဖြင့် အချင်းချင်း အပြန်အလှန် ထိန်းကျောင်းဆောင်ရွက်သည်ဟု ဆိုထားရာ ဥပဒေဆိုင်ရာ အကြောင်းအရာများကို ပြည်သူများ သိရှိလေ့လာနိုင်ရန် စာရေးသူ မောင်စာဂ၏ ဥပဒေနှင့်စပ်ဆိုင်သော ဆောင်းပါးများကို ဖော်ပြပေးသွားပါမည်။ ဆောင်းပါးတွင်ပါရှိသည့် အကြောင်းအရာများသည် စာရေးသူ၏ အာဘော်သာဖြစ်ပါသည်။ (စာတည်းအဖွဲ့)

# ဥပဒေပြဋ္ဌာန်းချက်တစ်ရပ် တင်းတင်းကျပ်ကျပ် ရှိလေသောအခါ

**မောင်စာဂ**



တည်ဆဲလွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၈၉ ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်အရဆိုလျှင် လွှတ်တော်ကိုယ်စားလှယ်လစ်လပ်ကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကော်မရှင်သို့အကြောင်းကြားသည့်နေ့မှစ၍ ခြောက်လအတွင်း ဥပဒေနှင့်အညီ ကြားဖြတ်ရွေးကောက်ပွဲကျင်းပ၍ အစားထိုးရွေးကောက်တင်မြှောက်ပြီးဖြစ်ရမှာပါ။ ကြားဖြတ်ရွေးကောက်ပွဲကျင်းပမည်ဆိုလျှင် အဲဒီမဲဆန္ဒနယ်အတွက် မဲစာရင်းပြုစုဖို့ရာ သုံးလ၊ လေးလ ကြာတတ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်လောင်းတင်သွင်းတာတွေ၊ မဲဆွယ်စည်းရုံးရေးကာလ သတ်မှတ်ပေးရတာတွေအားလုံး ခြောက်လအတွင်းပြီးမြောက်ဖို့ဆိုတာ အတော်ကိုကြိုးစားအားထုတ်ရမှာပါ။ လက်တွေ့ကျတော့ ဒီပြဋ္ဌာန်းချက်က အကောင်အထည်ဖော်ဖို့ အခက်အခဲဖြစ်စေတဲ့ ပြဋ္ဌာန်းချက်တစ်ခု ဖြစ်နေပါတယ်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေနဲ့ အခု ဒုတိယလွှတ်တော်သက်တမ်းကာလအတွင်း ၂၀၁၇ ခုနှစ်နဲ့ ၂၀၁၈ ခုနှစ်တို့မှာ ကြားဖြတ်ရွေးကောက်ပွဲ နှစ်ကြိမ်ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ အခု ၂၀၁၉ ခုနှစ်ကိုတော့ ၂၀၂၀ ပြည့်နှစ်မှာကျင်းပမယ့် အထွေထွေရွေးကောက်ပွဲအတွက် ပိုမိုပြည့်စုံမှန်ကန်တဲ့ မဲစာရင်းကောက်ယူပြုစုရမယ့်နှစ်အဖြစ် ဆောင်ရွက်နေပါတယ်။ ဒါကြောင့် ၂၀၁၉ ခုနှစ်မှာတော့ ကြားဖြတ်ရွေးကောက်ပွဲပြုလုပ်နိုင်မယ့် အခြေအနေမရှိနိုင်ပါဘူး။ ဒီကိစ္စနဲ့ပတ်သက်လို့ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေများမှာ ပြဋ္ဌာန်းထားတဲ့ ပုဒ်မ ၈၉ ကို သင့်လျော်သလို ပြန်လည်ပြင်ဆင်ပေးဖို့နဲ့ ကြားဖြတ်ရွေးကောက်ပွဲဆိုင်ရာတို့ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေနဲ့ ပြည်ထောင်စုလွှတ်တော်ကို မကြာမီ တင်ပြသွားမှာဖြစ်ပါတယ်။

ဤသည်မှာ ဇူလိုင်လ ၄ ရက်နေ့က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၌ကျင်းပသည့် သတင်းစာရှင်းလင်းပွဲတွင် သတင်းထောက်တစ်ဦး၏ ၂၀၁၉ ခုနှစ်တွင် ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပရန် ရှိ-မရှိ မေးမြန်းချက်အပေါ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်တစ်ဦး၏ ဖြေကြားချက်မှ ကောက်နုတ်ဖော်ပြခြင်းဖြစ်သည်။ ဤသို့ဖြင့် လွှတ်တော်ရွေးကောက်ပွဲဥပဒေများ၏ ပုဒ်မ ၈၉ ပါ ပြဋ္ဌာန်းချက်များနှင့် အလားတူ ဥပဒေပြဋ္ဌာန်းချက်များကို လေ့လာစောကြောမိသည်။ အနှစ်ချုပ်၍ မျှဝေပါရစေ။

## လွှတ်တော်ရွေးကောက်ပွဲဥပဒေများပါပြဋ္ဌာန်းချက်

ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေနှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေများကို ၂၀၁၀ ပြည့်နှစ် မတ်လ ၈ ရက်တစ်ရက်တည်းတွင် ပြဋ္ဌာန်းခဲ့သည်။ ယင်းဥပဒေများ၏ ပုဒ်မ ၈၉ ကို အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်-

လွှတ်တော်တွင် တစ်စုံတစ်ရာသောအကြောင်းကြောင့် လွှတ်တော်ကိုယ်စားလှယ်နေရာ လစ်လပ်ခဲ့လျှင် ဥပဒေနှင့်အညီ အစားထိုးရွေးကောက်တင်မြှောက်ရမည်။

ထိုပြဋ္ဌာန်းချက်အရ ပထမအကြိမ် လွှတ်တော်သက်တမ်းအတွင်း ပထမအကြိမ် ကြားဖြတ်ရွေးကောက်ပွဲကို ၂၀၁၂ ခုနှစ်တွင် ကျင်းပပေးခဲ့သည်။ ဒုတိယအကြိမ်ကြားဖြတ်ရွေးကောက်ပွဲကို ၂၀၁၄ ခုနှစ်တွင် ကျင်းပမည်ဖြစ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ပြည်ထောင်စုလွှတ်တော်၌ ဖြေကြားခဲ့သော်လည်း အကြောင်းကြောင်းကြောင့် ကြားဖြတ်ရွေးကောက်ပွဲကို ကျင်းပနိုင်ခြင်းမရှိတော့၍ ပြည်ထောင်စုလွှတ်တော်သို့ ပြန်လည်တင်ပြအစီရင်ခံခဲ့ကြောင်း သိရသည်။ သို့ဖြစ်ရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပထမအကြိမ် လွှတ်တော်သက်တမ်းကာလအတွင်း ကြားဖြတ်ရွေးကောက်ပွဲ တစ်ကြိမ်တည်းသာ ကျင်းပနိုင်ခဲ့သည်။

## ဥပဒေပြဋ္ဌာန်းချက်ကို ပထမအကြိမ်ပြင်ဆင်ခြင်း

လွှတ်တော်ရွေးကောက်ပွဲဥပဒေ သုံးခုစလုံး၏ ပုဒ်မ ၈၉ ပါ ပြဋ္ဌာန်းချက်ကို ၁၈-၁-၂၀၁၆ ရက်နေ့တွင် တတိယအကြိမ်ပြင်ဆင်သည့်ဥပဒေအရ အောက်ပါအတိုင်း ပြင်ဆင်ခဲ့သည်-

(က) လွှတ်တော်တွင် တစ်စုံတစ်ရာသော အကြောင်းကြောင့် လွှတ်တော်ကိုယ်စားလှယ်နေရာ လစ်လပ်လျှင် လွှတ်တော်ကိုယ်စားလှယ်လစ်လပ်ကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကော်မရှင်သို့ အကြောင်းကြားသည့်နေ့မှစ၍ ခြောက်လအတွင်း ပုဒ်မ ၅၀ ပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်စေဘဲ ဥပဒေနှင့်အညီ အစားထိုးရွေးကောက်တင်မြှောက်ပြီး ဖြစ်ရမည်။

(ခ) လွှတ်တော်ကိုယ်စားလှယ်နေရာ လစ်လပ်ခြင်းသည် လွှတ်တော်ပုံမှန်သက်တမ်း မကုန်ဆုံးမီ တစ်နှစ်အတွင်းဖြစ်ပါက အစားထိုးရွေးကောက်တင်မြှောက်ခြင်း မပြုရ။

## ဥပဒေပြဋ္ဌာန်းချက်ကိုဒုတိယအကြိမ်ပြင်ဆင်ခြင်း

လွှတ်တော်ရွေးကောက်ပွဲဥပဒေ သုံးခုစလုံး၏ ပုဒ်မ ၈၉ ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်ကို ၈-၆-၂၀၁၆ ရက်နေ့တွင် စတုတ္ထအကြိမ်ပြင်ဆင်သည့်ဥပဒေအရ အောက်ပါအတိုင်း ပြင်ဆင်ခဲ့သည်-

(က) လွှတ်တော်တွင် တစ်စုံတစ်ရာသောအကြောင်းကြောင့် လွှတ်တော်ကိုယ်စားလှယ်နေရာ လစ်လပ်လျှင် လွှတ်တော်ကိုယ်စားလှယ်လစ်လပ်ကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကော်မရှင်သို့ အကြောင်းကြားသည့်နေ့မှစ၍ လွှတ်တော်ပုံမှန်သက်တမ်း၏ ပထမနှစ်အတွက် တစ်နှစ်အတွင်းတွင်လည်းကောင်း၊ ဒုတိယနှစ်၊ တတိယနှစ်နှင့် စတုတ္ထနှစ်များအတွက် ခြောက်လအတွင်းတွင်လည်းကောင်း ပုဒ်မ ၅၀ ပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်စေဘဲ ဥပဒေနှင့်အညီ အစားထိုးရွေးကောက်တင်မြှောက်ပြီးဖြစ်ရမည်။

## အကောင်အထည်ဖော်ရာတွင်အခက်တွေ့စေသည်

လွှတ်တော်ရွေးကောက်ပွဲ ဥပဒေသုံးခုစလုံး၏ ပုဒ်မ ၈၉ ပုဒ်မခွဲ(က) ပါ ပြဋ္ဌာန်းချက်ကို အထပ်ထပ်အခါခါ ပြန်၍ ဖတ်ကြည့်သည်။ လွှတ်တော်ကိုယ်စားလှယ် လစ်လပ်နေရာများသည် တစ်နေ့တည်း တစ်ချိန်တည်းတွင် ပေါ်ပေါက်လာနိုင်မည်မဟုတ်။ တစ်လတစ်ခါ၊ နှစ်လတစ်ခါ၊ သုံးလတစ်ခါ၊ လေးလတစ်ခါ ပေါ်ပေါက်လာနိုင်သည်။ ဥပဒေပြဋ္ဌာန်းချက်အရဆိုလျှင် လွှတ်တော်နေရာ လစ်လပ်သည်ဟုအကြောင်းကြားလာသည့်အခါတိုင်း ခြောက်လအတွင်း ဥပဒေနှင့်အညီ အစားထိုးရွေးကောက် တင်မြှောက်ပြီးဖြစ်ရပါမည်။ အချိန်ကာလတိတိကျကျ သတ်မှတ်ထားသည်။ ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပခြင်းလုပ်ငန်းများ ရွေးကောက်ပွဲတစ်ခုမပြီးမီ နောက်ထပ် ရွေးကောက်ပွဲတစ်ခုက ထပ်၍ထပ်၍ ဆောင်ရွက်နေရမည်သာဖြစ်သည်။ လက်တွေ့အကောင်အထည်ဖော်ရာတွင် အခက်တွေ့စေသည်။ ဥပဒေပြဋ္ဌာန်းချက်က တင်းတင်းကျပ်ကျပ်ဖြစ်နေသည်အကောင်အထည်ဖော်၍မရနိုင်သော ပြဋ္ဌာန်းချက်တစ်ရပ်ကဲ့သို့ ဖြစ်နေသည်။

## အလားတူ ဥပဒေပြဋ္ဌာန်းချက်များ

ဥပဒေပြဋ္ဌာန်းချက်တစ်ရပ်သည် ရှုပ်ထွေးခြင်း၊ တင်းကျပ်ခြင်း၊ လစ်ဟာနေခြင်းတို့ကြောင့် အကောင်အထည်ဖော်ရာတွင် အခက်အခဲတွေ့စေသည့် ဥပဒေပြဋ္ဌာန်းချက်များ ယခင်ရှေးအခါကလည်း ရှိခဲ့ဖူးသည်။ ယခုလည်းကြုံနေရသည်။ ယင်းသို့အခြေအနေမျိုးတွင် ဥပဒေပြုအဖွဲ့က ပြန်လည်ပြင်ဆင်ပေးရသည်။ သာဓကအားဖြင့် ဖော်ပြပါရစေ။

ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေကို ၉-၄-၂၀၁၅ ရက်နေ့တွင်ပြဋ္ဌာန်းပြီး ပြင်ဆင်သည့်ဥပဒေကို ၈-၂-၂၀၁၇ ရက်နေ့တွင် ပြဋ္ဌာန်းပေးခဲ့ရသည်။ ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေကို ၁၈-၁-၂၀၁၆ ရက်နေ့တွင်ပြဋ္ဌာန်းပြီး ပြင်ဆင်သည့်ဥပဒေကို ၂၆-၅-၂၀၁၇ ရက်နေ့တွင် ပြဋ္ဌာန်းပေးခဲ့ရသည်။ ဥပဒေပြဋ္ဌာန်းပြီးနောက် စတင်အကောင်အထည်ဖော်ခြင်းမပြုမီမှာပင် ပြင်ဆင်ခဲ့ရသည်။

အမြန်လမ်းမကြီးဥပဒေကို ၉-၄-၂၀၁၅ ရက်နေ့တွင် ပြဋ္ဌာန်းပြီး ပြင်ဆင်သည့်ဥပဒေကို ၂၇-၁၁-၂၀၁၅ ရက်နေ့တွင် ပြဋ္ဌာန်းပေးခဲ့ရသည်။ အထူးကုန်စည်ခွန်ဥပဒေကို ၁၈-၁-၂၀၁၆ ရက်နေ့တွင် ပြဋ္ဌာန်းပြီး ပြင်ဆင်သည့်ဥပဒေကို ၂၆-၇-၂၀၁၇ ရက်နေ့တွင် ပြဋ္ဌာန်းပေးခဲ့ရသည်။ အကောင်အထည်ဖော်ရာတွင် အခက်အခဲမရှိစေရန် ပြင်ဆင်ခဲ့ရသည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို ၇-၈-၂၀၁၃ ရက်နေ့တွင် ပြဋ္ဌာန်းပြီး ပထမအကြိမ် ပြင်ဆင်သည့်ဥပဒေကို ၂၃-၇-၂၀၁၄ ရက်နေ့တွင်လည်းကောင်း၊ ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေကို ၂၉-၇-၂၀၁၆ ရက်နေ့တွင်လည်းကောင်း၊ တတိယအကြိမ်ပြင်ဆင်သည့်ဥပဒေကို ၃၁-၇-၂၀၁၇ ရက်နေ့တွင်လည်းကောင်း၊ စတုတ္ထအကြိမ်ပြင်ဆင်သည့်ဥပဒေကို ၂၁-၆-၂၀၁၈ ရက်နေ့တွင်လည်းကောင်း ပြဋ္ဌာန်းပေးခဲ့ရသည်။ လိုအပ်ချက်များ၊ လစ်ဟာချက်များရှိနေ၍ ပြင်ဆင်ခဲ့ရသည်။

## ရေရှည်တည်တံ့ခိုင်မြဲသည့်ဥပဒေ

ဥပဒေပြဋ္ဌာန်းခြင်းလုပ်ငန်းသည် လွယ်ကူသောလုပ်ငန်းမဟုတ်ပါ။ အချိန်ယူရသည်။ အရေးအသားမှန်ကန်ရပါမည်။ ရှင်းရှင်းလင်းလင်းရှိရပါမည်။ အများပြည်သူသိရှိနားလည်နိုင်ရေး ဦးတည်ရပါမည်။ နိုင်ငံတော်နှင့် အများပြည်သူအကျိုးကို ရှေးရှုရပါမည်။ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အခက်အခဲမဖြစ်စေရပါ။ ဤသည်မှာ အနှစ်ချုပ်သဘောမျှသာဖြစ်သည်။ ဆောင်ရန်၊ ရှောင်ရန် အချက်တွေများစွာရှိနေသည်။

ဥပဒေပြဋ္ဌာန်းချက်တစ်ရပ် လစ်ဟာနေ၍ဖြစ်စေ၊ ရှုပ်ထွေးနေ၍ဖြစ်စေ၊ တင်းတင်းကျပ်ကျပ်ဖြစ်နေ၍ဖြစ်စေ၊ အကောင်အထည်ဖော်ဆောင်ရွက်၍ မရနိုင်ဖြစ်သည့်အခါ ဥပဒေပြဋ္ဌာန်းချက်အပေါ် ခမ္မခိဋ္ဌာန်ကျကျ ရှုမြင်ခြင်းမရှိဘဲ အကောင်အထည်ဖော်ဆောင်ရွက်ရသည့် ဌာန၊ အဖွဲ့အစည်းအပေါ် အပြစ်သဘောရှုမြင်တတ်ကြသည်။ ဤတွင် ဥပဒေပြဋ္ဌာန်းချက်ကို ပြင်ဆင်နိုင်ရေး၊ ဖြည့်စွက်နိုင်ရေး၊ ပယ်ဖျက်နိုင်ရေး၊ အစားထိုးနိုင်ရေးစသည်ဖြင့် ဥပဒေပြုအဖွဲ့သို့ ပြင်ဆင်ချက်ဥပဒေများ တင်သွင်းကြရသည်။ ဥပဒေပြုအဖွဲ့က လိုအပ်သည်ကိုစိစစ်၍ ပြင်ဆင်ချက်ဥပဒေများပြဋ္ဌာန်းပေးရသည်။ သို့ရာတွင် ဥပဒေတစ်ရပ်ပြဋ္ဌာန်းပြီး တစ်နှစ်အကြာ ဥပဒေကိုပြန်လည်ပြင်ဆင်ရခြင်း၊ ပြင်ဆင်ချက်ဥပဒေကို နောက်ထပ်တစ်ဖန် တစ်နှစ်အကြာ ပြန်လည်ပြင်ဆင်ရခြင်း၊ နောက်ထပ်တစ်နှစ်အကြာ ထပ်မံပြင်ဆင်ရခြင်းမျိုးသည် မလွှဲမရှောင်ဖြစ်တတ်သည့် ခြွင်းချက်သဘောမျိုးသာ ဖြစ်သင့်သည်။

သို့ဖြစ်ရာ ဥပဒေပြုအဖွဲ့များက ဥပဒေတစ်ရပ်ပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်ရာတွင်လည်းကောင်း၊ ပြင်ဆင်ချက်ဥပဒေများ ပြဋ္ဌာန်းနိုင်ရေးဆောင်ရွက်ရာတွင်လည်းကောင်း ယင်းဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ဌာန၊ အဖွဲ့အစည်းများအနေဖြင့် လုပ်ငန်းစဉ်များကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေး ရှုပ်ထွေးသည့်၊ တင်းကျပ်သည့် ဥပဒေပြဋ္ဌာန်းချက်များ မပါရှိစေရေး အထူးအလေးထား၍ စိစစ်ရေးသားပြုစုဆောင်ရွက်သွားကြရန် လိုအပ်ပါမည်ဟု အတွေးတစ်ရပ်ဖြစ်ပေါ် မိကြောင်းပါဗျာ။

**- ဥပဒေပြဋ္ဌာန်းချက်များ ရှင်းရှင်းလင်းလင်းရှိနိုင်ကြပါစေ၊**

**- ရှုပ်ထွေးတင်းကျပ်သော ဥပဒေပြဋ္ဌာန်းချက်များ မဖြစ်ပေါ်ရေး သတိမူနိုင်ကြပါစေ၊**

**- ဥပဒေကိုအကောင်အထည်ဖော်ရာတွင် ထိရောက်အကျိုးရှိစွာ ဆောင်ရွက်နိုင်ကြပါစေ။**

> **“ဥပဒေပြဋ္ဌာန်းခြင်း လုပ်ငန်းသည် လွယ်ကူသော လုပ်ငန်းမဟုတ်ပါ။ အများပြည်သူ သိရှိနားလည်နိုင်ရေး ဦးတည်ရပါမည်။ နိုင်ငံတော်နှင့် အများပြည်သူအကျိုးကို ရှေးရှုရပါမည်။”**

## တိုတိုထွာထွာဖတ်စရာ

### ဦးနှောက်အမြှေးရောင် ကြိုတင်ကာကွယ်ဆေးထိုးနှံ

**ရန်ကုန်**

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ် (၉၀) ရပ်ကွက် နာရေးကူညီမှုရုံးခန်း၌ ဇူလိုင် ၁၀ ရက် နံနက် ၁၀ နာရီက မြို့နယ်ကျန်းမာရေးဌာနမှ ဆရာမကြီးဒေါ်ကျော့အေး ဦးဆောင်သောကျန်းမာရေးဝန်ထမ်းများသည် ခြောက်လမှ သုံးနှစ်အထိ ကြက်ညှာ၊ ဆုံဆို့၊ မေးခိုင်၊ အသည်းရောင် အသားဝါ (ဘီ)၊ ဦးနှောက်အမြှေးရောင်ကာကွယ်ဆေးနှင့် သုံးနှစ်မှ ခုနစ်နှစ်အထိ ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင် (D-t)၊ ခုနစ်နှစ်မှ ၁၅ နှစ်အထိ (T-d) ကြိုတင်ကာကွယ်ဆေးကို ကွင်းဆင်း၍ ထိုးနှံပေးခဲ့ကြောင်း သိရသည်။

**ကျင်မောင်**

### ရာသီတုပ်ကွေးရောဂါလူနာများအား အခမဲ့ကုသပေး

**မိုးကောင်း**

ကချင်ပြည်နယ် မိုးကောင်းမြို့တွင် လတ်တလောဖြစ်ပွားနေသည့် ရာသီတုပ်ကွေးရောဂါလူနာများကို မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် အမှတ်(၁)တပ်မတော်ဆေးရုံ နယ်လှည့်ဆေးကုသရေးအဖွဲ့၊ မိုးကောင်းမြို့ပရဟိတအဖွဲ့နှင့် ဆရာဝန်များအဖွဲ့တို့ပူးပေါင်းကာ ဇူလိုင် ၁၀ ရက်မှစတင်၍ အခမဲ့ဆေးကုသပေးလျက်ရှိသည်။

အခမဲ့ဆေးကုသခြင်းကို ဇူလိုင် ၁၀ ရက်မှ ၁၄ ရက်ထိ မိုးကောင်းမြို့တော်ခန်းမတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် အမှတ်(၁) တပ်မတော်ဆေးရုံနယ်လှည့်ဆေးကုသရေးအဖွဲ့ကလည်းကောင်း၊ ဈေးကုန်းရပ်ကွက်ရှိ သာသနာ့ဗိမာန်တော်ကြီးတွင် ဇူလိုင် ၁၀ ရက်မှ ၂၃ ရက်အထိမိုးကောင်းပရဟိတအဖွဲ့နှင့် မြို့နယ်ဆရာဝန်များအဖွဲ့တို့က ပူးပေါင်းကုသပေးလျက်ရှိကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

### အခြေခံအိမ်တွင်းလျှပ်စစ်သွယ်တန်းမှုသင်တန်းဖွင့်

**သထုံ**

အခြေခံအိမ်တွင်းလျှပ်စစ်သွယ်တန်းမှုနည်းပညာသင်တန်းဖွင့်ပွဲကို ဇူလိုင် ၁၀ ရက် နံနက် ၉ နာရီခွဲက သထုံမြို့နယ်အတွင်းရှိ နောင်ကုလားရှမ်းရွာအောင်တော်မူဓမ္မစကြာဘုန်းကြီးကျောင်း၌ ကျင်းပသည်။

သင်တန်းသို့ သထုံမြို့နယ်ရှိ နောင်ကုလားရှမ်းရွာနှင့် လေသာကုန်းကျေးရွာတို့မှ သင်တန်းသား ၂၀ တက်ရောက်လျက်ရှိပြီး သင်တန်းကာလမှာ ဇူလိုင် ၁၀ ရက်မှ ၂၃ ရက်အထိဖြစ်ကြောင်း သိရသည်။ **မောင်ရွှေဝင်း(ပြည်)**



ရန်ကင်းမြို့နယ်အတွင်း မူခင်းဖြစ်ပွားမှု ကျဆင်းရေးအတွက် အမှတ် (၁၂) ရပ်ကွက်ရှိ ဓမ္မသုခဓမ္မာရုံ၌ ဇူလိုင် ၉ ရက်က ရပ်ကွက်နေပြည်သူများအား မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းထွန်းအောင် မှုခင်းအသိပညာပေးဟောပြောစဉ်။ တင်ဝင်းတင်

## မချမ်းဘော-ဇရုခ-ရပ်ဘော့လမ်းပိုင်း ရေကျော်မှုကြောင့် သွားလာရေးအခက်ကြုံ

**ပူတာအို ဇူလိုင် ၁၁**

ကချင်ပြည်နယ် ပူတာအိုခရိုင်အတွင်းရှိမြို့နယ်များတွင် ဇူလိုင် ၇ ရက်နံနက်ပိုင်းမှစ၍ မိုးသည်းထန်စွာအဆက်မပြတ်ရွာသွန်းမှုကြောင့် နောင်မွန်းမြို့နယ် ကဆန်ချောင်းရေကြီးပြီး ရေလျှံတက်မှုဖြစ်ကာ နောင်မွန်းမြို့အဝင်လမ်းမကြီး ပေ ၂၀၀ ခန့်ရေကျော်မှုနှင့် မချမ်းဘော-ဇရုခ-ရပ်ဘော့လမ်းအချို့နေရာများရေကျော်မှုကြောင့် မော်တော်ယာဉ်များသွားလာ၍မရကြောင်း သိရသည်။

ကဆန်ချောင်းရေကြီးမှုကြောင့် မချမ်းဘော-ဇရုခ-ရပ်ဘော့လမ်းပိုင်းအတွင်း အမြင့်ရှစ်ပေခန့် ရေလျှံလျက်ရှိပြီး ကားလမ်းပေါ်ရှိ ပေ ၈၀ ရှည်တံတားတစ်စင်း၊ ပေ ၂၁၀ ရှည် (ဘဘော့တံတား)တံတားတစ်စင်း၊ ပေ ၈၀ ရှည်တံတားတစ်စင်းတို့အပေါ် ခန့်မှန်းရေအမြင့်လေးပေခန့် ရေမြုပ်လျက်ရှိခြင်းကြောင့် သွားရေးလာရေးပြတ်တောက်လျက်ရှိသည်။ **ဆန်းညွန့်(ပူတာအို)**

## LED မီးလုံး သန်း ၁၀၀ ကျော်အသုံးပြုထားသောပွဲတော်သို့ လာရောက်သူများဖြင့်စည်ကား

**မြင်းခြံ ဇူလိုင် ၁၁**



မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် မြင်းခြံမြို့ရှိ မာလာဟေဝန်ပန်းခြံအတွင်း LED မီးလုံးပေါင်း သန်း ၁၀၀ ကျော်အသုံးပြု၍ L.J LED Beautiful World Festival ကိုဇူလိုင် ၉ ရက် ည ၇ နာရီမှစတင်ဖွင့်လှစ်ခဲ့ရာ လာရောက်ကြည့်ရှုလည်ပတ်သူများဖြင့် စည်ကားလျက်ရှိသည်။

LED မီးလုံးများဖြင့် အလှဆင်ထားသည့် ပန်းခြံအတွင်းတွင် လိုဏ်ဂူသဏ္ဍာန်ပြုလုပ်ထားသော ဥမင်လမ်းများ၊ လိပ်ပြာရုပ်များ၊ ပဲရစ်မျှော်စင်ရုပ်များ၊ ဒေါင်းရုပ်များ၊ နေပုံ၊ လပုံများနေရာတွင် လာရောက်ကြသူများက အမှတ်တရဓာတ်ပုံရိုက်ကြကာ ပျော်ရွှင်လျက်ရှိကြသည်။ ထို့အပြင် လူငယ်လူရွယ်များအကြိုက် အသည်းနှလုံးပုံများ၊ LOVE စာလုံးပုံများတွင်လည်း အမှတ်တရဓာတ်ပုံများ ရိုက်ကူးကြသည်။

LED မီးလုံးများဖြင့်ပြုလုပ်သော ပွဲတော်အား တာဝန်ယူဆောင်ရွက်နေသည့် Love & Joy ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးရဲမြင့်က မိမိတို့ ယခုလိုပွဲမျိုးကို ရန်ကုန်၊ မန္တလေး၊ မုံရွာ၊ စစ်ကိုင်း၊ မကွေး၊ တောင်ငူမြို့များတွင်လည်း ဖွင့်လှစ်ပြသပေးခဲ့ကြောင်း၊ LED မီးသီးပေါင်း သန်း ၁၀၀ ကျော် အသုံးပြုထားပြီး အရုပ်အမျိုးပေါင်း ၃၀၀ ကျော်ကို ကိုးရက်ကြာ ပြင်ဆင်ခဲ့ရကြောင်း၊ မြင်းခြံမြို့တွင် ၁၆ ရက်ကြာ ဖွင့်လှစ်ပြသသွားမည်ဖြစ်ကြောင်း ပြောပြသည်။

အဆိုပါမြင်းခြံမြို့၏ LED မီးလုံးဖြင့်ပြုလုပ်ပြသမှု စတင်ဖွင့်လှစ်သည့်နေ့တွင် လွှတ်တော်ကိုယ်စားလှယ်များ ၊ ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြင်းခြံမြို့ ပရဟိတအသင်းများမှလူငယ်များနှင့် The Voice Myanmar မှ ဟေဇယ်တို့ဖြင့် ဖွင့်လှစ်ခဲ့ပြီး ဟေဇယ်ကသီချင်းများဖြင့် ဖျော်ဖြေခဲ့သည်။ မြင်းခြံမြို့တွင် ပထမဦးဆုံးအကြိမ် LED မီးလုံး သန်း ၁၀၀ ကျော်အသုံးပြုထားသောပွဲတော်သို့ တောင်သာ၊ နွားထိုးကြီး စသည့်မြို့များအပြင် ကျေးရွာများမှလည်း လာရောက်ကြသဖြင့် စည်ကားလျက်ရှိပြီး လာရောက်ကြသူများမှာလည်း ပျော်ရွှင်လျက်ရှိကြသည်ကို သိရသည်။

**ဇော်မင်းနိုင် (မြင်းခြံ)**

## အီလက်ထရွန်နစ် မှတ်ပုံတင်စနစ် စတင်သည့်အချိန်မှစ၍ ပြန်လည်မှတ်ပုံတင်သည့် ကုမ္ပဏီအပါအဝင် စုစုပေါင်းကုမ္ပဏီ ၆၀၀၀၀ ကျော်ရှိ

**ရန်ကုန် ဇူလိုင် ၁၁**

လစဉ် အီလက်ထရွန်နစ် မှတ်ပုံတင်စနစ် (MyCO) ဖြင့် မှတ်ပုံတင်သည့် ကုမ္ပဏီတစ်ထောင်ကျော်ရှိပြီး MyCO စနစ်စတင်သည့်အချိန်မှစ၍ ပြန်လည်မှတ်ပုံတင်သည့် ကုမ္ပဏီအပါအဝင် ကုမ္ပဏီ ၆၀၀၀၀ ကျော်ရှိကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

၂၀၁၇ ခုနှစ်တွင် အတည်ပြုပြဋ္ဌာန်းခဲ့သည့် ကုမ္ပဏီဥပဒေအရ အီလက်ထရွန်နစ် မှတ်ပုံတင်စနစ် (MyCO)အသုံးပြု၍ မှတ်ပုံတင်ရမည်ဖြစ်ကာ အဆိုပါစနစ်ကို ၂၀၁၈ ခုနှစ် ဩဂုတ် ၁ ရက်မှ စတင်ကျင့်သုံးလျက်ရှိရာ ၂၀၁၉ ခုနှစ် ဇွန်လကုန်အထိ ၁၁ လအတွင်း ကုမ္ပဏီအသစ် ၁၆၀၀၀ ကျော်နှင့် ပြန်လည်မှတ်ပုံတင်သည့် ကုမ္ပဏီအဟောင်း ၄၆၀၀၀ ကျော်၊ စုစုပေါင်း ကုမ္ပဏီ ၆၀၀၀၀ ကျော်ကို မှတ်ပုံတင်နိုင်ခဲ့ကြောင်း၊ ထိုသို့ အီလက်ထရွန်နစ် မှတ်ပုံတင်စနစ် (MyCO)အသုံးပြု၍ မှတ်ပုံတင်ရာတွင်လည်း Oline Application ကိုအသုံးပြု၍ မှတ်ပုံတင်သူမှာရာခိုင်နှုန်းအားဖြင့် ၉၀ ရာခိုင်နှုန်းကျော်ရှိပြီး Manual Filings ကို အသုံးပြုသူမှာ ရာခိုင်နှုန်းအားဖြင့် အနည်းငယ်သာရှိကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏ စာရင်းများအရ သိရသည်။


အဆိုပါ အီလက်ထရွန်နစ် မှတ်ပုံတင်စနစ် (MyCO) အသုံးပြု၍ မှတ်ပုံတင်သည့် ကုမ္ပဏီအသစ်မှာ လစဉ်တစ်ထောင်ကျော်ရှိပြီး စတင်ကျင့်သုံးသည့် ၂၀၁၈ ခုနှစ် ဩဂုတ်တွင် ကုမ္ပဏီ ၁၈၁၆ ခု၊ စက်တင်ဘာတွင် ကုမ္ပဏီ ၂၂၁၈ ခု၊ အောက်တိုဘာတွင် ကုမ္ပဏီ ၁၆၇၁ ခု၊ နိုဝင်ဘာတွင် ကုမ္ပဏီ ၁၄၃၁ ခု၊ ဒီဇင်ဘာတွင် ကုမ္ပဏီ ၁၃၆၄ ခု၊ ၂၀၁၉ ခုနှစ် ဇန်နဝါရီတွင် ကုမ္ပဏီ ၁၇၃၃ ခု၊ ဖေဖော်ဝါရီတွင် ကုမ္ပဏီ ၁၄၁၉ ခု၊ မတ်လတွင် ကုမ္ပဏီ ၁၁၀၈ ခု၊ ဧပြီတွင် ၁၀၄၅ ခု၊ မေတွင် ၁၄၁၁ ခုနှင့် ဇွန်တွင် ၁၃၀၇ ခု ရှိကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏ စာရင်းများအရသိရသည်။

ပြန်လည်မှတ်ပုံတင်သည့် ကုမ္ပဏီအဟောင်းများကို ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၃၁ ရက် နောက်ဆုံးထားကာ ပြန်လည်မှတ်ပုံတင်ရန် ကြေညာခဲ့ပြီး ပြန်လည်မှတ်ပုံမတင်သောကုမ္ပဏီများကိုကုမ္ပဏီစာရင်းမှ ပယ်ဖျက်မည်ဖြစ်ကြောင်းရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ ပြောကြားထားသည်။

ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏ စာရင်းများအရ ယခင်မှတ်ပုံတင်ထားသည့် ကုမ္ပဏီပေါင်း ၆၀၀၀၀ ကျော်ရှိပြီး ပြန်လည်မှတ်ပုံတင်ရန် သတ်မှတ်ထားသောအချိန်ကာလပြည့်သည့်အချိန်တွင် ပြန်လည်မှတ်ပုံတင်သည့် ကုမ္ပဏီ ၄၆၃၇၇ ခုရှိပြီး ပြန်လည်မှတ်ပုံတင်ရန် ကုမ္ပဏီ ၁၀၀၀၀ ကျော် ကျန်ရှိနေသေးသည်။

သို့သော် ပြန်လည်မှတ်ပုံတင်မည့် ကုမ္ပဏီများအနေဖြင့် သတ်မှတ်ကာလထက် နောက်ကျပြီး ပြန်လည်မှတ်ပုံတင်မည်ဆိုပါက လုံလောက်သည့် ခိုင်လုံသောအကြောင်းပြချက် ပေးရမည်ဖြစ်သည့်အပြင် သတ်မှတ်ထားသည့် ဒဏ်ကြေးငွေပါ ပေးဆောင်ရမည်ဖြစ်ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမျိုးမင်းက ပြောကြားသည်။ **ငြိမ်းငြိမ်း**

## ဗောဓိတစ်ထောင် ဆင်ထိန်းသိမ်းစောင့်ရှောက်ရေးစခန်း ဇူလိုင် ၁၄ ရက်တွင် ဖွင့်လှစ်မည်



**မုံရွာ ဇူလိုင် ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် ဗောဓိတစ်ထောင်ဆင်ထိန်းသိမ်းစောင့်ရှောက်ရေးစခန်းကို ဇူလိုင် ၁၄ ရက်တွင် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း မုံရွာသစ်ထုတ်ရေးဒေသမှ လက်ထောက်အထွေထွေမန်နေဂျာ ဦးဇော်ဝင်းသိန်းက ပြောကြားသည်။

"ဆင်စခန်းမှာတော့ ဆင်တွေရဲ့သဘာဝ၊ ဆင်သမားတွေ တောတွင်းနေထိုင်မှုဓလေ့ထုံးစံတွေနဲ့ကျေးရွာပုံစံကို လက်တွေ့လေ့လာခွင့်ရမယ်၊ နောက်ပြီးခေတ်အဆက်ဆက်က ဆင်တွေကို အသုံးပြုခဲ့ပုံတွေကို မှတ်တမ်းဓာတ်ပုံတွေနဲ့ လေ့လာခွင့်ရမယ်၊ ဝန်ဆောင်မှုအနေနဲ့ကတော့ အခုဖွင့်လှစ်တဲ့ဆင်စခန်းကနေ ထိုင်တော်မူရုပ်ပွားတော်ကြီးတည်ရှိရာ တောင်ခြေအထိကို ဆင်တွေနဲ့သွားရောက်လေ့လာခွင့်ရဖို့အတွက် စီစဉ်ထားပါတယ်" ဟု လက်ထောက်အထွေထွေမန်နေဂျာ ဦးဇော်ဝင်းသိန်းက ပြောသည်။

ဗောဓိတစ်ထောင်ဆင်ထိန်းသိမ်းစောင့်ရှောက်ရေးစခန်းသို့ လာရောက်လည်ပတ်ကြမည့် ပြည်တွင်းဧည့်သည်များသည် ဆင်စခန်းဝင်ကြေးအနေဖြင့် ငွေကျပ် ၁၀၀၀ နှုန်း၊ ဆင်စီးပါက တစ်ဦးလျှင်ငွေကျပ် ၅၀၀၀ နှုန်းဖြင့်လည်းကောင်း၊ နိုင်ငံခြားဧည့်သည်တစ်ဦးလျှင် ဝင်ကြေးကို ငွေကျပ် ၁၀၀၀၀ ဖြင့်လည်းကောင်း၊ ဆင်စီးပါက တစ်ဦးလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် စီးနိုင်ပြီး ငါးနှစ်အောက်ကလေးငယ်များနှင့် သံဃာတော်များ၊ သီလရှင်များအား ဝင်ကြေးအခမဲ့ဖြင့် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ထားကြောင်း သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**

# စစ်ကိုင်းတောင် ဆွမ်းဦးပုညရှင်စေတီ မိုးရာသီအလှဖိတ်ခေါ်ဓာတ်ပုံပြိုင်ပွဲ ဆုရွေးချယ်


ပထမ အောင်မျိုးထွန်း(ရွှေပြည်သစ်)

**စစ်ကိုင်း ဇူလိုင် ၁၁**
စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရှိ ဆွမ်းဦးပုညရှင်စေတီ မိုးရာသီအလှ ဖိတ်ခေါ်ဓာတ်ပုံပြိုင်ပွဲဆုရွေးချယ်ပွဲကို ဇူလိုင် ၉ ရက်နှင့် ၁၀ ရက် နံနက်ပိုင်းက ဆွမ်းဦးပုညရှင်စေတီတော်မြေ့ာရုံ၌ ကျင်းပသည်။

"စစ်ကိုင်းတောင် ရာသီအလိုက် ဖိတ်ခေါ်ဓာတ်ပုံပြိုင်ပွဲတွေ ပြုလုပ်ပါတယ်။ ဒီအကြိမ်နဲ့ဆို စတုတ္ထအကြိမ်ရှိပါပြီ။ အခု စစ်ကိုင်းတောင် ဆွမ်းဦးပုညရှင်စေတီ မိုးရာသီအလှ ဖိတ်ခေါ်ဓာတ်ပုံပြိုင်ပွဲမှာ ပြိုင်ပွဲဝင်ဓာတ်ပုံ ၆၈၅ ပုံရှိပါတယ်" ဟု စစ်ကိုင်းဓာတ်ပုံအသင်းမှ အတွင်းရေးမှူး ဦးအောင်ကျော်တင်က ပြောသည်။

ဖိတ်ခေါ်ဓာတ်ပုံပြိုင်ပွဲတွင် ပထမဆုကို အောင်မျိုးထွန်း (ရွှေပြည်သစ်)၊ ဒုတိယဆုကို ဌေးလွင် (အမရပူရ)၊ တတိယဆုကို မြင့်သန်း (ကျောက်ဆည်)တို့က ရရှိခဲ့ပြီး နှစ်သိမ့်ဆုများအနေဖြင့် နှစ်သိမ့်ဆု (၁)ကြည်သာဦး (စစ်ကိုင်း)၊ နှစ်သိမ့်ဆု (၂) မျိုးထက်လင်း၊ နှစ်သိမ့်ဆု (၃)နေမျိုးအောင် (ကောင်းလမ်းဖွင့်)၊ နှစ်သိမ့်ဆု (၄) မျိုးထက်လင်း၊ နှစ်သိမ့်ဆု (၅) သိန်းလင်း (စစ်ကိုင်းတောင်) တို့က ရရှိခဲ့ကြောင်း သိရသည်။

ဆွမ်းဦးပုညရှင် ဘုရားဂေါပကအကြိုက်ဆုများအနေဖြင့် တူးတူး (အမရပူရ)၊ အောင်ကိုလတ် (စစ်ကိုင်း)၊ ဝေလင်းအောင် (လင်း-ပြင်ဦးလွင်)၊ အောင်အောင်မိုး(တမ္ပဝတီ)၊ ထွန်းမင်းဦး (ရွှေစင်)၊ ဖိုးလပြည့် (စစ်ကိုင်း)၊ အေးကျော်(ဟေမာန်)၊ ကျော်မျိုးထွန်း (ရွှေပြည်သစ်)၊ လှိုင်မျိုး(စစ်ကိုင်း)၊ အောင်အောင်(စစ်ကိုင်း) တို့က ရရှိခဲ့ကြောင်း သိရသည်။

**ခိုင်ဇေယျ**

# အများပြည်သူ သုံးစွဲရန်နှင့် စားသုံးရန်မသင့်သည့် ပစ္စည်းများ ဖျက်ဆီး

**မန္တလေး ဇူလိုင် ၁၁**
မန္တလေးမြို့နယ် အကောက်ခွန်ဦးစီးဌာနသို့ မြို့နယ်ပြည်တွင်းအခွန်များဦးစီးဌာနများက ဖမ်းဆီး၍ လွှဲပြောင်းအပ်နှံခဲ့သော အများပြည်သူသုံးစွဲရန်နှင့် စားသုံးရန်မသင့်သည့် ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၆၀၈၇၀၀ ခန့်ရှိ အရက်၊ ဘီယာ၊ ဝိုင်၊ စီးကရက်များကို ဇူလိုင် ၁၀ ရက် နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး အကောက်ခွန်ဦးစီးဌာနရုံးဝင်းအတွင်း၌ လမ်းကြိတ်စက်နှင့်ကြိတ်၍ ဖျက်ဆီးခဲ့ကြောင်း သိရသည်။

အဆိုပါ ဖျက်ဆီးသည့် အခမ်းအနားသို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးစီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမြတ်သူနှင့်အတူ တိုင်းဒေသကြီး အကောက်ခွန်ဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး၊ မြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မန်း(ကိုယ်ပွား)**



# မြောင်းမြမြို့တွင် သူနာပြုသင်တန်းကျောင်းနှင့် ပတ်သက်၍ အသိပေးဆွေးနွေး

**မြောင်းမြ ဇူလိုင် ၁၁**
ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့တွင်ဖွင့်လှစ်မည့် သူနာပြုသင်တန်းကျောင်းတွင် တက်ရောက်မည့် လျှောက်ထားသူများအား သူနာပြုသင်တန်းကျောင်းနှင့်ပတ်သက်၍ သိကောင်းစရာများ အသိပေးရှင်းလင်းပွဲကို ဇူလိုင် ၁၀ ရက် နံနက် ၁၀ နာရီက မြောင်းမြမြို့ မြရွှေဝါခန်းမ၌ ကျင်းပသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်စိုးမိုးသူက မြောင်းမြမြို့တွင် သူနာပြုသင်တန်းကျောင်း ဖြစ်ပေါ်လာပုံနှင့် သူနာပြုသင်တန်းကျောင်း တက်ရောက်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပုသိမ်မြို့ သူနာပြုသင်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး (မြောင်းမြမြို့သူနာပြုသင်တန်းကျောင်းတာဝန်ခံ) က သင်တန်းကျောင်း၌ သင်ကြားမည့်ဘာသာရပ်နှင့် အလုပ်အကိုင်ရရှိရေးအကြောင်းများကို ရှင်းလင်းဆွေးနွေးရာ တက်ရောက်လာသည့် ကျောင်းသူများနှင့် အုပ်ထိန်းသူမိဘများက သိလိုသည်များမေးမြန်းမှုကို ကျောင်းအုပ်ဆရာမကြီးက ပြန်လည်ဖြေကြားခဲ့သည်။

**အောင်မင်း(မြောင်းမြ)**

# မိုးကောင်း၌ ရပ်ရွာလူထုဘောလုံးနည်းပြသင်တန်းဖွင့်

**မိုးကောင်း ဇူလိုင် ၁၁**
ကချင်ပြည်နယ် မိုးကောင်းမြို့၌ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ မိုးကောင်းကြက်ခြေနီအသင်းခွဲနှင့် Football United (University of New South Wales) တို့ ပူးပေါင်း၍ ရပ်ရွာလူထု ဘောလုံးနည်းပြသင်တန်းဖွင့်ပွဲကို ဇူလိုင် ၁၀ ရက် နံနက် ၉ နာရီက မိုးကောင်း မြို့ နောင်ကိုက်တော်ရပ်ကွက်ရှိ မြို့နယ်ကြက်ခြေနီအသင်းခွဲရုံး၌ ကျင်းပသည်။

သင်တန်းတွင် ဘောလုံးအားကစား၏ အခြေခံကျွမ်းကျင်မှု နည်းစနစ်လေးမျိုးကိုစာတွေ့ လက်တွေ့ သင်ကြားပေးမည်ဖြစ်ပြီး သင်တန်းကာလမှာ ဇူလိုင် ၁၀ ရက်မှ ၁၂ ရက်ထိ သုံးရက်ဖြစ်ကာ သင်တန်းသား သင်တန်းသူ ၅၀ တက်ရောက်ကြောင်းသိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

# မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု ကရာတေးဒိုလက်ရွေးစင်အသင်း တံခွန်စိုက်ဆုဖလား လေးနှစ်ဆက်တိုက်ရရှိ

**နေပြည်တော် ဇူလိုင် ၁၁**
၂၀၁၉ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ကရာတေးပြိုင်ပွဲ ဗိုလ်လုပွဲများကို နေပြည်တော် ဝဏ္ဏသိဒ္ဓိ (A) ရုံ၌ ဇူလိုင် ၉ ရက်နှင့် ၁၀ ရက်တို့တွင် ကျင်းပခဲ့ရာ မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု ကရာတေးဒိုလက်ရွေးစင်အသင်းမှ အားကစားမောင်မယ်များသည် ဇူလိုင် ၁၀ ရက် ပြိုင်ပွဲအပြီးတွင် ရွှေခြောက်ခု၊ ငွေနှစ်ခု၊ ကြေးနှစ်ခုနှင့် အမျိုးသား အမျိုးသမီးစုပေါင်းတံခွန်စိုက်ပထမဆုဖလားကြီးကို လေးနှစ်ဆက်တိုက် ထပ်ဆင့်ဗိုလ်စွဲဆွတ်ခူးရရှိခဲ့ကြောင်းနှင့် မန္တလေးတိုင်းဒေသကြီး ကရာတေးဆပ်ကော်မတီဥက္ကဋ္ဌ ဦးဇော်နိုင်က ဇူလိုင် ၁၀ ရက် မွန်းလွဲပိုင်းက အောင်ပွဲရ မန္တလေးတိုင်းဒေသကြီး ကရာတေးဒိုလက်ရွေးစင်အသင်းအား ဂုဏ်ပြုဆုများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**




# (၇၂)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ်ပွဲများ ကျင်းပ

**ပုသိမ်ကြီး**
မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ဇူလိုင် ၁၀ ရက် နံနက် ၉ နာရီခွဲက (၇၂) နှစ်မြောက် အာဇာနည်နေ့အကြို နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဆေးရောင်ခြယ်ပြိုင်ပွဲကို ကျင်းပသည်။

အဆိုပါပြိုင်ပွဲသို့ ကျောင်းသား ကျောင်းသူ ၂၀ ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**ဂန့်ဂေါ**
(၇၂) နှစ်မြောက် အာဇာနည်နေ့အကြို ကဗျာရွတ်ဆိုပြိုင်ပွဲကို ဂန့်ဂေါခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် ဇူလိုင် ၁၁ ရက် နံနက် ၉ နာရီက ကျင်းပသည်။

ပြိုင်ပွဲသို့ ကျောင်းသား ကျောင်းသူ ၂၆ ဦး ပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

**စိန်ကျော်**

**သထုံ**
မွန်ပြည်နယ် သထုံမြို့နယ်တွင် အခြေခံပညာအထက်တန်းနှင့် အလယ်တန်းအဆင့် အာဇာနည်နေ့အထိမ်းအမှတ် ကျောင်းပေါင်းစုံ စာစီစာကုံးပြိုင်ပွဲကို ဇူလိုင် ၁၁ ရက် နံနက် ၉ နာရီခွဲက အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

အဆိုပါပြိုင်ပွဲတွင် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၂၀ နှင့် အလယ်တန်းအဆင့် ၂၅ ဦး စုစုပေါင်း ၄၅ ဦးတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**သက်ဦး(သထုံ)**

**ပုလဲ**
စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ် သေတ္တာရာကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ ဇူလိုင် ၁၀ ရက် မွန်းလွဲ ၁ နာရီခွဲက (၇၂) နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ်အကြို အသိပညာပေးဟောပြောပွဲ၊ နံရံကပ်စာစောင်ပြပွဲနှင့် ဓာတ်ပုံပြပွဲကို ကျင်းပသည်။

ပြိုင်ပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြင့်သိန်းစိုးက အာဇာနည်နေ့ဖြစ်ပေါ်လာပုံ သမိုင်းအကြောင်းအရာများကို ဟောပြောသည်။

ထို့နောက် (၇၂)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြဘုတ်များကို ကျောင်းသား ကျောင်းသူများက ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

**ကျောက်ဆည်**
ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးတွင် ဇူလိုင် ၁၀ ရက် နံနက် ၁၀ နာရီက (၇၂)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ်အကြို စာစီစာကုံးပြိုင်ပွဲကျင်းပသည်။

စာစီစာကုံးပြိုင်ပွဲတွင် မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများမှ ကျောင်းသား ကျောင်းသူ ၄၀ ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**သက်မောင် (ခရိုင် ပြန်/ဆက်)**

# ဆေးဖက်ဝင် အိန္ဒိယဒန့်သလွန်ပင်များ စိုက်ပျိုး

**မော်လမြိုင်ကျွန်း ဇူလိုင် ၁၁**
ဆေးဖက်ဝင်ပြီး စီးပွားရေးတွက်ခြေကိုက်သော အိန္ဒိယခြောက်လဒန့်သလွန်ပျိုးပင်များကို မော်လမြိုင်ကျွန်းမြို့တွင် ပျိုးထောင်စိုက်ပျိုးလျက်ရှိရာ အောင်မြင်ရှင်သန်လျက်ရှိနေသည်။

မော်လမြိုင်ကျွန်းမြို့နယ်ရှိ တောင်သူများသည် ဥယျာဉ်ခြံဝင်းအတွင်း၌လည်းကောင်း၊ မြေလွတ်မြေလပ်များ၌လည်းကောင်း၊ ဆက်သွယ်ရေးတာလမ်းမကြီးများ၌လည်းကောင်း စီးပွားဖြစ်စိုက်ပျိုးခြင်းနှင့် မိသားစုတစ်ပိုင်တစ်နိုင်လည်း စိုက်ပျိုးလျက်ရှိကြသည်။

အဆိုပါ အိန္ဒိယ ခြောက်လဒန့်သလွန်မျိုးမှာ အစွမ်းထက်သောဆေးပင်တစ်မျိုးဖြစ်ပြီး အကျိုးအာနိသင်မှာ ကင်ဆာအဖုအကျိတ်နှင့် ဆီးကျိတ်ကင်ဆာ မဖြစ်အောင်ကာကွယ်ပေးခြင်း၊ အသည်းအဆီဖုံးခြင်း၊ နှလုံးအဆီဖုံးခြင်းနှင့် လေးဖက်နာဂေါက်ရောဂါများမဖြစ်အောင် ကာကွယ်ပေးခြင်း၊ အင်အားတိုးပွားစေခြင်း၊ အမြင်အာရုံကောင်းမွန်စေခြင်း၊ ရုပ်ပျိုကိုယ်နုခြင်း၊ စိတ်ကြည်လင်ခြင်းနှင့် ရေကိုသန့်စင်ပေးနိုင်ခြင်း စသော အာနိသင်များရှိသည်ဟု သိရသည်။

**မော်ကျွန်းမြင့်အောင်**




# တောင်အာဖရိကအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီး အာဖရိကနိုင်ငံများဖလားဆီမီးဖိုင်နယ် နိုင်ဂျီးရီးယားတက်လှမ်း

အာဖရိကနိုင်ငံများဖလားပြိုင်ပွဲရဲ့ ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်တစ်ပွဲဖြစ်တဲ့ နိုင်ဂျီးရီးယားအသင်းနဲ့ တောင်အာဖရိကအသင်းတို့ပွဲစဉ်မှာ နိုင်ဂျီးရီးယားအသင်းက နောက်ဆုံးမိနစ်မှာ သွင်းယူခဲ့တဲ့အနိုင်ဂိုးကြောင့် တောင်အာဖရိကအသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်လှမ်းနိုင်ခဲ့ပါတယ်။

နိုင်ဂျီးရီးယားအသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို ပွဲကစားချိန် ၂၇ မိနစ်မှာ ချူကွေဇီနဲ့ ၈၉ မိနစ်မှာ ထရုစ်အက်ကွန်တို့က သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

တောင်အာဖရိကအသင်းအတွက် ချေပဂိုးတစ်ဂိုးကိုတော့ ဇွန်ဂူးက ပွဲကစားချိန် ၇၁ မိနစ်မှာ သွင်းယူပေးခဲ့တာဖြစ်ပါတယ်။ အခုပွဲစဉ်မှာ အနိုင်ရရှိခဲ့တဲ့ နိုင်ဂျီးရီးယားအသင်းဟာ အာဖရိကနိုင်ငံများ ဖလားပြိုင်ပွဲရဲ့ ဆီမီးဖိုင်နယ်အဆင့်မှာ အိုင်ဗရီကို့စ်အသင်းသို့မဟုတ် အယ်လ်ဂျီးရီးယားအသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပါတယ်။

အခြားသောကွာတားဖိုင်နယ်အဆင့်ပွဲစဉ်တစ်ပွဲဖြစ်တဲ့ ဆီနီဂေါအသင်းနဲ့ ဘီနင်အသင်းတို့ရဲ့ ပွဲစဉ်မှာ ဆီနီဂေါအသင်းက တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့ပြီး ဆီမီးဖိုင်နယ်အဆင့်ကိုတက်လှမ်းနိုင်ခဲ့ပါတယ်။

**ငွေကြယ် - ရေးသားသည်**

# ဝက်စ်ဘရွန်းလူငယ်တိုက်စစ်မှူးဘယ်ရီအား ဘာစီလိုနာအသင်း စာချုပ်ချုပ်ဆိုခေါ်ယူ

စပိန်လာလီဂါကလပ်ဘာစီလိုနာအသင်းဟာ ဝက်စ်ဘရွန်းအသင်းရဲ့လူငယ်တိုက်စစ်မှူး ဘယ်ရီအား သုံးနှစ်သက်တမ်းရှိစာချုပ်တစ်ရပ်ချုပ်ဆိုပြီး ခေါ်ယူလိုက်ပါတယ်။

အသက် ၁၆ နှစ်အရွယ် ဘာမင်ဂန်နွယ်ဖွား ဘယ်ရီဟာ ဝက်စ်ဘရွန်းအသင်းမှာ အကောင်းဆုံးခြေစွမ်းပြကစားနိုင်ခဲ့တာကြောင့် အသင်းတော်တော်များများက ခေါ်ယူဖို့ကမ်းလှမ်းခံခဲ့ရသူလည်းဖြစ်ပါတယ်။

ဝက်စ်ဘရွန်းအသင်းဟာ ဘယ်ရီအား ရောင်းချလိုက်တာကြောင့် စပိန်လာလီဂါချန်ပီယံ ဘာစီလိုနာအသင်းဆီကနေ ပေါင် ၂၃၅၀၀၀ ရရှိမှာဖြစ်တယ်လို့လည်း သိရပါတယ်။ ဘာစီလိုနာအသင်းကတော့ အခုခေါ်ယူလိုက်တဲ့ လူငယ်တိုက်စစ်မှူး ဘယ်ရီကို လာမယ့်ဘောလုံးရာသီတွင် ယူ ၁၉ အသင်းမှာ ကစားခွင့်ပေးမယ်လို့လည်းဆိုပါတယ်။

ဘယ်ရီဟာ ပြီးခဲ့တဲ့ဘောလုံးရာသီက အင်္ဂလန် ယူ - ၁၆ အသင်းနဲ့အတူ ယူအီးအက်ဖ်အေပြိုင်ပွဲမှာ သွင်းဂိုးသုံးဂိုး သွင်းယူနိုင်ခဲ့ပြီး ရွှေဖိနပ်ဆုကို ရယူနိုင်ခဲ့တဲ့ကစားသမားလည်းဖြစ်ပါတယ်။

# လီဗာပူးအသင်း တိုက်စစ်မှူး အိုရီဂီ ငါးနှစ်သက်တမ်းစာချုပ်သစ်တစ်ရပ် ချုပ်ဆို

တိုက်စစ်မှူး အိုရီဂီဟာ လက်ရှိကလပ်လီဗာပူးအသင်းနဲ့ ငါးနှစ်သက်တမ်းရှိစာချုပ်သစ်တစ်ရပ်ထပ်တိုးချုပ်ဆိုလိုက်ပြီဖြစ်ပါတယ်။ အသက် ၂၄ နှစ်အရွယ်ရှိ ဘယ်လ်ဂျီယံကြယ်ပွင့် အိုရီဂီဟာ ၂၀၁၄ ခုနှစ်အတွင်းက လိုင်လီအသင်းကနေ လီဗာပူးအသင်းကို ပြောင်းရွှေ့လာတာဖြစ်ပါတယ်။

တိုက်စစ်မှူး အိုရီဂီဟာ ပြီးခဲ့တဲ့ဘောလုံးရာသီက ချန်ပီယံလိဂ်ဆီမီးဖိုင်နယ်အဆင့် ပွဲစဉ်မှာ ဘာစီလိုနာအသင်းကို လေးဂိုးပြတ်အနိုင်ရရှိခဲ့ချိန်က လီဗာပူးအသင်းအတွက် သွင်းဂိုးနှစ်ဂိုးအထိ သွင်းယူနိုင်ခဲ့သလို ချန်ပီယံလိဂ်နောက်ဆုံးဗိုလ်လုပွဲမှာလည်း စပါးအသင်းကို နှစ်ဂိုးပြတ်အနိုင်ရရှိခဲ့ရာမှာ အိုရီဂီက တစ်ဂိုးသွင်းယူပေးနိုင်ခဲ့တာဖြစ်ပါတယ်။

တိုက်စစ်မှူး အိုရီဂီဟာ လီဗာပူးအသင်းနဲ့အတူ ဘောလုံးရာသီနှစ်ရာသီကြာဖြတ်သန်းခဲ့ရာမှာ ပြိုင်ပွဲအရပ်ရပ်တွင် သွင်းဂိုး ၂၁ ဂိုးအထိသွင်းယူပေးနိုင်ခဲ့တာဖြစ်ပါတယ်။ ၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ဘယ်လ်ဂျီယံအသင်းနဲ့အတူ ခြေစွမ်းပြခဲ့တာကြောင့် လီဗာပူးအသင်းက ပေါင် ၁၀ သန်းနဲ့ ခေါ်ယူခဲ့ပြီး ၂၀၁၄-၂၀၁၅ ဘောလုံးရာသီမှာ လိုင်လီအသင်းထံ အငှားနဲ့ ပြန်လည်ကစားစေခဲ့တာဖြစ်ပါတယ်။

## အနုပညာ

# Super Junior မှ ကန်ဂျင်နုတ်ထွက်

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသား တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ “Super Junior” ရဲ့အဖွဲ့ဝင်တစ်ဦးဖြစ်သူ ကန်ဂျင်ဟာ လတ်တလောမှာတော့ အဖွဲ့ကနေ နုတ်ထွက်လိုက်ပြီဖြစ်ကြောင်း တရားဝင်ထုတ်ဖော်အသိပေးလာတာဖြစ်ပါတယ်။ ယခင်က ကြိုတင်ပြောကြားခဲ့ခြင်းမရှိဘဲ ရုတ်တရက် အဖွဲ့ကနေ နုတ်ထွက်လိုက်ပြီဖြစ်ကြောင်း ကြေညာခဲ့တဲ့အပေါ် ပရိသတ်တွေအနေနဲ့ အံ့အားသင့်ခဲ့ရကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ကန်ဂျင်ဟာ “ Super Junior ” နဲ့ ဂီတခရီးအစကတည်းက လက်တွဲလာခဲ့သူဖြစ်ပါတယ်။ ၂၀၀၅ ခုနှစ်ကစတင်ပြီး အဖွဲ့ဝင်တစ်ဦးအဖြစ် လှုပ်ရှားလာခဲ့တဲ့ ကန်ဂျင်ဟာ ဂီတသက်တမ်း ၁၄ နှစ်ခန့်မှာတော့ အဖွဲ့နဲ့ လမ်းခွဲလိုက်တာလည်း ဖြစ်ပါတယ်။ ဒီလိုအဖွဲ့ကနေ နုတ်ထွက်လိုက်ကြောင်းကို ကန်ဂျင်က သူ့ရဲ့အင်စတာဂရမ်စာမျက်နှာပေါ်မှာ ရေးသားဖော်ပြခဲ့တာဖြစ်တယ်လို့ သိရပါတယ်။

ကန်ဂျင်က သူ့အနေနဲ့ နောက်ကျမှဆုံးဖြတ်ချက်ချနိုင်ခဲ့ပေမယ့် နောက်ဆုံးမှာတော့ အဖွဲ့ကနေ နုတ်ထွက်ဖို့ရာ ဆုံးဖြတ်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ သူ့ကို အားပေးလာခဲ့တဲ့ ပရိသတ်တွေကို ကျေးဇူးတင်ကြောင်းနဲ့ အဖွဲ့က နုတ်ထွက်မယ့်အကြောင်း ပြောကြားရတဲ့အတွက် စိတ်မကောင်းဖြစ်မိကြောင်းထည့်သွင်းရေးသားဖော်ပြခဲ့တာကိုလည်း တွေ့ရပါတယ်။

ကန်ဂျင်ဟာ “ Super Junior ” မှာ ပြဿနာတွေဖြစ်လေ့ရှိတဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်ပါတယ်။ သူဟာ ၂၀၀၉ ခုနှစ်အတွင်း စော်ကားမှုတစ်ခုပြုခဲ့ကြောင်း စွပ်စွဲခံခဲ့ရပါတယ်။ အဲဒီနှစ်အတွင်းမှာပင် အရက်သောက်ကာ ယာဉ်မောင်းခဲ့ပြီး ယာဉ်တိုက်ပြေးမှုဖြစ်ခဲ့ပါတယ်။ ဒါ့အပြင် အလားတူ ဖြစ်ရပ်မျိုး ၂၀၁၆ ခုနှစ်အတွင်းမှာလည်း ဖြစ်ခဲ့တာကြောင့် နောက်ပိုင်းမှာတော့ အနုပညာလှုပ်ရှားမှုတွေ နည်းပါးလာခဲ့တာကိုလည်း တွေ့ရပါတယ်။

“ Super Junior ” ရဲ့ဖျော်ဖြေရေးအေဂျင်စီကတော့ လက်ရှိအချိန်အထိ ကန်ဂျင်နုတ်ထွက်တဲ့သတင်းနဲ့ပတ်သက်ပြီး တစ်စုံတစ်ရာ ထုတ်ဖော် ပြောကြားလာခြင်း မရှိသေးဘူးလို့လည်း သိရပါတယ်။

# ချစ်သူတွေအဖြစ် လက်တွဲလိုက်ပြီဖြစ်တဲ့ အန်ဒရူးဂါးဖီးဒ်နဲ့ ခရစ်စတင်းဂါဘယ်လ်



နောက်ထပ် ဟောလိဝုဒ်စုံတွဲတစ်တွဲ ထပ်မံပေါ်ပေါက်လာခဲ့ပါပြီ။ ဟောလိဝုဒ်ရဲ့ ကျော်ကြားတဲ့ မင်းသားတစ်ဦးဖြစ်သူ အန်ဒရူးဂါးဖီးဒ်ဟာ လတ်တလောမှာတော့ မော်ဒယ်လ်တစ်ဦးဖြစ်သူ ခရစ်စတင်းဂါဘယ်လ်နဲ့ အတူတွဲကာ တွေ့ခဲ့ရပါတယ်။ သူတို့နှစ်ဦးဟာ ချစ်သူတွေဖြစ်နေကြောင်း ယူအက်စ်မဂ္ဂဇင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အသက် ၃၅ နှစ်အရွယ်ရှိပြီဖြစ်တဲ့ အန်ဒရူးဂါးဖီးဒ်ရဲ့ ချစ်သူ ခရစ္စတင်းဂါဘယ်လ်ဟာ အသက် ၂၅ နှစ်အရွယ်သာ ရှိသေးတာဖြစ်ပြီး သူဟာ မော်ဒယ်လ်တစ်ဦးဖြစ်တဲ့အပြင် ဆေးကျောင်းသူတစ်ဦးလည်း ဖြစ်ပါတယ်။ သူတို့နှစ်ဦးကို ဇူလိုင် ၉ ရက်က လော့စ်အန်ဂျလိရဲ့ လမ်းတွေပေါ်မှာ အတူအလည်အပတ်ထွက်ခဲ့တာကိုလည်း တွေ့ရပါတယ်။


